မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၃)
အမှတ် (၃၂၉)

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်

၂၀၁၄ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ စနေနေ့။

ဝီရိယနှင့် ဆန္ဒအကျိုး

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလငြိ၊ ၃၊ ၁၆၉။)

မြန်မာ့ဘောလုံးသမိုင်းတွင် မှတ်တမ်းတစ်ခုထင်ကျန်နေမည့် အောင်မြင်မှုကို ပြသနိုင်ခဲ့

နေပြည်တော် ဩဂုတ် ၂၉

၂၀၁၄ ခုနှစ် ဘရူနိုင်းဘုရင့်ဖလားဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးရရှိခဲ့သည့် အောင်ပွဲရ မြန်မာ့လက်ရွေးစင်အသက် ၁၉ နှစ်အောက် ဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။

ယခုအောင်ပွဲသည် မြန်မာ့ဘောလုံးသမိုင်းတွင် မှတ်တိုင်တစ်ခုအဖြစ် ထင်ကျန်ရှိနေမည်ဖြစ်ပြီး အောင်မြင်မှုနှင့်အတူ မြန်မာလူငယ်အသင်း၏ အသင်းအဖွဲ့ စိတ်ဓာတ်၊ စည်းလုံးမှုစိတ်ဓာတ်နှင့် အားကစားစိတ်ဓာတ်ကို အမြင့်ဆုံးပြသနိုင်ခဲ့သည်။ ဘရူနိုင်းဘုရင့်ဖလားဘောလုံးပြိုင်ပွဲသမိုင်းတွင် မြန်မာနိုင်ငံက ဒုတိယဆုကို နှစ်ကြိမ်ရရှိခဲ့ပြီး ယခုအကြိမ်တွင် အမြင့်ဆုံးဆုဖလားအပြင် အသန့်ရှင်းဆုံးဆုကိုပါ ပူးတွဲရရှိခဲ့သည်။

ဂုဏ်ပြုပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အဖွဲ့ဝင်များ၊ နည်းပြနှင့် အသင်းအုပ်ချုပ်သူများ၊ အောင်ပွဲရမြန်မာ့လက်ရွေးစင် အသက် ၁၉ နှစ်အောက် ဘောလုံးအသင်းမှ အားကစားသမားများ၊ အနုပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အားကစားကဏ္ဍတိုးတက်လာခြင်းသည် နိုင်ငံတော်နှင့်ပြည်သူလူထု၏ လူမှုရေးအခန်းကဏ္ဍကို မြှင့်တင်ရာရောက်သကဲ့သို့ နိုင်ငံနှင့်လူမျိုး၏ အရည်အသွေးကိုလည်း နိုင်ငံတကာအလယ်တွင် ထိုးဖောက်ဝင်ရောက်ပြသနိုင်သည့် တစ်ခုတည်းသော အခွင့်အလမ်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာကို

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အောင်ပွဲရမြန်မာ့လက်ရွေးစင် အသက် ၁၉ နှစ်အောက် ဘောလုံးအသင်းမှ အားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယနေ့ » မာတိကာ

e-နိုင်ငံသားစိစစ်ရေးကတ်များ နိုင်ငံဂျီးရီးယား၌ ထုတ်ပေးရန်စတင် — စာ » ၄

စာကြည့်တိုက်များဖြစ်ဖွားခံရာ အမျိုးသားစာကြည့်တိုက် — ဆောင်းပါး — စာ » ၆

ရှမ်းရိုးရာကွမ်းတောင်ပန်းတောင်များနှင့် ချစ်စရာဓလေ့ — စာ » ၁၆

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြို့တွင်းကားလမ်းပိတ်ဆို့မှုကို ကာကွယ်နိုင်မည့် လားရှိုးမြို့ရှောင်လမ်းမကြီး ပြီးစီးတော့မည်

လားရှိုးမြို့ရှောင်ကားလမ်း ဖောက်လုပ်ပြီးစီးနေမှုကို ဩဂုတ် ၂၈ ရက်က ဤသို့တွေ့ရစဉ်။

သတင်းနှင့်ဓာတ်ပုံ
ခရမ်းစိုးမြင့်

လားရှိုး ဩဂုတ် ၂၉

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ဒုတိယပတ် လားရှိုးခရီးစဉ်အတွင်းက မန္တလေး-ပြင်ဦးလွင်-နောင်ချို-ကျောက်မဲ-သီပေါ-လားရှိုး-သိန္နီ - ကွတ်ခိုင် - မူဆယ် - နမ့်ခမ်း အဝေးပြေး ကားလမ်းမကြီးပေါ်ရှိ ရှမ်းပြည်နယ် (မြောက်ပိုင်း)မြို့တော် လားရှိုးမြို့ကို ရှောင်ကွင်းမောင်းနှင်နိုင်မည့် မြို့ရှောင် လမ်းအမြန်ဖောက်လုပ်ရန် ညွှန်ကြားချက်အရ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းထံမှ BOT ယူ လွှဲပြောင်းလက်ခံဆောင်ရွက်နေသော အေးရှားဝေါလ်လမ်း ဖောက်လုပ်ရေးကုမ္ပဏီသည် ရှမ်းပြည်နယ်

စာမျက်နှာ ၇ ကော်လံ ၁ ❁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြန်မာနိုင်ငံနှင့် နေစွမ်းအင်အလားအလာ

ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချရန်သော်လည်းကောင်း၊ ရုပ်ကြွင်းလောင်စာများ လျော့ပါးလာမှုကို ကာကွယ်တားဆီးရန်သော်လည်းကောင်း ကမ္ဘာ့နိုင်ငံအများစုက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် နေစွမ်းအင်၊ ရေစွမ်းအင်နှင့် လေစွမ်းအင်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်သုံးစွဲရန် ကြိုးပမ်းလာကြသည်။ ဤသို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကိုထုတ်ယူရန် ကြိုးပမ်းနေသည့်နိုင်ငံများတွင် ကျွန်ုပ်တို့နိုင်ငံသည်လည်း အပါအဝင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လောပိတရေအားလျှပ်စစ်စီမံကိန်း ထူထောင်စဉ်ကပင် ရေအားလျှပ်စစ်ကို အားပြုအသုံးပြုခဲ့ရပေသည်။ သို့ရာတွင် နွေရာသီရေနည်းပါးလာသည့်အခါ ဓာတ်အားထုတ်လုပ်မှုလျော့ကျခြင်းကို ကာကွယ်ရန် သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးစွမ်းအင်တို့ကိုလည်း ထုတ်ယူသုံးစွဲလျက်ရှိပါသည်။ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးစွမ်းအင်တို့သည် ရုပ်ကြွင်းလောင်စာစွမ်းအင်များဖြစ်၍ ကုန်ကျစရိတ်ကြီးမားသည်။ ထိုအခက်အခဲ အကျပ်အတည်းကို ကျော်လွှားနိုင်ရန် နေစွမ်းအင်ထုတ်ယူသုံးစွဲရေး စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်တော့မည်ဖြစ်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမေရိကန်နိုင်ငံအခြေစိုက် **ACO Investment Group LLC and Convalt Energy LLC** တို့အကြား မန္တလေးတိုင်းဒေသကြီးအတွင်း ၃၀၀ မဂ္ဂါဝပ်ရှိ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်လည်ပတ်မောင်းနှင်ရေးနှင့် လွှဲပြောင်းပေးအပ်ရေးဆိုင်ရာ သဘောတူညီချက် **(MOA)** လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ဩဂုတ် ၂၈ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပခဲ့ပါသည်။ ဤသဘောတူညီချက်အရ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နဘူးအိုင်နှင့် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်တို့၌ မဂ္ဂါဝပ် ၁၅၀ စီထုတ်လုပ်နိုင်သော နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများတည်ဆောက်ကာ နှစ်စဉ်စက်ရုံနှစ်ခုမှ စုစုပေါင်း မဂ္ဂါဝပ် ၃၀၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပါသည်။

ဤနေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်ပေးနိုင်မှုကြောင့် နွေရာသီရေအားလျော့နည်းချိန် နေစွမ်းအင်ဖြင့် မြန်မာနိုင်ငံဓာတ်အားထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အမေရိကန်ဒေါ်လာ ခန့်မှန်းခြေသန်း ၄၈၀ ကုန်ကျနိုင်သည့် ယင်းစီမံကိန်းနှင့်အတူ ဒေသခံအလုပ်အကိုင်၊ အခွင့်အလမ်း ၅၀၀ ဖန်တီးပေးနိုင်မည့်အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အတွက် သင်တန်းများပေးမည်ဖြစ်၍ နည်းပညာလွှဲပြောင်းပေးမှုကိုလည်း ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့မှတစ်ဆင့် မြန်မာနိုင်ငံတွင် နေရောင်ခြည်စွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့်ထုတ်ယူသုံးစွဲနိုင်သော နည်းပညာရှင်များ တိုးပွားလာမည်ဖြစ်ပါသည်။ ထိုစီမံကိန်းသည် အမေရိကန်နိုင်ငံ၏ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အဓိကအစိတ်အပိုင်းလည်းဖြစ်ပေလိမ့်မည်။

ခေတ်မီနိုင်ငံတည်ဆောက်ရာတွင် စွမ်းအင်လုံလောက်စွာ သုံးစွဲနိုင်ရန်လိုအပ်ပါသည်။ ယခုကဲ့သို့ နေစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ဖြည့်ဆည်းပေးလိုက်ခြင်းကြောင့် စက်ရုံအလုပ်ရုံများ စွမ်းအားပြည့်လည်ပတ်ကာ ကုန်ထုတ်စွမ်းအားလည်း မြင့်မားတိုးတက်လာမည် ဖြစ်ပါသည်။ သို့ပါ၍ ကျွန်ုပ်တို့နိုင်ငံတွင် နေစွမ်းအင်ထုတ်လုပ်ရေး ရှေ့အလားအလာကို မျှော်မှန်းပြီး ဝိုင်းဝန်းကြိုးစားအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြုပြင်ထိန်းသိမ်းမှု မရှိခဲ့ခြင်းကြောင့် တိမ်ကောပြီး ကွယ်ပျောက်လုနီးပါး ဖြစ်နေသည့် ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် အဖွဲ့သည် ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ယာယီရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က မြစ်ကြောင်းတူးဖော်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စက်ယန္တရားကြီးများ ဆက်တိုက်ရောက်ရှိနေမှုများကို ရှင်း လင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။ ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တွံတေးမြို့နယ် ကသပေါင်းကျေးရွာ ဘုန်းတော်ကြီး ကျောင်းသို့ရောက်ရှိပြီး ပန်းလှိုင်မြစ်ကြောင်းတစ်လျှောက် ပြန်လည်တူးဖော်ရာတွင် ကျေးရွာလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် ဒေသ၏အကျိုးဖြစ်ထွန်းမှုအလားအလာများကို ဆရာတော်သံဃာတော်များအား လျှောက်ထားသည်။ ကသပေါင်းကျေးရွာ အလယ်တန်းကျောင်းသို့လည်း သွားရောက်ပြီး ကျောင်းအုပ်ဆရာမကြီး၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် လှိုင်မြို့နယ် သီရိမင်္ဂလာဈေးသစ်ကြီးသို့ ရောက်ရှိပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းချနေသော ဒူးရင်း၊ သံပရာသီး၊ ပြောင်းဖူး၊ ဖရဲသီး၊ သရက်၊ သခွားမွှေး၊ ကျွဲကောသီး၊ နဂါးမောက်၊ လိမ္မော်၊ ဂရိတ်ဖရု၊ ပန်းသီးဆိုင်များကို တစ်ဆိုင်ချင်း ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးပြီး ဈေးစည်ပင်သာယာ အဆောက်အအုံ၌ ဈေးသူ ဈေးသားများ၊ သီရိမင်္ဂလာဈေး စည်ပင်သာယာရေးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများကို တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဟင်းသီးဟင်းရွက် သစ်သီးဝလံများ စားသုံးသူလက်ဝယ်သို့ သန့်ရှင်းလတ်ဆတ်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေး အပါအဝင် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် နိုင်ငံတကာအဆင့်မီ လက်ကားဈေးကွက်ကြီး ထူထောင်အကောင်အထည်ဖော်ရန် ကိစ္စများကို ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့သစ်အနီး Good Brother ကုမ္ပဏီလီမိတက်၏ လယ်ယာသုံး စက်ကိရိယာများ ထုတ်လုပ်သော စက်ရုံသို့ ရောက်ရှိပြီး တောင်သူလယ်သမားများ အသုံးပြုမှုများသော လက်တွန်းထွန်စက် အစီး ၁၀၀၀ ထုတ်လုပ်ဖြန့်ဖြူးရန် စက်အစိတ်အပိုင်းများ ထုတ်လုပ်နေသည့် လုပ်ငန်းခွင်နှင့် မြင်းကောင်ရေ ၂၅ ကောင်အားရှိ အင်ဂျင်များ တစ်နှစ်လျှင် အစီးရေ ၃၀၀၀ ထုတ်လုပ်ရန် အင်ဂျင်စက်အစိတ်အပိုင်းများရောက်ရှိနေမှုတို့ကိုကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထင်သာမြင်သာ ပြုပြင်စရာ

စလင်းမြို့နယ် အားကစားကွင်း ဘက်စုံပြုပြင်ပေးရန် လိုအပ်နေ

မကွေးတိုင်းဒေသကြီး စလင်းမြို့သည် ကျေးရွာအုပ်စု ၁၀၈ အုပ်စု၊ ကျေးရွာပေါင်း ၄၂၀ ရှိပြီး လူဦးရေမှာ ၂၆၀၀၀၀ ခန့်ရှိသည်။ မြို့အဝင် စလင်း-မင်းဘူး ကားလမ်းမ၏ အနောက်ဘက် ကပ်လျက်တွင် မြို့နယ် အားကစားကွင်းရှိသည်။

အားကစားကွင်း၏ အရှေ့မျက်နှာစာတွင် အားကစားဝန်ကြီးဌာန မြို့နယ်အားကစားကွင်း စလင်းမြို့ဟု ရေးသားထားသော အစိမ်းရောင်ဆိုင်းဘုတ်ငယ်တစ်ခုကို သစ်သားတိုင်အသေးနှစ်ချောင်းဖြင့် စိုက်ထူထားသည်။ အားကစားကွင်းအဝင် ရေမြောင်းကို ထန်းသားဖြင့်ပေါင်းကူးတံတားကို ဖြစ်သလိုခင်းထားသည်။ အားကစားကွင်းကို အုတ်တံတိုင်းဖြင့်ကာရံထားသော်လည်း အားလုံးနီးပါး ပြိုကျပျက်စီးနေပြီး အဝင်ဝတွင် တံခါးတိုင် တစ်တိုင်သာရှိပါတော့သည်။ ပြုပြင်မည့်သူမရှိဘဲ မျက်နှာစာမှအစ သစ်ပင်ချုံနွယ်များ ဝိုင်းအုပ်နေသည်။ မည်သည့် အားကစားပွဲများမှ လည်း မကျင်းပနိုင်သည်မှာကြာပြီဖြစ်သည်။ အားကစားကွင်း၏ မတင့်တယ်သော ရုပ်အဆင်းနှင့် အားကစားကွင်း၏သဏ္ဌာန်များ မရှိတော့၍ မည်သည့် အားကစားသမားမှ လာရောက်ကစားခြင်း မရှိဖြစ်နေသည်။ ယခင်က စလင်းမြို့နယ်သည် ကောင်းမွန်သော ကစားကွင်းများရှိ၍ ကောင်းမွန်သော အားကစား အကျော်အမော်များ ထွက်ရှိခဲ့သည်။ အားကစားသမားကောင်းများပေါ်ထွက်လာရေးနှင့် ကျန်းမာကြံ့ခိုင်သော လူမျိုးများဖြစ်ရန်အတွက် အမြင်တင့်တယ်၍ ကစားကွင်း ပုံသဏ္ဌာန်ရှိသော အားကစားကွင်း ပေါ်ထွက်လာရန် လိုအပ်နေသည်။ ဒေသခံပြည်သူများမှ အဆိုပါပျက်စီးနေသော အားကစားကွင်းကို သန့်ရှင်းသပ်ရပ်သော အားကစားကွင်းဖြစ်ပေါ်ရေး လိုလားလျက်ရှိကြောင်း သိရသည်။

စစ်ကြည်(စလင်း)





ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)ပဲခူးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့) ပဲခူးမြို့တွင် ပေ(၄၀×၂၈×၁၀) ပျဉ်ထောင်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာလေးလုံးဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၉-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၅-၉-၂၀၁၄ ရက်
တင်ဒါတင်သွင်းမည့်နေရာ - ဒုတိယအထွေထွေမန်နေဂျာရုံး
မြန်မာ့သစ်လုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ပဲခူးမြို့

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၂-၂၁၂၈၄၊ ၀၅၂-၂၀၀၂၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
ပဲခူးတိုင်းဒေသကြီး(အရှေ့)

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၉

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းအား အမေရိကန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (USAID)၏ဒီမိုကရေစီ၊ ပဋိပက္ခနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဗျူရို(DCHA)မှ လက်ထောက်အုပ်ချုပ်ရေးမှူး မစ္စနန်စီအဲလီစဘက်လင်းဘက်(ဂ်)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ အဓိကလုပ်ငန်းစဉ်ကြီး နှစ်ရပ်ဖြစ်သည့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီခြောက်ခုဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု တိုးတက်ဖြစ်ထွန်းလာသည့် အခြေအနေများ၊ အခြေခံအဆောက်အအုံဖြည့်ဆည်းဆောင်ရွက်ပေးနေမှုနှင့် ထပ်မံလိုအပ်ချက်အခြေအနေများ၊ တွေ့ကြုံရသည့်စိန်ခေါ်မှုများ၊ ရခိုင်ပြည်နယ်အတွင်း ကဏ္ဍပေါင်းစုံတွင် ကူညီဆောင်ရွက်ပေးနေသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏လုပ်ငန်းဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး Action Plan နှင့် လုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ နှစ်ဦးနှစ်ဖက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပကတိအခြေအနေမှန်သတင်းများ ထုတ်ပြန်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၉

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် အသစ်ဖြစ်သူ မစ္စတာ ဂျိုစပေဒေဗင်းချန်တစ်(စ်)သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဩဂုတ် ၂၈ ရက် နံနက် ၁၁ နာရီက ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံကာ **(ယာပုံ)**၎င်း၏ ခန့်အပ်လွှာကို ပြည်ထောင်စုဝန်ကြီးထံသို့ ပေးအပ်ခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့အကြား ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ပကတိအခြေအနေမှန်သတင်းများကိုသာ ထုတ်ပြန်သွားရေး စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ရောဝတီမြစ်ကူး စစ်ကိုင်းတံတား(အင်းဝ)ရေလမ်းကြောင်းပြောင်းလဲမည်

နေပြည်တော် ဩဂုတ် ၂၉

ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတား (အင်းဝ)ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁)နှင့်(၂) အကြားမှ ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂)နှင့်(၃)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁)နှင့်(၂)အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည် ဖြစ်ပါသည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၅၀ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၃၆ ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင်နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍၊ ညအခါ မီးစိမ်းထွန်းပြသထားပါမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားပါမည်။

ရေယာဉ်များအနေဖြင့် ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်ဖြစ်သည်။ အစုန်ရေယာဉ်ကို ဦးစားပေးရန်နှင့် ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

အကြံပြုချက်များပေးပို့နိုင်

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအတွက် ကျန်းမာရေးအသုံးစရိတ်ဘဏ္ဍာငွေများကို တိုးမြှင့်သုံးစွဲလျက်ရှိပြီး ပြည်သူ့ကျန်းမာရေးမြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေသော ပြည်သူ့ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် အကြံဉာဏ်များပေးလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်ပေးပို့နိုင်ပါသည်-

ဦးစိန်ဝင်း၊ ရုံးအဖွဲ့မှူး
ရုံးအမှတ်(၄) ကျန်းမာရေးဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း ၀၆၇-၄၁၁၁၅၉
၀၉-၈၆၀၁၁၅၁

ကျန်းမာရေးဝန်ကြီးဌာန

ပြည်တွင်းသတင်း

ကာလာမသုတ် အနှစ်ထုတ်

ကေသမုတ္တိနိဂုံးရွာရှိ ကာလာမအနွယ်အမျိုးသားတို့သည် အယူဝါဒအမျိုးမျိုးရှိကြကုန်၏။ အယူအဆအမျိုးမျိုးရှိသူတို့သည်လည်း ကေသမုတ္တိနိဂုံးရွာသို့လာရောက်၍ မိမိတို့၏မတူညီသော အယူဝါဒများကို ပြောဟောကြကုန်၏။ ကာလာမမျိုးနွယ်တို့အဖို့ အယူဝါဒမျိုးစုံအကြားတွင် **"ဘယ်ဝါဒမှန်သည် ကောင်းသည်"** ဟု ဝေခွဲမရနိုင်အောင်ရှိလေ၏။

ကေသမုတ္တိနိဂုံးရွာကြီးသို့ ဗုဒ္ဓဘုရားရှင်ကြွရောက်တော်မူလာရာ အမျိုးမျိုးသော ဝါဒရှိသူတို့က မိမိသန်ရာ အယူဝါဒများကို အသီးသီး ဆွေးနွေးလျှောက်ထားကြသဖြင့် ဘုရားရှင်က ကာလာမသုတ်ကိုအနှစ်ထုတ်၍ ဟောကြားတော်မူခဲ့ပါသည်။ (ကာလာမမျိုးနွယ်များကို ဟောကြားသဖြင့် ကာလာမသုတ်ဟုအမည်တွင်သလို ကေသမုတ္တိနိဂုံးရွာကြီး၌ ဟောကြားသောသုတ်ဖြစ်သဖြင့် ကေသမုတ္တိသုတ်ဟုလည်း ခေါ်တွင်ပါသည်)။

ကာလာမနွယ်ဖွားအမျိုးသားတို့၊ သင်တို့သည် အယူဝါဒတစ်ခုတွေ့ရှိပြီဆိုလျှင်-

၁။ တစ်ဆင့်စကား၊ ကောလာဟလ ကြားသိကာမျှဖြင့်လည်း အမှန်ဟု မယူကြလင့်၊
၂။ မိရိုးဖလာ အစဉ်အဆက်စကားမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၃။ ဤသို့ဖြစ်ဖူးသတတ်ဟူသော ဒဏ္ဍာရီစကားမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၄။ ကျမ်းဂန်အထောက်အထားနှင့် ညီညွတ်ပေသည်ဟုလည်း အမှန်ဟု မယူကြလင့်၊
၅။ မိမိကြံစည်တွေးဆရုံမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၆။ နည်းမှီကြံဆနိုင်ရုံမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၇။ အခြင်းအရာကြောင်းကျိုးဆီလျော်ရုံမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၈။ အယူဝါဒချင်း ထပ်တူညီရုံမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၉။ မှတ်ယူထိုက်သည်ဟု နှစ်ခြိုက်ရုံမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၁၀။ ဆရာ့ဩဝါဒဆရာ့စကားဟု ဆရာစွဲဖြင့်လည်း အမှန်ဟုမယူကြလင့်။

ကာလာမနွယ်ဖွား အမျိုးသားတို့ **"ဤတရားတို့ကား အကုသိုလ်တရားတို့ဖြစ်၏။ အပြစ်ရှိသောတရားတို့ဖြစ်၏။ ပညာရှိတို့ကဲ့ရဲ့အပ်၏။ ဤတရားတို့ကိုဆောက်တည်ခြင်းအားဖြင့် အစီးအပွားမဲ့၍ဆင်းရဲခြင်းငှာဖြစ်၏"** ဟု မိမိတို့ကိုယ်တိုင်သိရှိပြီး ပယ်စွန့်ကြကုန်ရာ၏။

ကာလာမနွယ်ဖွား အမျိုးသားတို့ **"ဤတရားတို့ကား ကုသိုလ်တရားတို့ဖြစ်၏။ အပြစ်မရှိကုန်။ ပညာရှိတို့ချီးမွမ်းအပ်၏။ ဤတရားတို့ကိုဆောက်တည်ခြင်းအားဖြင့် အစီးအပွားဖြစ်ထွန်း၍ ချမ်းသာခြင်းငှာဖြစ်၏"** ဟု မိမိတို့ကိုယ်တိုင်သိရှိပြီး ပြည့်စုံစေ၍နေကြကုန်ရာ၏။

အင်္ဂုတ္တိုရ်ပါဠိ(ပဌမတွဲ)တိကနိပါတ်
မဟာဝဂ်၊ ကေသမုတ္တိသုတ်

တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ရက်သတ္တတစ်ပတ်သာကျန်

ရန်ကုန် ဩဂုတ် ၂၉

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သထုံလမ်းရှိ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)၌ ၂၀၁၄ ခုနှစ် ဩဂုတ် ၁၅ ရက် သောကြာနေ့မှစ၍ (စနေ၊တနင်္ဂနွေ)ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) လက်ခံဆောင်ရွက်ပေးခဲ့သည်မှာ ယနေ့ထိရက်ပေါင်း ၁၅ ရက်(ရက်သတ္တနှစ်ပတ်)ရှိပြီဖြစ်သည်။

တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို စက်တင်ဘာ ၅ ရက်(သောကြာနေ့) နောက်ဆုံးထားလက်ခံဆောင်ရွက်ပေးမည်ဖြစ်ရာ လက်ခံရန်အချိန်အားဖြင့် ၇ ရက် (ရက်သတ္တတစ်ပတ်)သာ ကျန်ရှိတော့ကြောင်းနှင့် ကျန်ကျောင်းသားကျောင်းသူများအနေဖြင့် သတ်မှတ်ရက်အတွင်း အချိန်မီလျှောက်ထားကြရန် လိုကြောင်း သိရသည်။ **ကိုချစ်**

မိုးလေဝသ

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

(၁၂)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ ဝန်ကြီးအဆင့်အစည်းအဝေး (ASCC) ပုဂံမြို့၌ ကျင်းပမည် သတင်းရယူမည့် မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၂၉

(၁၂)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးအဆင့်အစည်းအဝေး (12th ASEAN Socio-Cultural Community (ASCC) Council Meeting)ကို စက်တင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

သတင်း တက်ရောက်ရယူလိုသည့် ပြည်တွင်းပြည်ပသတင်းထောက်များအနေဖြင့် www. asean 2014. gov.mm မှ Home Page တွင်ရှိသည့် Upcoming Events ၌ 12th ASEAN Socio-Cultural Community (ASCC) Council Meeting ကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး Go ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို စက်တင်ဘာ ၂၀ ရက် နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်ထွက်ခွင့်ကတ်များကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည် ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၈၃၈၄ သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြား သတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ဖုန်း-၀၆၇-၄၁၂၁၂၆ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

e-နိုင်ငံသားစိစစ်ရေးကတ်များ နိုင်ဂျီးရီးယား၌ ထုတ်ပေးရန်စတင်

နိုင်ဂျီးရီးယား ဩဂုတ် ၂၉

နိုင်ဂျီးရီးယားသမ္မတသည် e-နိုင်ငံသားစိစစ်ရေးကတ်များကို ၂၀၁၉ မတိုင်မီ မဲပေးချင်သော နိုင်ငံသားအားလုံးပြုလုပ်ထားရမည့် စနစ်တစ်ခုကို စတင်လိုက်သည်။

နိုင်ဂျီးရီးယားသမ္မတ ဂွဒ်တ်လပ်ခ် ဂျွန်နသန်သည် e- ငွေပေးချေစနစ်များကို အသုံးပြုနိုင်သော ပထမဆုံးပုံရိပ်ဖတ် သက်သေခံကတ်များကို လက်ခံခဲ့သည်။ မာစတာကတ်များသည် ကြိုတင်ငွေပေးသွင်းစနစ်ကို အထောက်အကူပြုကာ ယင်းကဘဏ်စာရင်းမရှိသော နိုင်ဂျီးရီးယားလူမျိုးများကို ဘဏ္ဍာရေးဝန်ဆောင်မှုများကို ယခုအခါရရှိစေလိမ့်မည်ဖြစ်သည်။

လွန်ခဲ့သော ၁၀နှစ်က နိုင်ဂျီးရီးယားနိုင်ငံတွင် နိုင်ငံသားသက်သေခံကတ်များကို အသုံးပြုရန်ကြိုးစားမှုပြုလုပ်ခဲ့ခြင်းမှာလည်း မအောင်မြင်ခဲ့ပေ။ ကျွမ်းကျင်သူများက ၎င်းကျဆုံးမှုသည် အကျင့်ပျက်ခြစားမှုနှင့် သက်ဆိုင်ကြောင်း ပြစ်တင်ဝေဖန်ခဲ့ပြီး ယခုအခါ e- နိုင်ငံသားစိစစ်ရေးကတ်များအသစ်ပြုလုပ်သော စီမံကိန်းတွင်လည်း ယင်းကဲ့သို့ဖြစ်စဉ်များ မပေါ်ပေါက်ရန်ပြုလုပ်သင့်သည်ဟု ပြောခဲ့သည်။

(ဘီဘီစီ)

အစိုးရသစ်ဖွဲ့စည်းရန် လမ်းခင်းပေးသည့်အနေဖြင့် လစ်ဗျားကြားဖြတ်အစိုးရ ရာထူးမှနုတ်ထွက်

ထရီပိုလီ ဩဂုတ် ၂၉

ဝန်ကြီးချုပ် အဗ္ဗဒူလာအယ်လ်တာနီ ဦးဆောင်သော လစ်ဗျားကြားဖြတ်အစိုးရသည် ဇွန်လက ပါလီမန်ရွေးကောက်ပွဲကျင်းပပြီးနောက် အစိုးရသစ်ဖွဲ့စည်းရန် လမ်းခင်းပေးသည့်အနေဖြင့် နုတ်ထွက်သွားသည်။

လစ်ဗျားဖွဲ့စည်းပုံအခြေခံဥပဒေအရ လစ်ဗျားပြည်သူအားလုံးကို ကိုယ်စားပြုသည့် အစိုးရဖွဲ့စည်းရန် အောက်လွှတ်တော်ကိုယ်စားလှယ်များကို ခွင့်ပြုပေးရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်တာနီ၏ အစိုးရအဖွဲ့ကကြာသပတေးနေ့တွင် ကြေညာချက် ထုတ်ပြန်ထားသည်။ တာနီသည် ၂၀၁၁ ခုနှစ်မတ်လမှစပြီး ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

လစ်ဗျားပြည်သူများကို ကိုယ်စားပြုသော အစိုးရသစ်အနေဖြင့် နိုင်ငံအတွင်း လုံခြုံရေးပြန်လည်ထူထောင်ရေးနှင့် တရားဥပဒေစိုးမိုးအောင် ဆောင်ရွက်သင့်ကြောင်း ရာထူးမှနုတ်ထွက်သွားသော ကြားဖြတ်အစိုးရက မျှော်လင့်ထားသည်။

လစ်ဗျားအထွေထွေအမျိုးသားကွန်ဂရက်(ဂျီအင်န်စီ)ကို ဇွန်လကရွေးကောက် တင်မြှောက်ခဲ့သည့် ပါလီမန်က တရားဝင်အစားထိုးပြီးသုံးရက်အကြာ အဆိုပါအစိုးရအဖွဲ့ နုတ်ထွက်ပေးခဲ့ခြင်းဖြစ်သည်။

ဗုဒ္ဓဟူးနေ့က လစ်ဗျားအစိုးရ ဝန်ကြီးခြောက်ဦးသည် ကြားဖြတ်အစိုးရကိုမကျေနပ်၍ နုတ်ထွက်သွားခဲ့သည်။ လစ်ဗျားနိုင်ငံသည် နိုင်ငံကိုကာလကြာရှည်စွာ အုပ်ချုပ်ခဲ့သော အာဏာရှင်မွမ်မာကဒါဖီ ကျဆုံးပြီးကတည်းက အဆိုးရွားဆုံး အကြမ်းဖက်မှုများ ဖြစ်ပွားလျက်ရှိသည်။

(ပရက်စ်တီဗွီ)

ဆီးရီးယားပြည်သူ့သုံးသန်းကျော်စစ်ပွဲကြောင့် ထွက်ပြေးရ အိမ်နီးချင်းနိုင်ငံများ၌ ဒုက္ခသည်များအဖြစ်ခိုလှုံ

ကုလသမဂ္ဂ ဩဂုတ် ၂၉

ယခုအခါ ဆိုးရွားလှသော ဘေးဒုက္ခများစွာဖြင့် ရင်ဆိုင်နေရသော ဆီးရီးယား ဒုက္ခသည်သုံးသန်းကျော်ရှိလာပြီဖြစ်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ပြောခဲ့သည်။

ဆီးရီးယားနိုင်ငံသား တစ်ဝက်နီးပါးခန့် နေအိမ်များစွန့်ခွာထွက်ပြေးရခြင်းသည် အကြီးမားဆုံးလူသားချင်းဆိုင်ရာ အရေးပေါ်ကိစ္စဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဆိုသည်။

ဒုက္ခသည်အများစုသည် ဆီးရီးယား ပတ်ဝန်းကျင်နိုင်ငံများသို့ ပြောင်းရွှေ့လေ့ရှိပြီး လက်ဘနွန် ဒုက္ခသည်များစခန်း၌ ခိုလှုံသူဦးရေသည် ၁ ဒသမ ၁၄ သန်းရှိလာပြီဖြစ်သည်။ သုံးနှစ်ကြာဖြစ်ပွားခဲ့သော ဆီးရီးယား ပြည်တွင်းစစ်အတွင်း၌ ပြည်သူ ၁၉၀၀၀၀ ကျော်သေဆုံးခဲ့ရသည်။

သမ္မတ ဘရှာအယ်လ်အာဆတ် သစ္စာတော်ခံ တပ်ဖွဲ့ဝင်များသည် ဆီးရီးယားရှိ အတိုက်အခံအုပ်စုများနှင့် ၂၀၁၁ခုနှစ် မတ်လက ၎င်းတို့ကို နှိမ်နင်းမှုများပြုလုပ်ပြီး ကတည်းက တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသည်။

ဆီးရီးယားနှင့် အီရတ်နိုင်ငံ နေရာအနှံ့အပြား၌ သိမ်းပိုက်မှုများ ပြုလုပ်လျက်ရှိသည့် အစ္စလာမ့်စ် အုပ်စု ကြီးထွားလာခြင်းကြောင့် မကြာသေးမီလများအတွင်း နိုင်ငံ မငြိမ်သက်မှု ပိုမိုဆိုးရွားလာသည်။

(ဘီဘီစီ)

အီရတ်မြောက်ပိုင်းတိုက်ခိုက်နေသော ကာ့ဒ်တပ်ဖွဲ့ဝင်များအား သတိပေး စစ်သွေးကြွများက ကာ့ဒ်တပ်ဖွဲ့ဝင်တစ်ဦးအား ကွပ်မျက်သည့် ဗီဒီယိုထုတ်လွှင့်

ဘဂ္ဂဒက် ဩဂုတ် ၂၉

အစ္စလာမ် စစ်သွေးကြွ အိုင်အက်စ်အဖွဲ့သည် အီရတ်မြောက်ပိုင်းတွင် တိုက်ခိုက်နေသော တပ်ဖွဲ့ဝင်များကို သတိပေးသည့်အနေဖြင့် ကာ့ဒ်တိုက်ခိုက်ရေးသမားကို ခေါင်းဖြတ်သတ်သည့် ဗီဒီယိုတစ်ကားကို ထုတ်လွှင့်ပြသခဲ့သည်။

သွေးကြားက သတင်းစကားဟု အမည်ပေးထားသော အဆိုပါဗီဒီယိုတွင် အဝါရောင်အကျႌဘောင်းဘီတွဲဆက်ထားသော ဝတ်စုံဝတ်ဆင်ထားသည့် လူများက ကာ့ဒ်တိုက်ခိုက်ရေးသမားများကို ဖမ်းဆီးသည့်အနေအထားကို ပြသခဲ့သည်။

ဓားစာခံသည် ၎င်းကို ခေါင်းဖြတ်မသတ်မီ အိုင်အက်စ်တိုက်ခိုက်ရေးသမားများ သိမ်းပိုက်ထားသော မြို့တော်မိုဆူးလ်ရှိ ဘုရားကျောင်းအနီးတွင် ဒူးထောက်နေသည့် အနေအထားကို တွေ့မြင်ရမည်ဖြစ်သည်။ အကယ်၍ ကာ့ဒ်ခေါင်းဆောင်များက အမေရိကန်ကို ဆက်လက်ထောက်ခံနေလျှင် ဂျီဟတ်များက အခြားသူများကို သတ်ပြစ်မည်ဟု သတိပေးခြိမ်းခြောက်ခဲ့သည်။

အီရတ်မြောက်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကာ့ဒ်ဒေသရှိ ကာ့ဒ်တိုက်ခိုက်ရေးသမားများက အိုင်အက်စ်များကို အမေရိကန်လေကြောင်းတိုက်ခိုက်မှု နောက်ခံအကူအညီဖြင့် အရေးပေါ်တန်ပြန်တိုက်ခိုက်ရန် ကြိုးစားခဲ့ကြသည်။

အစောပိုင်းကာလများက ဆီးရီးယားမှ အိုင်အက်စ်ဗီဒီယိုများသည် ဆီးရီးယား အခြေစိုက်စခန်းများ ပျက်သုဉ်းသွားပြီးနောက် ယင်းဒေသတွင် အကျဉ်းသားအဖြစ် ဖမ်းဆီးထားသော ဆီးရီးယားစစ်သားများကို ခုလိုသတ်ဖြတ်သည့် အနေအထားကိုပြသသည့် ဗီဒီယိုများဖြစ်သည်။

အိုင်အက်စ်များက တပ်ဘ်ကွမြို့ အခြေစိုက်စခန်းကို အကြမ်းဖက်ပြီးနောက် ဆီးရီးယား တပ်ဖွဲ့ဝင်များသည် ထိုဒေသမှ ထွက်ပြေးလာစဉ် အဖမ်းခံခဲ့ရသည်ဟု ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်ရေး တက်ကြွသူများအဖွဲ့က ပြောသည်။

ဆွန်နီစစ်သွေးကြွများက ဆီးရီးယားနှင့် အီရတ်နိုင်ငံအကြား ယင်းတို့ထိန်းချုပ်ရာဒေသကို နိုင်ငံတစ်ခုအဖြစ် ကြေညာခဲ့သည်။

လွန်ခဲ့သောအပတ်တွင် အိုင်အက်စ်များက အမေရိကန်သတင်းထောက် ဂျိန်းဖိုလေးကို ခေါင်းဖြတ်သတ်ဖြတ်ခဲ့သည့် ကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတကာ၏ ရှုတ်ချမှုများကို ရရှိခဲ့သည်။ အီရတ်ဒေသရှိ အမေရိကန်လေတပ် တိုက်ခိုက်ရေးက ဤကဲ့သို့ အမေရိကန်သတင်းထောက် သေဆုံးခဲ့သည့်အတွက် ပြန်လည်တိုက်ခိုက်ခြင်း ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ဂျီဟတ်တပ်ဖွဲ့များက အခြားသော အမေရိကန်ဓားစာခံများကိုလည်း သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

(ဘီဘီစီ)

မလေးရှားလေကြောင်းလိုင်း မတော်တဆမှုနှစ်ကြိမ်ဖြစ်ပွားပြီးနောက် ပြန်လည်ကောင်းမွန်ရန် ဝန်ထမ်း ၆၀၀၀ လျှော့ချမည်

ကွာလာလမ်ပူ ဩဂုတ် ၂၉

မလေးရှားလေကြောင်းလိုင်းက ယခုနှစ်အတွင်း မတော်တဆမှုနှစ်ကြိမ်ဖြစ်ပွားပြီးနောက် ပြန်လည်ကောင်းမွန်လာရေး အစီတ်အပိုင်းအဖြစ် ဝန်ထမ်း ၆၀၀၀ လျှော့ချသွားမည်ဟု ဆိုသည်။

အဆိုပါဝန်ထမ်းများလျှော့ချမှုသည် ဝန်ထမ်း ၂၀၀၀၀ ရှိသည့်အနက် ၃၀ ရာခိုင်နှုန်းလျှော့ချခြင်းဖြစ်သည်ဟု ဆိုသည်။ မလေးရှားလေကြောင်းလိုင်းသည် လုံးဝနိုင်ငံပိုင်လုပ်ငန်းဖြစ်လာမည်ဖြစ်ပြီး ၎င်းတွင် အမှုဆောင်အရာရှိတစ်ဦး ခန့်အပ်သွားမည်ဟု ဆိုသည်။

စုံစမ်းရေးမှူးများက မတ်လအတွင်း ပျောက်ဆုံးသွားသော ကွာလာလမ်ပူမှ ပေကျင်းသို့သွားသည့် MH370 လေယာဉ်ကို ဆက်လက်ရှာဖွေသွားမည်ဟု ဆိုသည်။ ဇူလိုင်လက ယူကရိန်းအရှေ့ပိုင်း၌ ပျက်ကျခဲ့သည့် MH17 လေယာဉ်ကိုလည်း ဆက်လက်စုံစမ်းနေဆဲဖြစ်သည်။

လေကြောင်းလိုင်းများ ပြန်လည်ကောင်းမွန်လာရေးအတွက် အဆိုပါလေကြောင်းလိုင်းက မလေးရှား ရင်းဂစ် ၆ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ) ကျခံသုံးစွဲမည်ဟု ဆိုသည်။

(ဘီဘီစီ)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၅ သန်း ဖမ်းဆီးရမိမှု ပြစ်ဒဏ်များချမှတ်

နေပြည်တော် ဩဂုတ် ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်း "ရွှေလီ" စစ်ဆင်ရေးအရ မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့သည် တရုတ်နိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲ မူးယစ်တပ်ဖွဲ့နှင့် ပူးပေါင်းသတင်းဖလှယ်ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက်က မူဆယ်မြို့ ဟိုမွန်ရပ်ကွက်နေ ကေသီခိုင်၏ နေအိမ်ခန်းကို ရှာဖွေရာ နေအိမ်အတွင်းရှိ ဂျပ်ပုံးများအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၅ သန်းသိမ်းဆည်းရမိပြီး စိတ်ကြွရူးသွပ်ဆေးပြားများကို နယ်စပ်မှ ပြည်တွင်းသို့ သယ်ဆောင်ရောင်းဝယ်သူများဖြစ်သည့် ကျော်သက်ဦး(ခ)ဘေတာ၊ ဖြိုးဝေလင်း၊ မကေသီခိုင်၊ ဘိုဘိုအောင်၊ သန်းထွဋ်အောင်နှင့် မြင့်အောင်တို့ ခြောက်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားသည်။

အမှုမှ တရားခံ ကေသီခိုင်ပါ ခြောက်ဦးအား မူဆယ်ခရိုင် တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ မူဆယ်ခရိုင်တရားရုံးမှ ဩဂုတ် ၁၅ ရက်တွင် တရားခံ ကျော်သက်ဦး(ခ)ဘေတာအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ် ၂၅ နှစ်၊ တရားခံဖြိုးဝေလင်းနှင့် ကေသီခိုင်တို့ နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က) အရ အလုပ်နှင့်ထောင်ဒဏ် ၂၀ နှစ်စီနှင့် မြင့်အောင်(ခ)နွရ်ဘိုင်း၊ ဘိုဘိုအောင်နှင့် သန်းထွဋ်အောင်တို့သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)/၂၁ အရ အလုပ်နှင့်ထောင်ဒဏ် ၁၆ နှစ်စီ ပြစ်ဒဏ်များချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကေသီခိုင်၊ သန်းထွဋ်အောင်၊ ဖြိုးဝေလင်း၊ ဘိုဘိုအောင်၊ ကျော်သက်ဦး(ခ)ဘေတာနှင့် မြင့်အောင်တို့အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဗန်းမောက်၌ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ



ကသာ ဩဂုတ် ၂၉

ကသာခရိုင် ဗန်းမောက်မြို့နယ် ဗန်းမောက်မြို့မရဲစခန်း၏ မြောက်ဘက် ၁၇ မိုင်ခန့်အကွာ တာမကျိုင်းကျေးရွာတွင် မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဩဂုတ် ၂၈ ရက် ညနေ ၄ နာရီခန့်က မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ မြို့နယ် ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးရှာဖွေဖမ်းဆီးခွင့်ဖြင့် ဗန်းမောက်မြို့နယ် မံထိုကျေးရွာအုပ်စု တာမကျိုင်းကျေးရွာနေ သန်းလွင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ သန်းလွင်နှင့်အတူ မူးယစ်ဆေးဝါးရောင်းချရန် ရောက်ရှိနေသူ မင်းနောင် (နေရပ်လိပ်စာစုံစမ်းဆဲ) တို့သည် နေအိမ်ပေါ်မှခုန်ချပြီး မဲဇာချောင်းကို ဖြတ်ကူးထွက်ပြေးလွတ်မြောက်သွားပြီး မူးယစ်ဆေးဝါး သုံးစွဲရန်ရောက်ရှိနေသူ ကြာပေါ် ဆိုသူအား တွေ့ရှိရပြီး သန်းလွင်၏ နေအိမ်အိပ်ခန်းအတွင်း သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ကြရာ အမည်းရောင်တိပ်နှင့် ပတ်ထားသည့် ပင်နီဆီလင်ပုလင်းအတွင်းထည့်လျက် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် ၀ ဒသမ ၁ ဂရမ်ပါ တစ်လုံးနှင့် ပလတ်စတစ်ဘူးအဖြူဖြင့် ထည့်ထားသော ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် ၁ ဒသမ ၃ ဂရမ်ပါ တစ်ဘူး၊ ဘိန်းရှူရာတွင်အသုံးပြုသည့် ပေ့ါတန် နှစ်ချောင်း၊ ဆေးထိုးအပ်ငါးချောင်း၊USC သံဘူးတစ်ဘူး၊ အနီရောင်လွယ်အိတ်တစ်လုံး၊ ရင်ဇင်းအမျိုးအစား ဆိုင်ကယ်တစ်စီးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒုရဲအုပ်ဉာဏ်တင်က တရားလိုပြုလုပ် တိုင်တန်းခဲ့ရာ ကြာပေါ်(၂၅ နှစ်) မဲတောရွာ ဗန်းမောက်မြို့နယ်နေသူနှင့် သန်းလွင်(၄၅ နှစ်)တာမကျိုင်းရွာ ဗန်းမောက်မြို့နယ်၊ မင်းနောင်(နေရပ်လိပ်စာစုံစမ်းဆဲ)တို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲတွင် ဘိန်းစာမှုန့်များ ဖမ်းဆီးရမိ

ကော့သောင်း ဩဂုတ် ၂၉

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲတွင် ဘိန်းစာမှုန့်များဖမ်းဆီးရမိသည့် ဖြစ်စဉ်တစ်ခု ဩဂုတ် ၂၅ ရက် ည ၁၀ နာရီခွဲက ဖြစ်ပွားသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးလက်ဝယ်ထားရှိ သုံးစွဲနေကြောင်းသတင်းအရ ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲ လေညာအရှေ့ရပ်ကွက် ကိုကျော်ဇင်လတ် နေအိမ်ကို မြို့နယ်ခွဲ နယ်မြေရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ဌေးဝင်းနှင့် နယ်ထိန်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ နေအိမ်အနောက်ဘက် ထရံပျဉ်တန်းပေါ်တွင် တင်ထားသည့် ဟင်းခပ်စတီးဇွန်းနှင့် ဘိန်းစာမှုန့် အလေးချိန် ၀ ဒသမ ၀၅ ကျပ်သားကို အဖြူရောင် oki တံဆိပ်ပါ ဆပ်ပြာမှုန့်ဘူးအတွင်း တွေ့ရှိသိမ်းဆည်းရမိသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကျော်ဇင်လတ်အား မူးယစ်ဥပဒေပုဒ်မဖြင့် ပြည်ကြီးမဏ္ဍိုင်ရဲတပ်ဖွဲ့စခန်းမှ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ်ခွဲပြန်/ဆက်)**

မူးယစ်ဆေးပြားများ သိမ်းဆည်းရမိ

ညောင်လေးပင် ဩဂုတ် ၂၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့တွင် မူးယစ်တပ်ဖွဲ့စု(၃၆) ညောင်လေးပင်လှုပ်ရှားဆွယ်မှ ရဲတပ်ကြပ်ကြီးဇော်မင်းနှင့်အဖွဲ့ ဦးဆောင်၍ မူးယစ်ဆေးဝါးသတင်းအရ ညောင်လေးပင်မြို့နယ် ဖအောင်းကျေးရွာ၌ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၅ ရက် ညနေ ၃ နာရီခန့်က ညောင်လေးပင်မြို့မရဲစခန်းမှ နယ်ထိန်းဒုတပ်ကြပ်မောင်မောင်တာ၊ သက်သေ ဖအောင်းကျေးရွာ ရှမ်းရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်ဦး၊ ညောင်လေးပင်မြို့ မြို့မ(၂)ရပ်ကွက် အထောက်အကူပြုဥက္ကဋ္ဌ ဦးသန်းနိုင်တို့နှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ ညောင်လေးပင်မြို့ ဖအောင်းကျေးရွာ ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ လက်ဖက်ရည်ဆိုင်အတွင်း၌ စောင့်ဆိုင်းနေစဉ် လေ့ဂျာအစိမ်းပုတ်ရောင် ၃၇ယ/----- နံပါတ်ပါဆိုင်ကယ်ကို စီးနင်းလာသူ နန်းဦး(၂၈ နှစ်) ပဒေသာရပ်ကွက် ဘုရားကြီးမြို့နေသူအား မသင်္ကာသဖြင့် သက်သေများနှင့်အတူ ရှာဖွေစစ်ဆေးရာ ၎င်းဝတ်ဆင်ထားသော ANCHOR (ကျောက်ဆူးတံဆိပ်)ပါ အညိုရောင် မိုးကာအင်္ကျီလက်ရှည်၊ ညာဘက်အောက် အိတ်ကပ်အတွင်းရှိ အပြာနုရောင် ခဲဆံထည့်သည့် ပလတ်စတစ်ဘူးအတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၈ ပြားနှင့် ဝဲဘက်အပေါ် အိတ်ကပ်အတွင်းမှ ဖိုက်စတားညီအစ်ကိုများစာတန်းပါ စက္ကူကာဘာအတွင်း ပလတ်စတစ်အပိုင်းအစဖြင့် ထုပ်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၁၀ ပြား စုစုပေါင်း ၂၈ ပြား အလေးချိန် ၂ ဒသမ ၈ ဂရမ်ခန့် ကာလတန်ဖိုးတစ်ပြားလျှင် ငွေကျပ် ၃၅၀၀နှုန်း ဟွာဝေးအမျိုးအစားဆင်းကတ်ပါ ဖုန်းတစ်လုံးတို့ကို ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းခဲ့ကြောင်း သိရသည်။

မျိုးဦး(ကျောက်တံခါး)

မန္တလေးမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၇၈၈ ပြားဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၉

ဩဂုတ် ၂၇ ရက်က မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေးတောင်ပိုင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် စိုက်ပျိုးရေးခြံရှေ့ သိပ္ပံလမ်း ၇၃ လမ်းနှင့် ရေနီမြောင်းကြားတွင် ဆိုင်ကယ်စီးလာသူ မသန္တာကျော်ဆိုသူအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြာ ၉၈ ပြားနှင့် ၎င်းနေထိုင်သည့် မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန် ရပ်ကွက်ရှိ ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၆၉၀၊ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၇၈၈ ပြား သိမ်းဆည်းရမိသဖြင့် မသန္တာကျော်(၄၉ နှစ်)အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မသန္တာကျော်အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုမှန်သမျှ တိုက်ဖျက်ကြ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါလုပ်ငန်းများအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

မော်တော်ယာဉ်သိုလှောင်ရုံ (၁၀)လုံး၏ Fire Fighting & Fire Protection System ဆောက်လုပ်ခြင်းလုပ်ငန်း

(က) Fire Hydrant and Fire Hose Reel System Installation

(ခ) Fire Sprinkler System Installation

(ဂ) Ground Tank and Pump House Construction

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၉-၂၀၁၄ ရက်မှ ၁၀-၉-၂၀၁၄ ရက်အထိ နေ့စဉ် နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၀၀ နာရီအတွင်း ရုံးအမှတ်(၃၂)၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော်နှင့် စက်ပြင်နှင့် ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တို့တွင် တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)ဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်-

(က) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန် - ၁၁-၉-၂၀၁၄ ရက် ၁၃:၀၀နာရီမှ ၁၄:၀၀ နာရီအထိ

(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - ရုံးအမှတ် (၃၂)၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ နေပြည်တော်။

၄။ အသေးစိတ်သိရှိလိုသောအချက်များကို ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ရုံးအမှတ်(၃၂)၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၆၀၈၈၊ ၄၀၆၃၂၂ တို့သို့ စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါကြီးကြပ်ရေးအဖွဲ့

ဆံပင်ကျွမ်းကျင်ပညာရှင်များအသင်း(HPA)၏
ဒုတိယအကြိမ်မြောက် ပညာဒါနအဖြစ်
ဆံပင်ညှပ်နည်း(အခမဲ့)သင်တန်း

ဆံပင်ကျွမ်းကျင်ပညာရှင်များအသင်း Hair Professional Association(HPA) မှ ဒုတိယအကြိမ်မြောက် ပညာဒါနအဖြစ် နည်းပြဆရာမ ဒေါ်ကျင်ပို့(Fancy House Hair Beauty Nail Spa)မှ ဆံပင်ညှပ်နည်းနှင့်အတူ တွေးခေါ်မှုသင်တန်းအား ပေးမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများနှင့် အသင်းဝင်များအား ဖိတ်ခေါ်အပ်ပါသည်။

သင်တန်းပေးမည့်ရက် - ၄-၉-၂၀၁၄ ရက်(ကြာသပတေးနေ့)

နေရာ - ယုဇနဟိုတယ်၊ အနောက်ရွှေဂုံတိုင်လမ်း၊ ရန်ကုန်မြို့

အချိန် - ၁။ နံနက် ၉:၀၀ နာရီမှ မွန်းတည့် ၁၂:၀၀ နာရီအထိ (စိတ်ပါဝင်စားသူများနှင့် အသင်းဝင်များ)

၂။ မွန်းလွဲ ၂:၀၀ နာရီမှ ညနေ ၅:၀၀ နာရီအထိ (အသင်းဝင်များသာ)

မှတ်ချက်-ဆံပင်ညှပ်နည်းသင်တန်းတက်လိုသူများ Fancy House ဖုန်း-၀၁-၆၅၇၇၅၇၊ ၆၅၀၇၅၉၊ ၆၆၂၆၃၆ တို့သို့ ၃-၉-၂၀၁၄ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

ဆောင်းပါး

စာကြည့်တိုက်များ မြစ်ဖျားခံရာ အမျိုးသားစာကြည့်တိုက်

မမြဦး

မြန်မာနိုင်ငံတွင် ပုဂံခေတ်အနော်ရထာ ပိဋကတ်တိုက်သည် စာရေးသူတို့နိုင်ငံ၏ သမိုင်းအထောက်အထားခိုင်လုံသော အစောဆုံး စာကြည့်တိုက် ပိဋကတ်တိုက်ပင်ဖြစ်ပါသည်။ သီပေါမင်းပါတော်မူပြီးနောက် နန်းတွင်းဘုရင်သုံး ပိဋကတ်တိုက်များသည် ပြည်သူတစ်ရပ်လုံး အသုံးပြုစေသော လူထုစာကြည့်တိုက်များ အသွင်ပုံသဏ္ဌာန်သို့ရွေ့ရှုခဲ့ပါသည်။ မြန်မာနိုင်ငံတွင် နန်းတွင်းစာကြည့်တိုက်များမှ ပုဂ္ဂလိကပိုင်စာကြည့်တိုက်များအထိ ပြန့်ပွား (ပျံ့နှံ့)လာခဲ့သည်ကို မြန်မာစာပေသမိုင်းတစ်လျှောက် အထင်အရှား တွေ့ရှိရပါသည်။

၁၈၈၃ ခုနှစ်၌ပင် အောက်မြန်မာနိုင်ငံ၌ ဘားနတ်ပိဋကတ်ခေါ် ခေတ်မီစာကြည့်တိုက်ကို အများပြည်သူတို့အကျိုးငှာ တည်ထောင်ခဲ့ပါသည်။ ဘားနတ်အခလွတ် စာကြည့်တိုက်သည် မြန်မာနိုင်ငံတွင် ပြည်သူများအား အခမဲ့ကြည့်ရှုလေ့လာခွင့်ပြုသည့် **“ပထမဆုံး ပြည်သူ့စာကြည့်တိုက်”** ဖြစ်ပါသည်။ အမျိုးသားစာကြည့်တိုက်သည် ထိုဘားနတ် အခလွတ်စာကြည့်တိုက် Bernard Free Library ကို အခြေပြု၍ တည်ထောင်ခဲ့သော စာကြည့်တိုက်ဟု ဆိုနိုင်ပါသည်။

၁၉၅၂ ခုနှစ်တွင် ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာနကို တည်ထောင်ခဲ့ပြီး ဘားနတ်အခလွတ်စာကြည့်တိုက်ကို အစိုးရက လွှဲပြောင်းရယူခဲ့ပါသည်။ ၁၉၅၂ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာနက “နိုင်ငံတော်စာကြည့်တိုက်” (State Library) အမည်ဖြင့် ရန်ကုန်မြို့ ဂျူဗလီဟောတွင် ဖွင့်လှစ်ခဲ့ပါသည်။ နိုင်ငံတော်စာကြည့်တိုက်ကို အမျိုးသားစာကြည့်တိုက်အဖြစ် အဆင့်ဆင့်ပြောင်းလဲခဲ့ပါသည်။

၂၀၀၉ ခုနှစ်တွင် အမျိုးသားစာကြည့်တိုက်ကို နေပြည်တော်တွင် ထပ်မံဖွင့်လှစ်နိုင်ရန် စီစဉ်ခဲ့ပြီး ရာဇသင်္ဂဟအဝိုင်း၏ လက်ယာဘက် လျှိုပိတ်တမံ အမှတ်(၅)အနီးတွင် ဆောက်လုပ်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ရှိ စာစုများအနက် အမျိုးသားစာကြည့်တိုက်ကို နေပြည်တော်အတွက် ခွဲဝေကာ ကြိုတင်ပြင်ဆင်ခဲ့ရပါသည်။ ၂၀၁၃ ခုနှစ် မတ်လတွင် ပင်မဆောင်ဆောက်လုပ်ပြီးစီးရာ အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ကို ၂၀၁၃ ခုနှစ် မေလ ၃ ရက်နေ့တွင် ပထမဆောင်ကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ် စက်တင်ဘာလ တတိယပတ်တွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၏ ဒုတိယအဆင့်အဖြစ် အဆောင်ဘီဆောင်ကို ဖွင့်လှစ်တော့မည်ဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်သည် နိုင်ငံကိုကိုယ်စားပြုသော နိုင်ငံတော်အဆင့် စာကြည့်တိုက်ဖြစ်သဖြင့် အခြားသော စာကြည့်တိုက်များနှင့်မတူဘဲ ထူးခြားသော ဝိသေသများရှိပါသည်။ ၎င်းဝိသေသများမှာ-

(က) နိုင်ငံ၏အမျိုးသားအဆင့် (National Level) စာကြည့်တိုက်ဖြစ်ခြင်း၊

(ခ) တစ်မျိုးသားလုံးနှင့် သက်ဆိုင်ပြီး နိုင်ငံတစ်နိုင်ငံတွင် စာပေပစ္စည်းအစုံအလင်ဆုံးနှင့် အကြီးမားဆုံးစာကြည့်တိုက်ဖြစ်ခြင်း၊

(ဂ) အမျိုးသားစာပေအမွေအနှစ်ကို ထိန်းသိမ်းရာဌာန၊ သုတေသီများ သုတေသနပြုရာဌာန၊ စာပေနှင့်လူထုကို ဆက်သွယ်ပေးရာဌာနဖြစ်ခြင်း၊

(ဃ) လူမျိုး၊ ဘာသာ၊ အဆင့်အတန်းမရွေးဘဲ စာရှာသူများ သိလိုသမျှအကြောင်းအရာ အချက်အလက်များကို ရှာဖွေနိုင်၊ လေ့လာဆည်းပူးနိုင်၊ သုတေသနပြုနိုင်သောဌာနဖြစ်ခြင်းတို့ဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်၏ မျှော်မှန်းချက်မှာ **“မြန်မာနိုင်ငံ၏ အမျိုးသားစာပေအမွေအနှစ်ဗဟိုဌာနဖြစ်လာစေရန်”** ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အမျိုးသားစာကြည့်တိုက်သည် မြန်မာနိုင်ငံစာကြည့်တိုက်များ၏ အမျိုးသားဗဟိုဌာနအဖြစ်လည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် အသိပညာဗဟုသုတများ၊ အမွေအနှစ်များ၏ အချက်အလက်ဗဟိုဌာနအဖြစ်လည်းကောင်း ဖြစ်လာစေရန် မျှော်မှန်းပါသည်။

အမျိုးသားစာကြည့်တိုက်၏ စာကြည့်တိုက်လုပ်ငန်းများမှာ စာကြည့်တိုက်သို့ စာပေအနုပညာပစ္စည်းများရောက်ရှိအောင် ဆောင်ရွက်ရသည့် လုပ်ငန်းမှစ၍ စာပေအနုပညာပစ္စည်းများကို စနစ်တကျ စာရင်းတင်ကာ သက်ဆိုင်ရာစင်များသို့ ရောက်ရှိသည်အထိ အဆင့်ဆင့်လုပ်ငန်းများကို ဆောင်ရွက်ရပါသည်။ စနစ်တကျစင်တင်ပြီးသော စာပေအနုပညာပစ္စည်းများကို ကျောင်းသား ကျောင်းသူများ၊ သုတေသီများနှင့် အများပြည်သူတို့ အဆင်ပြေစွာ ဖတ်ရှုလေ့လာအသုံးပြုနိုင်စေရန် ဝန်ဆောင်မှုပေးခြင်း၊ ပျက်စီးပျောက်ဆုံးမှုနည်းပါးစေရန် နှစ်စဉ်စိစစ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းစသည့် စာကြည့်တိုက်လုပ်ငန်းများအပြင် စာကြည့်တိုက်ပညာတိုးတက်ပြန့်ပွားရေးအတွက် ပညာပေးလုပ်ငန်းများ၊ ပြည်တွင်းပြည်ပစာကြည့်တိုက်များ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရပါသည်။ အမျိုးသားစာကြည့်တိုက်သည် အဓိကစာကြည့်တိုက်လုပ်ငန်းများဖြစ်သော စာစုလုပ်ငန်း၊ စာပြုလုပ်ငန်း၊ စာဖြန့်ဝန်ဆောင်မှုလုပ်ငန်းနှင့် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြောင်းလဲလာသော ခေတ်နှင့်အညီ တိုးတက်သော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (Information & Communication Technology) များကိုပေါင်းစပ်လျက် မျှော်မှန်းချက်ပြည့်မီစေရန် ဆောင်ရွက်လျက်ရှိပါသည်။

စာစုလုပ်ငန်းဆိုသည်မှာ စာအုပ်၊ စာနယ်ဇင်းစသော ပုံနှိပ်စာအုပ်စာတမ်းများ၊ ပေ၊ ပုရပိုက်၊ လက်ရေးစာ၊ လက်နှိပ်စက်မူ၊ လက်ကမ်းစာစောင်၊ မြေပုံ၊ မိုက်ကရိုဖလင်၊ ဂီတသင်္ကေတများ၊ ဓာတ်ပုံများ၊ ရုပ်ရှင်ဖလင်များ၊ ဓာတ်ပြားများ၊ ဗီဒီယိုနှင့်အသံသွင်းတိပ်ခွေများ၊ စာရွက်၊ ဖလင်နှင့် အခြားပစ္စည်းများကို အသုံးပြု၍ မှတ်တမ်းပြုထားသောပစ္စည်းများ၊ ၎င်းတို့ကို ပြန်လည်ထုတ်လုပ်ထားသော ပစ္စည်းများအစရှိသည်တို့ပါဝင်သည့် ပုံနှိပ်ထားခြင်းမဟုတ်သော စာပေအနုပညာပစ္စည်းများကို စာကြည့်တိုက်အတွက် နည်းလမ်းအသွယ်သွယ်ဖြင့် စုဆောင်းခြင်း၊ တိုးပွားအောင်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသားစာကြည့်တိုက်သည် စာအုပ်များကို စုဆောင်းရာတွင်

(က) မှတ်ပုံတင် အက်ဥပဒေအရအခမဲ့ရရှိခြင်း၊

(ခ) ဌာန၏ ရန်ပုံငွေဖြင့်ဝယ်ယူခြင်း၊

(ဂ) လှူဒါန်းမှုကိုလက်ခံခြင်း၊ လက်ဆောင်ရရှိခြင်းနှင့် စာအုပ်လဲလှယ်ခြင်းနည်းလမ်းများဖြင့် စာစုလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။

စာကြည့်တိုက်အတွက် နည်းလမ်းအသွယ်သွယ်ဖြင့် စုဆောင်းထားရှိသော စာပေအနုပညာပစ္စည်းများကို စာဖတ်သူတို့ အလွယ်တကူရှာဖွေရယူနိုင်စေရန် နိုင်ငံတကာစာကြည့်တိုက်သုံးစည်းမျဉ်းများကို အသုံးပြု၍ ကတ်တလောက်များပြုစုခြင်း၊ အညွှန်းများပြုစုခြင်း၊ အမျိုးသားစာစုစာရင်းများပြုစုခြင်း၊ စာကြည့်တိုက်အသုံးပြုသူများ လိုအပ်သောစာအုပ်၊ စာပေပစ္စည်းများ၏ အချက်အလက်များကို လွယ်ကူလျင်မြန်စွာ ရှာဖွေတွေ့ရှိနိုင်ရန် ရည်ရွယ်၍ အမျိုးသားစာကြည့်တိုက်၏ Solib Library Software ကို Web-base Software အဖြစ် တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် အမျိုးသားစာကြည့်တိုက်သည် စာပေအမွေအနှစ်များကို နောင်လာနောက်သားများသို့ လက်ဆင့်ကမ်း သယ်ဆောင်ရန် တာဝန်ရှိပါသဖြင့် စာအုပ်စာပေပစ္စည်းများကို စာကြည့်တိုက်ပြင်ပသို့ ငှားရမ်းခြင်းမပြုဘဲ စာဖတ်ခန်းများတွင် မည်သူမဆို လာရောက်၍ အခမဲ့ ဖတ်ရှု၊ ကြည့်ရှုလေ့လာနိုင်ပါသည်။ အမျိုးသားစာကြည့်တိုက်၏ စည်းမျဉ်းစည်းကမ်းအရ ပြင်ပသို့ စာအုပ်များငှားရမ်းခြင်းမပြုသော်လည်း နိုင်ငံတော်၏ လိုအပ်ချက်အရ အစိုးရဝန်ကြီးဌာနများ၊ ဦးစီးဌာနများက အရေးတကြီးလာရောက် အကူအညီတောင်းသည့်အခါတွင် ဌာနဆိုင်ရာတရားဝင်စာဖြင့် အချိန်အကန့်အသတ်ဖြင့် ငှားရမ်းပေးရပါသည်။

ကလေးများ၏ အတွေးအခေါ်နှင့် လူနေမှုဘဝ မြင့်မားစေရန် နိုင်ငံတော်ကိုလုံခြုံစွာ ကာကွယ်စောင့်ရှောက်နိုင်ရန် ခေတ်မီနိုင်ငံတော်ကြီး အဖြစ် အစဉ်သဖြင့် ရပ်တည်နိုင်ရန်အတွက် မိဘများနှင့်ဆရာ ဆရာမများ၏ အနီးကပ်ကြီးကြပ်မှုသာမက စာကြည့်တိုက်များတွင် ထိန်းသိမ်းထားသော ဗဟုသုတစာပေအမွေအနှစ်များကို ကောင်းမွန်စွာ ထုတ်ယူဖတ်ရှု အသုံးပြုတတ်ရန်လည်း လိုအပ်....

အမျိုးသားစာကြည့်တိုက်တွင် စာဖတ်ခန်းဝန်ဆောင်မှုလုပ်ငန်း၊ ရည်ညွှန်းလုပ်ငန်းကို အဓိကထားဆောင်ရွက်သည့်အားလျော်စွာ စာဖတ်သူများက လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ သိလို၍ မေးမြန်းလာသော အချက်အလက်များကို ရည်ညွှန်းကိုးကားအသုံးပြုနိုင်သည့် အထောက်အထားများအသုံးပြု၍ ကူညီရှာဖွေပေးခြင်းဖြင့် စာကြည့်တိုက်အသုံးပြုသူများ စိတ်ကျေနပ်မှုရရှိအောင် ဆောင်ရွက်ပေးပါသည်။ အဆောင်(ဘီ) ဖွင့်လှစ်ပြီးပါက စာဖတ်သူတစ်ဦး(သို့) နှစ်ဦးသီးသန့်ဖတ်ရှုနိုင်ရန် သီးသန့်စာဖတ်ခန်းများကိုလည်း စီစဉ်ဆောင်ရွက်ပေးထားပါသည်။

ထို့အပြင် စာကြည့်တိုက် အသုံးပြုသူများအတွက် လိုအပ်သော အထောက်အထားများကို အချိန်တိုအတွင်း လျင်မြန်လွယ်ကူစွာရှာဖွေနိုင်ရန် အွန်လိုင်းကတ်တလောက် (Online Public Access Catalogue) ကိုလည်းထားရှိပါသည်။ အမျိုးသားစာကြည့်တိုက်၏ Solib Software ကိုစတင်အသုံးပြုနေချိန်တွင် စာကြည့်တိုက်အတွင်းတွင်သာမက အမျိုးသားစာကြည့်တိုက်၏ Website <www.nlm.gov.mm >သို့ ဝင်ရောက်၍ စာကြည့်တိုက်ပိုင်စာစုများကို ရှာဖွေနိုင်မည်ဖြစ်ပါသည်။ စာကြည့်တိုက်အသုံးပြုသူများ လိုအပ်သည့်အချက်အလက်များအား မိတ္တူကူးပေးသည့် ဝန်ဆောင်မှုကိုလည်း ပေးပါသည်။

ယင်းသို့ ဝန်ဆောင်မှုများပေးရာတွင် ကလေးသူငယ်များအတွက် ရည်ရွယ်ဖွင့်လှစ်ထားသော **‘ကလေးစာကြည့်တိုက်’** သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ကလေးများသည် အနာဂတ်ကာလ မျိုးဆက်သစ်များဖြစ်သည့်အားလျော်စွာ ကလေးများ၏ အတွေးအခေါ်နှင့် လူနေမှုဘဝမြင့်မားစေရန် နိုင်ငံတော်ကို လုံခြုံစွာ ကာကွယ်စောင့်ရှောက်နိုင်ရန် ခေတ်မီနိုင်ငံတော်ကြီးအဖြစ် အစဉ်သဖြင့် ရပ်တည်နိုင်ရန်အတွက် မိဘများနှင့်ဆရာ ဆရာမများ၏ အနီးကပ်ကြီးကြပ်မှုသာမက စာကြည့်တိုက်များတွင် ထိန်းသိမ်းထားသော ဗဟုသုတစာပေအမွေအနှစ်များကို ကောင်းမွန်စွာထုတ်ယူဖတ်ရှု အသုံးပြုတတ်ရန်လည်း လိုအပ်ပါသည်။

ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် ကလေးများ ငယ်ရွယ်စဉ်မှ စတင်ကာ စာကြည့်တိုက်အသုံးပြုမှုကျွမ်းဝင်စေရန်၊ စာဖတ်ရှိန်မြင့်မားလာစေရန်၊ စာပေချစ်မြတ်နိုးသည့် အလေ့အထကောင်းများပြုစုပျိုးထောင်ရန်၊ စာပေမှတစ်ဆင့် နိုင်ငံ၏ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို ကောင်းစွာသိရှိပြီး ထိန်းသိမ်းတန်ဖိုးထားမြတ်နိုးတတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)သည် နေပြည်တော်ရှိ အထက်တန်း၊ အလယ်တန်းကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား စာကြည့်တိုက်မှ အကြို/အပို့ပြုလုပ်ပေးကာ စာကြည့်တိုက်သို့ ဖိတ်ခေါ်၍ စာဖတ်ပြိုင်ပွဲများကျင်းပခြင်း၊ e- library အသုံးပြုမှုများအား သင်ကြားပေးခြင်း၊ စာဖတ်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းတို့ကို လတစ်လ၏ ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ယင်းကျောင်းများသို့ သွားရောက်၍ စာကြည့်တိုက်ပညာပေးဟောပြောပွဲများ၊ စာအုပ်ပြပွဲများကိုလည်း မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီးများနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ သီတင်းကျွတ်ကျောင်းပိတ်ရက်များနှင့် နွေရာသီကျောင်းပိတ်ရက်များတွင် ကလေးများအား စာကြည့်တိုက်သို့ဖိတ်ခေါ်၍ စာဖတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ပုံဆွဲပြိုင်ပွဲများ၊ ပုံများအား ဆေးရောင်ခြယ်ခြင်း၊ ပျော်ရွှင်ဖွယ်ကစားနည်းများဖြင့် ကလေးများ စာကြည့်တိုက်အသုံးပြုမှု ရင်းနှီးကျွမ်းဝင်စေရန် ကလေးစာကြည့်တိုက်လှုပ်ရှားမှုများကိုလည်း ပညာသင်ကြားရေးနယ်ပယ်ရှိ ကလေးသူငယ်ကျောင်းသား ကျောင်းသူများ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

စာကြည့်တိုက်ရှိ စာပေအထောက်အထားမှတ်တမ်းများ မူလအခြေအနေထက် ဆိုးရွားစွာ ပျက်စီးမှုမဖြစ်အောင်တားဆီးခြင်းနှင့် ပျက်စီးလာလျှင်လည်း ဆက်လက်ပျက်စီးမှုမဖြစ်စေရန် စာပေပစ္စည်းပြုပြင်ထိန်းသိမ်းခြင်း၊ နည်းစနစ်များကို အသုံးပြု၍ အဆင့်ဆင့်ဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် စာပေပစ္စည်းပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ ပြည်တွင်းပြည်ပပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် ပြည်ပနိုင်ငံများသို့ သင်တန်းများ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်စေနိုင်ရန် စာကြည့်တိုက်ဝန်ထမ်းများ စေလွှတ်ခြင်းများကိုလည်း ဆောင်ရွက်ပါသည်။

အမျိုးသားစာကြည့်တိုက်၏ အဓိကလုပ်ငန်းတစ်ရပ်ဖြစ်သော အမျိုးသားစာစုစာရင်း (National Bibliography)လုပ်ငန်းကို အမျိုးသားစာကြည့်တိုက်နှစ်ခုက ထုတ်ဝေသည့်နှစ်များခွဲကာ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားစာစုစာရင်းသည် နိုင်ငံအတွင်း ထုတ်ဝေသမျှသော စာပေပစ္စည်းအားလုံး၏ စာရင်းပင်ဖြစ်ပါသည်။ ခေတ်တစ်ခေတ်၏ စာပေအဆင့်အတန်း၊ ပြည်သူလူထု၏စာပေစိတ်ဝင်စားမှု၊ ခေတ်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို လေ့လာသုတေသနပြုနိုင်ပြီး ပိုမိုတိုးတက်စေမည့် နည်းလမ်းများ၊ ဖန်တီးနိုင်သော အကျိုးကျေးဇူးများ ရရှိနိုင်သဖြင့် အမျိုးသားစာစုစာရင်းကို ပြုစုထုတ်ဝေရခြင်းဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် စုဆောင်းထိန်းသိမ်းထားရှိသည့် စာပေပစ္စည်းများအား Digital Form အဖြစ်ပြောင်းလဲပြီး e-Books, e-Periodicals အဖြစ်လေ့လာဖတ်ရှုနိုင်ရန်အတွက် Digitalized ပြုလုပ်ခြင်းကို ၂၀၁၀ပြည့်နှစ် စက်တင်ဘာလမှစတင်၍ဆောင်ရွက်လျက်ရှိပါသဖြင့် စာကြည့်တိုက်အသုံးပြုသူများ e-Books,e-Periodicals အနေဖြင့် ဖတ်ရှုနိုင်ရန် e-Libraryဝန်ဆောင်မှုပေးနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)သည် စာကြည့်တိုက်ပညာပြန့်ပွားရေးနှင့် စာကြည့်တိုက်များတည်ထောင်ရေးတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာသင်တန်းကို ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ကာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) က ဒီပလိုမာဘွဲ့များကို အပ်နှင်းပေးလျက်ရှိပါသည်။

ထို့အပြင် အမျိုးသားစာကြည့်တိုက်သည် စာကြည့်တိုက်ပညာပြန့်ပွားရေးနှင့် စာကြည့်တိုက်များ တည်ထောင်ရေးတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့်အခြေခံစာကြည့်တိုက်ပညာရက်တိုနှင့်တစ်လသင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)တွင် ဝန်ကြီးဌာနပေါင်းစုံမှ ဝန်ထမ်းများအား လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အစိုးရဝန်ကြီးဌာနစာကြည့်တိုက်များ၊ ပုဂ္ဂလိကစာကြည့်တိုက်များနှင့် ပြည်သူ့စာကြည့်တိုက်များတွင် တာဝန်ထမ်းဆောင်နေသူများ၊ စာကြည့်တိုက်ပညာရပ်အားစိတ်ပါဝင်စားသူများ၊ စာပေချစ်မြတ်နိုးသူများအနေဖြင့်လည်း မိမိတို့ကိုယ်ပိုင်စာကြည့်တိုက်များ တည်ထောင်နိုင်စေရန်နှင့် ဘွဲ့လွန်စာကြည့်တိုက်ပညာဒီပလိုမာသင်တန်း မတက်ရောက်ရသေးသည့် စာကြည့်တိုက်ဝန်ထမ်းများအနေဖြင့် စာကြည့်တိုက်လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီစွာဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ သုတေသီများနှင့် စာဖတ်သူများအတွက် ထိရောက်သော ဝန်ဆောင်မှုပေးနိုင်စေရန်၊ ခေတ်မီသတင်းအချက်အလက်နည်းပညာများကို အသုံးပြုကာ စာပေပစ္စည်းများအား စနစ်တကျထိန်းသိမ်းခြင်း၊ ရှာဖွေခြင်းတို့ကို ကိုယ်တိုင်သိရှိနားလည်အသုံးချနိုင်စေရန်အတွက်လည်းကောင်း စာကြည့်တိုက်အခြေခံကျွမ်းကျင်မှုသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။

စာကြည့်တိုက်များသည် စာဖတ်သူစိတ်ကျေနပ်နိုင်ရန်၊ သတင်းအချက်အလက်မြန်ဆန်မှန်ကန်စွာပေးပို့နိုင်ရန် အဘက်ဘက်မှ ခေတ်မီအောင်စီစဉ် ဆောင်ရွက်ရသည်နှင့်အညီ စာကြည့်တိုက်ဝန်ထမ်းများ၏ ဉာဏ်ပညာ အရည်အချင်းနှင့်စွမ်းဆောင်နိုင်မှုများမှာလည်းအဓိကကျပြီး အရေးပါလှပါသည်။ ထို့ကြောင့် စာကြည့်တိုက်မှူးများ၊ တာဝန်ခံများ၊ စာကြည့်တိုက်ဝန်ထမ်းများ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ရေးအတွက် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသော စာကြည့်တိုက်ပညာရပ်များနှင့်ပတ်သက်၍ အသိပညာအခြေခံသောခေတ်တွင် ခေတ်မီတိုးတက်သော စာကြည့်တိုက်လုပ်ငန်းများဖြင့် ပြည်သူများအား ဝန်ဆောင်မှုပေးနိုင်ရန်အတွက် စာကြည့်တိုက်ဝန်ထမ်းများအား ခေတ်မီသတင်းအချက်အလက်နည်းပညာဆိုင်ရာ သင်တန်းများသို့ တက်ရောက်သင်ကြားနိုင်ရန်ဆောင်ရွက်ခြင်း၊နေ့စဉ်နှင့် အမျှ ရင်ဆိုင်နေရသော စာကြည့်တိုက်ဆိုင်ရာ အခက်အခဲများကို ဖြေရှင်းရန်အတွက် ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများပြုလုပ်ဆောင်ရွက်ခြင်း၊ စာကြည့်တိုက်ဝန်ထမ်းများအား အရည်အသွေးတိုးမြှင့်စေရန် ပညာရပ်ဆွေးနွေးပွဲများ မွမ်းမံသင်တန်းများကိုပြုလုပ်ပေးခြင်း၊ ပြည်ပမှ ဖိတ်ခေါ်သော အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ အစည်းအဝေးများသို့ပါဝင်တက်ရောက်နိုင်စေရန် စေလွှတ်ခြင်း၊ စာကြည့်တိုက်ဝန်ထမ်းများ အင်္ဂလိပ်စာအရည်အသွေးတိုးတက်မြင့်မားလာစေရန် အင်္ဂလိပ်စာဘာသာရပ်ကို အမျိုးသားစာကြည့်တိုက်တွင် အစိုးရဝန်ကြီးဌာနအချင်းချင်းပူးပေါင်း၍ နိုင်ငံခြားမှပညာရှင်များဖိတ်ခေါ်၍ ဖွင့်လှစ်သင်ကြားပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ (၁၀)သို့

ပြည်တွင်းသတင်း

လုပ်ငန်းလမ်းညွှန်ရည်ရွယ်ချက်များ ထပ်ဆင့်ရှင်းလင်း

လှိုင်ကော် ဩဂုတ် ၂၉

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၏ သတ္တမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းလမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ကယားပြည်နယ် တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၆ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ မှာကြားချက်များ၊ ဆောင်ရွက်ရန်ရှိသည်များ၊ ရှေ့လုပ်ငန်းစဉ်များကို ပြည်နယ်တရားသူကြီးချုပ် ဦးကျော်လင်းမောင်နှင့် ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်အေးအေးမွန်တို့က ထပ်ဆင့်ရှင်းလင်းပြောကြားသည်။ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားရေး ဦးစီးမှူးနှင့် ပြည်နယ်အတွင်းရှိ တရားရေးအရာရှိများ တက်ရောက်ကြသည်။ **ပြည်နယ်တရားလွှတ်တော်**

မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုး နယ်လှည့်ဆောင်ရွက်မည်

နေပြည်တော် ဩဂုတ် ၂၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မှ ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာအပ်ပါသည်-

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	မြို့နယ်
၁	ကချင်ပြည်နယ်	ပူတာအို၊ ရွှေကူ၊ ဟိုပင်
၂	ကယားပြည်နယ်	ရှားတော
၃	စစ်ကိုင်းတိုင်းဒေသကြီး	ခန္တီး၊ ကွန်းလှ၊ ကန့်ဘလူ၊ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ တမူး
၄	တနင်္သာရီတိုင်းဒေသကြီး	ပုလော
၅	ပဲခူးတိုင်းဒေသကြီး	သဲကုန်း
၆	မကွေးတိုင်းဒေသကြီး	ချောက်၊ ပွင့်ဖြူ၊ အောင်လံ
၇	မန္တလေးတိုင်းဒေသကြီး	မိုးကုတ်၊ ကျောက်ပန်းတောင်း၊ ညောင်ဦး
၈	မွန်ပြည်နယ်	မုဒုံ
၉	ရခိုင်ပြည်နယ်	ဘူးသီးတောင်၊ မောင်တော
၁၀	ရန်ကုန်တိုင်းဒေသကြီး	တိုက်ကြီး၊ ဒလ
၁၁	ရှမ်းပြည်နယ်	ဟိုပုံး၊ ရွာငံ၊ ကွန်ဟိန်း၊ ကွမ်းလုံ၊ ဟိုပန်၊ နောင်ချို
၁၂	ဧရာဝတီတိုင်းဒေသကြီး	မြောင်းမြ၊ ဓနုဖြူ၊ အင်္ဂပူ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများသတင်းပို့နေရာ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၉

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပထွက်ခွာ(Departure) နှင့် ပြည်ပဆိုက်ရောက် (Arrival)တို့ရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ သတင်းပို့နေရာ (Myanmar Migrant Workers' Reporting Counter) များတွင် မြန်မာရွှေ့ပြောင်းလုပ်သားများ ပြည်ပထွက်ခွာနှင့်ဆိုက်ရောက်ချိန်တို့၌ လိုအပ်သည့်အချက်အလက်များသတင်းပို့ခြင်း ဆောင်ရွက်နေမှုကို ဩဂုတ် ၂၉ ရက်ညနေပိုင်းက သွားရောက်စစ်ဆေးခဲ့သည်။

ယင်းသို့စစ်ဆေးရာတွင် သတင်းပို့နေရာများ၌ ထွက်ခွာသူများနှင့် ပြန်လည်ရောက်ရှိသူများအတွက် ကွန်ပျူတာအသုံးပြု၍ အချက်အလက်များ ထည့်သွင်းမှတ်တမ်းတင်ခြင်း၊ အလုပ်သမားများမှ သိရှိလိုသည့် အချက်အလက်များဖြေကြားပေးခြင်း၊ ထိုင်း၊ မလေးရှား၊ ကိုရီးယား သမ္မတနိုင်ငံများရှိ မြန်မာသံရုံးဖုန်းနံပါတ်များ၊ ထိုနိုင်ငံများ၏ တည်ဆဲဥပဒေနှင့် အလုပ်သမားရေးရာ ဥပဒေအကျဉ်းများ၊ တာဝန်ပေးထားသည့် အလုပ်သမားသံအရာရှိများ၏ ဖုန်းနံပါတ်များပါရှိသော လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းစသည်ဖြင့် တာဝန်ကျဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို စစ်ဆေးကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် စပ်လျဉ်း၍ အဝင်အထွက် စာရင်းအင်းနှင့် သတင်းအချက်အလက်များရရှိစေရန်၊ လိုအပ်သည့်အကူအညီနှင့် ကာကွယ်စောင့်ရှောက်မှုများ ပေးနိုင်ရန် ရည်ရွယ်လျက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ပြည်ပထွက်ခွာ (Departure) နှင့် ပြည်ပဆိုက်ရောက်(Arrival)တို့၌ မြန်မာရွှေ့ပြောင်းအလုပ်သမား သတင်းပို့နေရာ (Myanmar Migrant Workers' Reporting Counter) တစ်ခုစီကို ၂၀၁၄ ခုနှစ် ဇူလိုင် ၂၀ ရက်က ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်တို့က တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယနေ့အထိ မလေးရှား၊ စင်ကာပူ၊ ဂျပန်၊ ထိုင်း၊ ကိုရီးယား၊ ဟောင်ကောင်၊ ကာတာ၊ ယူအေအီး စသည့်နိုင်ငံများသို့ ထွက်ခွာသည့်လုပ်သားကျား ၂၃၂၂ ဦး၊ မ ၂၄၀ စုစုပေါင်း ၂၅၆၂ ဦးနှင့် မလေးရှား၊ တရုတ်၊ ဒူဘိုင်း၊ ကိုရီးယား၊ မကာအို၊ ကာတာ၊ ယူအေအီး၊ ထိုင်း၊ စင်ကာပူနိုင်ငံတို့မှ ပြန်လည်ရောက်ရှိသည့် လုပ်သားကျား ၃၂၈ ဦး၊ မ ၁၀၃ ဦး စုစုပေါင်း ၄၃၁ ဦးတို့ သတင်းပို့ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် လိုအပ်သည့်ဝန်ဆောင်မှုများနှင့် အကူအညီများပေးနိုင်ရန် ပြည်ပထွက်ခွာနှင့် ပြည်ပဆိုက်ရောက် မြန်မာရွှေ့ပြောင်းလုပ်သားများအားလုံး အဆိုပါသတင်းပို့နေရာများ၌ မပျက်မကွက်ဆက်သွယ်ဆောင်ရွက်ကြရန် သက်ဆိုင်ရာမှ မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီမြေထိန်းနံရံ ရေကာတာပြိုကျ လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိ

မြင်းမူ ဩဂုတ် ၂၉

ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီခန့်က မြင်းမူမြို့အသောကရပ်ကွက် ကမ်းနားလမ်း၌ ဧရာဝတီမြစ်ရေ တိုက်စားမှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် အုတ်ရိုးစီမြေထိန်းနံရံ(ရေကာတာ) ၃၅ ပေခန့် ပြိုကျသွားခဲ့သည်။ **(ယာပုံ)** ပြိုကျသည့်နေရာ အရှေ့ဘက်ကပ်လျက် ပေ ၃၀ ခန့် အက်ကြောင်းရှိနေသေး၍ နောက်ထပ်ပြိုကျမည့်အန္တရာယ် ဖြစ်ပေါ်နိုင်သေးသည်။ အုတ်ရိုးစီမြေထိန်းနံရံပြိုကျခဲ့မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးမှာ သိန်း ၄၀ ခန့်ရှိသည်။ ယနေ့မြစ်ရေချိန် ၁၀၁၆ စင်တီမီတာရှိပြီး ဧရာဝတီမြစ်ရေ စိုးရိမ်ရေအမှတ်မှာ ၁၁၅၀ စင်တီမီတာ ဖြစ်ကြောင်း သိရှိရသည်။ ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီခန့်က အုတ်ရိုးစီမြေထိန်းနံရံပြိုကျမှုကို တောင်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းက သက်ဆိုင်ရာသို့ အကြောင်းကြား၍ မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီခိုင်နှင့်အဖွဲ့ဝင်များ၊ မြင်းမူမြို့မရဲစခန်းမှူး ဒုတိယရဲမှူး အုန်းလွင်နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ လာရောက်ကာ ဆက်လက်မြေပြိုမှုမရှိစေရေးဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်။ **ကိုကိုနိုင်(မြင်းမူ)**

✳ ***ကျောဖုံးမှ***

"ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ဒီထက်အရည်သွေးကောင်းမွန်ပြီး ပြည်သူတွေပိုမိုယုံကြည်လက်ခံနိုင်အောင် အချိန်နဲ့တစ်ပြေးညီ ဝန်ဆောင်မှုတွေကို တစ်ခုပြီးတစ်ခု လုပ်ဆောင်ပေးသွားမှာပါ။ အခုလည်း လာမယ့် စက်တင်ဘာ ၁ ရက်ကစတင်ပြီး GSM ဆင်းကတ်တွေကို နိုင်ငံတစ်ဝန်းမှာရှိတဲ့ အရောင်းကိုယ်စားလှယ်ဆိုင်ကြီးတွေမှာ ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ အရင်ကတော့ အားနည်းခဲ့တာမှန်ပါတယ်။ အခုနောက်ပိုင်းတော့ ဘက်ပေါင်းစုံက ပြုပြင်ပြီး ကောင်းသထက်ကောင်းအောင် ပြည်သူတွေကို ဝန်ဆောင်မှုအသစ်တွေပေးနိုင်အောင် ကြိုးစားလုပ်ဆောင်နေပါတယ်" ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့်စာတိုက်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးကျော်စိုးက မြန်မာ့အလင်းသို့ ပြောကြားသည်။

ဝယ်ယူနိုင်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ၂၀၁၄ ခုနှစ်အတွင်း တန်ဖိုးနည်းဖုန်း GSM ဆင်းကတ်များကို သန်းနှင့်ချီ ရောင်းချပေးသွားမည်ဖြစ်ပြီး ယခုလာမည့် စက်တင်ဘာ ၁ ရက်မှစတင်ကာ ရောင်းချပေးသွားမည့် မြို့များမှာ နေပြည်တော်တွင် ဒက္ခိဏသီရိ၊ လယ်ဝေး၊ ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ ပျဉ်းမနား၊ တပ်ကုန်း၊ ဇမ္ဗူသီရိနှင့် ဇေယျာသီရိ၊ ရန်ကုန်တွင် ဗိုလ်တထောင်၊ ဒဂုံမြို့သစ်၊ ဒေါပုံ၊ မင်္ဂလာတောင်ညွန့်၊ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ ပုဇွန်တောင်၊ တာမွေ၊ သာကေတ၊ သင်္ဃန်းကျွန်း၊ ရန်ကင်း၊ လှိုင်သာယာ၊ လှည်းကူး၊ မှော်ဘီ၊ ထန်းတပင်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ တိုက်ကြီး၊ အလုံ၊ ဗဟန်း၊ ဒဂုံ၊ ကိုကိုးကျွန်း၊ ဒလ၊ လှိုင်၊ ကမာရွတ်၊ ကော့မှူး၊ ခရမ်း၊ ကွမ်းခြံကုန်း၊ ကျောက်တံတား၊ ကျောက်တန်း၊ ကြည့်မြင်တိုင်၊ လမ်းမတော်၊ လသာ၊ မရမ်းကုန်း၊ ပန်းဘဲတန်း၊ စမ်းချောင်း၊ ဆိပ်ကြီးခနောင်တို၊ ဆိပ်ကမ်း၊ သန်လျင်နှင့် သုံးခွ၊ မန္တလေးတွင် အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ မိုးကုတ်၊ ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ စဉ့်ကူး၊ အမရပူရ၊ ချမ်းမြသာစည်၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ မိတ္ထီလာ၊ ပြည်ကြီးတံခွန်၊ စဉ့်ကိုင်၊ တံတားဦးနှင့် သာစည်၊ ပဲခူးတိုင်းဒေသကြီးတွင် ပဲခူး၊ ပြည်၊ ဒိုက်ဦး၊ ကဝ၊ ကျောက်ကြီး၊ ကျောက်တံခါး၊ ညောင်လေးပင်၊ အုတ်တွင်း၊ ဖြူး၊ ရွှေကျင်၊ ထန်းတပင်၊ တောင်ငူ၊ သနပ်ပင်၊ ဝေါ၊ ရေတာရှည်၊ ကြို့ပင်ကောက်၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ နတ်တလင်း၊ အုတ်ဖို၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတည်၊ ရွှေတောင်၊ သာယာဝတီ၊ သဲကုန်းနှင့် ဇီးကုန်း၊ ကချင်ပြည်နယ်တွင် မြစ်ကြီးနား၊ ဗန်းမော်၊ ဖားကန့်၊ မိုးကောင်း၊ မိုးညှင်း၊ ရွှေကူ၊ တနိုင်း၊ ကယားပြည်နယ်တွင် လွိုင်ကော်၊ ကရင်ပြည်နယ်တွင် ဘားအံ၊ လှိုင်းဘွဲ၊ ဖာပွန်၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးနှင့် မြဝတီ၊ ချင်းပြည်နယ်တွင် ဟားခါး၊ ဖလမ်း၊ မင်းတပ်နှင့် တီးတိန်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာ၊ ဘုတလင်၊ ခန္တီး၊ ဟုမ္မလင်း၊ အင်းတော်၊ ကလေး၊ ကလေးဝ၊ ကန့်ဘလူ၊ ကောလင်း၊ မော်လိုက်၊ မြင်းမူ၊ ပုလဲ၊ စစ်ကိုင်းနှင့် ဝန်းသို၊ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်၊ ဘုတ်ပြင်း၊ ကော့သောင်း ၊ ကျွန်းစု၊ လောင်းလုံ၊ မြိတ်၊ ပုလောနှင့် ရေဖြူ၊ မွန်ပြည်နယ်တွင် မော်လမြိုင်၊ ဘီးလင်း၊ ချောင်းဆုံ၊ ကျိုက်မရော၊ ကျိုက်ထို၊ မုဒုံ၊ ပေါင်၊ သံဖြူဇရပ်၊ သထုံနှင့် ရေး၊ ရခိုင်ပြည်နယ်တွင် စစ်တွေ၊ အမ်း၊ ဘူးသီးတောင်၊ မောင်တော၊ ဂွ၊ ကျောက်ဖြူ၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦး၊ မန်အောင်၊ မြေပုံ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရမ်းဗြဲ၊ ရသေ့တောင်၊ သံတွဲနှင့် တောင်ကုတ်၊ ရှမ်းပြည်နယ်တွင် တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းတုံ၊ တာချီလိတ်၊ သိန်းနီ၊ ကွတ်ခိုင်၊ လောက်ကိုင်၊ မဘိမ်း၊ မန်တုံ၊ မိုးမိတ်၊ မိုးညှင်း၊ မူဆယ်၊ နမ့်ခမ်း၊ နောင်ချို၊ ကလော၊ ကွန်ဟိန်း၊ လဲချား၊ လင်းခေး၊ ရပ်စောက်၊ လွိုင်လင်၊ မိုင်းရှူး၊ မိုးနဲ၊ နမ့်စန်၊ ညောင်ရွှေ၊ ဖယ်ခုံ၊ ပင်းတယ၊ ပင်လောင်းနှင့် ရွာငံ၊ မကွေးတိုင်းဒေသကြီးတွင် မကွေး၊ အောင်လံ၊ ချောက်၊ ဂန့်ဂေါ၊ ကံမ၊ မင်းဘူး၊ မင်းတုန်း၊ မင်းလှ၊ မြိုင်၊ မြို့သစ်၊ နတ်မောက်၊ ငဖဲ၊ ပခုက္ကူ၊ ပေါက်၊ ပွင့်ဖြူ၊ စလင်း၊ ဆော၊ ဆိပ်ဖြူ၊ စေတုတ္တရာ၊ ဆင်ပေါင်ဝဲ၊ တောင်တွင်းကြီး၊ သရက်၊ ထီးလင်း၊ ရေနံချောင်းနှင့် ရေစကြို၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်၊ ဘိုကလေး၊ ဓနုဖြူ၊ ဒေးဒရဲ၊ အိမ်မဲ၊ ဟင်္သာတ၊ အင်္ဂပူ၊ ကန်ကြီးထောင့်၊ ကျိုက်လတ်၊ ကြံခင်း၊ ကျောင်းကုန်း၊ ကျုံပျော်၊ လပွတ္တာ၊ လေးမျက်နှာ၊ မအူပင်၊ မော်လမြိုင်ကျွန်း၊ မြန်အောင်၊ မြောင်းမြ၊ ငပုတော၊ ညောင်တုန်း၊ ပန်းတနော်၊ ဖျာပုံ၊ သာပေါင်း၊ ဝါးခယ်မ၊ ရေကြည်နှင့် ဇလွန်မြို့များရှိ အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများတွင် ဝယ်ယူနိုင်ကြောင်းသိရသည်။ နိုင်ငံတစ်ဝန်း ကျန်ရှိသည့်မြို့များတွင်လည်း ဆက်လက်ရောင်းချသွားနိုင်ရေးနှင့် မြန်မာ့ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ယခင်ကထက် အရည်အသွေး ကောင်းသထက်ကောင်းအောင် ပြည်သူ့ဝန်ဆောင်မှုအနေဖြင့် လက်တွေ့ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

❁ ***ရှေ့ဖုံးမှ***

(မြောက်ပိုင်း) ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် တွဲဖက်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပြီးစီးတော့မည်ဖြစ်သည်။

လမ်းအူကြောင်းအရှည်စုစုပေါင်း ၁၅ မိုင် ၄ ဖာလုံရှိ၍ လမ်းအစမှာ မန္တလေး-လားရှိုး-မူဆယ်အဝေးပြေး ပြည်ထောင်စုလမ်းမကြီး၏ မိုင်တိုင်အမှတ် (၁၆၅/၀)၏ ဘယ်ဘက်မှ စတင်ခွဲထွက်ခဲ့ပြီး လမ်းအဆုံးမှာ ပြည်ထောင်စုလမ်းမကြီး၏ မိုင်တိုင်အမှတ် (၁၈၃/၂)တွင် ပြန်လည်ဆုံသည်ဟု သိရသည်။

ကျွန်တော်သည် ယခုဩဂုတ် ၂၆ ရက်က လားရှိုးသို့ ခေတ္တရောက်ရှိစဉ် အဆိုပါ မြို့ရှောင်ကားလမ်း ဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး အေးရှားဝေါလ်လမ်းဖောက်လုပ်ရေးကုမ္ပဏီမှ စီမံကိန်းအင်ဂျင်နီယာ ဦးစိုင်းကံမင်းကို လမ်းဖောက်လုပ်နေမှုနှင့်ပတ်သက်၍ မေးကြည့်ရာ ၎င်းက လားရှိုးမြို့ရှောင်လမ်းသည် ပြည်ထောင်စုလမ်းမကြီးမှ ခွဲထွက်၍ မိုင်တိုင်အမှတ် (၆/၁) တွင် လားရှိုး-နမ္မတူလမ်းကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၉/၆)တွင် နမ့်ယော်ချောင်းကို လည်းကောင်း ဖြတ်သန်းသွားမည်ဖြစ်သဖြင့် သဘာဝအနေအထားအရ အပိုင်းသုံးပိုင်းဖြစ်ကြောင်း၊ အပိုင်း(၁)တွင် နှစ်ဖွဲ့၊ အပိုင်း(၂)တွင် တစ်ဖွဲ့၊ အပိုင်း(၃)တွင် တစ်ဖွဲ့၊ စုစုပေါင်းလေးဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ရာ မြေကြီးလုပ်ငန်းတွင် ဖြတ်မြေဖို့မြေ စုစုပေါင်း မြေကြီးကျင်း ၆၁၄၉၁၈ ကျင်း၊ တံတားလုပ်ငန်းတွင် Bridge and Culvert များ ၅၇ ခု၊ မိုင်တိုင် (၉/၆) တွင် နမ့်ယော်ချောင်းကိုဖြတ်မည့် ပေ ၂၂၀ ရှိ တံတားကြီးတစ်စင်းနှင့် ပေါင်း Culvert ၅၈ ခု တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း၊ လမ်းခင်းလုပ်ငန်းတွင် လမ်းဖြတ်ပိုင်းလျှာထားချက်ကို (၁) Sub-base Course ဖြုန်းလွှာ ၁၅ လက်မထု၊ (၂) Cement Stabilized Gravel Base Course ရှစ်လက်မထု၊ (၃) Prime Coat ၊(၄) Wearing Course (AC) နှစ်လက်မထုတို့ဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းပုံစံရရှိပြီးဖြစ်ကြောင်း၊ မြေကြီးလုပ်ငန်း ပထမလွှာခင်းခြင်း လုပ်ငန်းနှင့် ဒုတိယလွှာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ Cement Stabilized Gravel Base ရှစ်လက်မထုခင်းခြင်းလုပ်ငန်းကို ဧပြီ ၁ ရက်က စတင်ဆောင်ရွက်နေရာ ယခုအချိန်ထိ ပြီးစီးမှုမှာ ငါးမိုင်ခင်းပြီးဖြစ်ပါကြောင်း ရှင်းပြသည်။

ကာကွယ်ပေးနိုင်

လားရှိုးမြို့ရှောင်လမ်းမှာ မြေသားတာပေါင် အကျယ်ပေ ၄၀ ရှိပြီး ၂၈ ပေ အကျယ် နိုင်လွန်ကတ္တရာလမ်းဖြစ်သောကြောင့် မြို့ရှောင်လမ်းပြီးစီးပါက မန္တလေး-လားရှိုး-မူဆယ်သို့ သွားလာမောင်းနှင်ကြသည့် ကုန်တင်ကားကြီးများကို မြို့တွင်း၌ ဖြတ်သန်းမောင်းနှင်ခွင့် ပြုမည်မဟုတ်သဖြင့် မြို့တွင်းကားလမ်းပိတ်ဆို့ရှုပ်ထွေးမှုရှိတော့မည်မဟုတ်ဘဲ နှစ်စဉ်ရေကြီးမှုဘေးကိုလည်း အဆိုပါမြို့ရှောင်လမ်းက ကာကွယ်ပေးနိုင်မည်ဟု သိရသည်။

ပြည်တွင်းသတင်း

● ရှေ့ဖုံးမှ

ထိုးဖောက်ဝင်ရောက်ပြသနိုင်ရန် အခွင့်အလမ်းမှာ အားကစားကဏ္ဍအနေဖြင့် အားကစားနည်းပေါင်းများစွာ ရှိခဲ့သော်လည်း နိုင်ငံ၏ အမျိုးသား အားကစားဖြစ်သည့် ဘောလုံး အားကစားနည်းသည် မြန်မာ အားကစားသမားများ ယှဉ်ပြိုင်ကြသည့် အားကစားပြိုင်ပွဲအမျိုးအစား အားလုံးထဲတွင် မြန်မာပရိသတ် လူကြီး၊ လူလတ်၊ လူငယ် ကလေးအစ ကျား၊ မ မရွေး အထူးနှစ်ခြိုက်ပြီး စိတ်ပါဝင်စားမှု အရှိဆုံးသော အားကစားနည်းတစ်ခုဖြစ်ပါကြောင်း၊ အထူးသဖြင့် နိုင်ငံအလိုက်ယှဉ်ပြိုင်ကြရသည့် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာဘောလုံးအသင်းအောင်နိုင်ရေးအတွက် တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက် တစ်ခဲနက်စိတ်ဓာတ်တက်ကြွစွာ အားပေးကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ အခြားအားကစားနည်းများ၏ အောင်မြင်မှုကို ဘောလုံးအားကစားနည်း၏ အောင်မြင်မှုက လွှမ်းခြုံသွားနိုင်စွမ်းရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ယနေ့အောင်မြင်မှုရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် အသက် ၁၉ နှစ်အောက် ဘောလုံးအသင်း၏ အခြေအနေကို ပြန်ကြည့်လျှင် ယခုကဲ့သို့ အောင်မြင်မှုရရှိရန် မြန်မာ့လူငယ်ဘောလုံးအသင်းသည် လွန်ခဲ့သည့် တစ်နှစ်ခွဲလောက်ကတည်းက ကြိုတင်ပြင်ဆင်ခဲ့ကြပါကြောင်း၊ ဂျာမနီနည်းပြ မစ္စတာဂက်ကို တာဝန်ပေးအပ်၍ အသင်းကို စိတ်ကြိုက်ဖွဲ့စည်းစေခဲ့ပါကြောင်း၊ အတွေ့အကြုံရအောင် MNL-2ပွဲတွင် ထည့်သွင်းယှဉ်ပြိုင်စေခဲ့ပါကြောင်း၊ နိုင်ငံတကာပွဲအတော်များများကိုလည်း သွားပြီးကစားခဲ့ပါကြောင်း၊ ဂျာမနီနှင့် ချက်သမ္မတ နိုင်ငံများကိုလည်း တစ်လခန့်စေလွှတ်ပြီး ထိပ်တန်းနိုင်ငံများ၊ ကလပ်အသင်းများကို လူငယ်အသင်းများနှင့် ခြေစမ်းပွဲများ စေလွှတ်ကစားစေခဲ့ပါကြောင်း၊ ရန်ကုန်မြို့တွင်လည်း ဂျပန်အသက် ၁၉ နှစ်အောက် အသင်းကို ဖိတ်ခေါ်ပြီး ခြေစမ်းပွဲကစားစေခဲ့ပါကြောင်း။

မြန်မာ့ဘောလုံးအဆင့်အတန်းမြင့်မားလာရန် တစ်ဖက်တစ်လမ်းက ငွေကုန်ကြေးကျခံပြီး ကူညီပံ့ပိုးပေးခဲ့သည့် MNL ကလပ်အသင်းများ၏ ကြိုးစားအားထုတ်မှုများကိုလည်း အသိအမှတ်ပြုဂုဏ်ပြု မှတ်တမ်းတင်ရမည်ဖြစ်ပါကြောင်း၊ မြန်မာယူ-၁၉အသင်းကို စတင် ဖွဲ့စည်းပြင်ဆင်ကတည်းက အကြံပြုလာခဲ့ကြသည့် မီဒီယာများနှင့် ၎င်းအသင်းကို ပြိုင်ပွဲကာလတစ်လျှောက် တစ်ခဲနက်စဉ်ဆက်မပြတ်အားပေးလာခဲ့သည့် မြန်မာပြည်သူ ဘောလုံးပရိသတ်ကြီးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ အလားတူ အောင်ပွဲရ မြန်မာလူငယ် ယူ-၁၉အသင်းကို အားပေးချီးမြှင့်မှုများ ပြုလုပ်ခဲ့ကြသည့် အလှူရှင်များကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အသက် ၁၉နှစ်အောက် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအုပ်ချုပ်သူ ဦးစိုးဝင်းက မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း၏ အခြေအနေနှင့် ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အောင်ပွဲရ မြန်မာ့လက်ရွေးစင်အသက် ၁၉ နှစ်အောက် ဘောလုံးအသင်းပါဝင် ယှဉ်ပြိုင်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အောင်ပွဲရ မြန်မာ့လက်ရွေးစင်အသက် ၁၉နှစ်အောက် ဘောလုံးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တစ်ဦးချင်းပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အောင်ပွဲရ မြန်မာ့လက်ရွေးစင်အသက် ၁၉ နှစ်အောက် ဘောလုံးအသင်းမှ အားကစားသမားများ အတွက် ဂုဏ်ပြုဆု ငွေကျပ်သိန်းပေါင်း ၂၇၇၀ သိန်းကျော်ကို ပေးအပ်သည်။

အောင်ပွဲရ အသက် ၁၉ နှစ်အောက်မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို နိုင်ငံတစ်ဝန်းမှ စေတနာရှင် ၅၀ က ငွေကျပ်သိန်းပေါင်း ၂၇၇၄ သိန်းကို ထောက်ပံ့ဂုဏ်ပြုခဲ့ကြကြောင်း သိရှိရသည်။

ထို့နောက် အောင်ပွဲရ မြန်မာ့လက်ရွေးစင် အသက် ၁၉နှစ်အောက် ဘောလုံးအသင်းမှ အားကစားသမားများ ကိုယ်စား အသင်းခေါင်းဆောင် နန္ဒကျော်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အောင်ပွဲရမြန်မာ့လက်ရွေးစင် အသက် ၁၉နှစ်အောက် ဘောလုံးအသင်းမှ အားကစားသမားများ၊ နည်းပြနှင့် အသင်းအုပ်ချုပ်သူများ၊ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ညစာ သုံးဆောင်နေစဉ်အတွင်း ရုပ်ရှင်၊ ဂီတမှ အနုပညာရှင်များနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက အဆိုအကများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခံရသည့် မြန်မာလူငယ် ယူ-၁၉ အသင်းသည် အုပ်စု(က)တွင် ပါဝင်ပြီး ထိုင်း၊ တီမော၊ လာအို၊ ဖိလစ်ပိုင်တို့အား အုပ်စုပွဲတွင် အနိုင်ရရှိကာ အုပ်စုပထမအဖြစ် ဆီမီးပွဲစဉ်တွင် မလေးရှားကို ဂိုးပြတ်ဖြင့် ထပ်မံအနိုင်ရရှိခဲ့သည်။ ဗိုလ်လုပွဲတွင် တစ်ဦးချင်းဘောလုံး စွမ်းရည်ပြည့်ဝပြီး တိုက်စစ်ပိုင်းအားကောင်း၍ ခံစစ်ပိုင်း တောင့်တင်းခိုင်မာလှသည့် ဗီယက်နမ်အသင်းအား လေးဂိုး-သုံးဂိုးဖြင့် အနိုင်ကစား၍ ဘရူနိုင်းဘုရင့်ဖလားချန်ပီယံဆုကို မြန်မာ့မြေပေါ်သို့ ဂုဏ်ယူဖွယ် သယ်ဆောင်ပေးခဲ့သည့် အသင်းဖြစ်သည်။ **(သတင်းစဉ်)**

၂၀၁၄ ခုနှစ် ဘရူနိုင်းဘုရင့်ဖလားဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးရရှိခဲ့သည့် အောင်ပွဲရ မြန်မာ့လက်ရွေးစင် အသက် ၁၉ နှစ်အောက် ဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း အောင်ပွဲရ မြန်မာ့ လက်ရွေးစင် အသက် ၁၉ နှစ် အောက် ဘောလုံး အသင်းမှ အားကစားသမားများ အတွက် ဂုဏ်ပြုဆုငွေ ပေးအပ်စဉ်။ (သတင်းစဉ်)

အာဆီယံယူ-၁၉ ပြိုင်ပွဲ ထိုင်းနှင့် ခြေစမ်းပွဲကို မြန်မာယူ-၁၉ အသင်း ကစားသမား ၂၀ ဖြင့် ယှဉ်ပြိုင်မည်

ရန်ကုန် သြဂုတ် ၂၉

ဘရူနိုင်း ဘုရင့်ဖလားပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် မြန်မာယူ-၁၉ အသင်းသည် အာရှယူ-၁၉ ပြိုင်ပွဲ မတိုင်မီ ပြည်ပခရီးစဉ်များ သွားရောက်ကစားကာ အတွေ့အကြုံများ ရယူဦးမည်ဖြစ်သည်။

မြန်မာ ယူ -၁၉ လူငယ်ဘောလုံးသမားများ လေ့ကျင့်နေမှုကိုတွေ့ရစဉ်။

မြန်မာယူ-၁၉ အသင်းသည် သြဂုတ် ၃၀ ရက်တွင် အာရှ အားကစားပြိုင်ပွဲဝင်မည့် ထိုင်းယူ-၂၃ အသင်းနှင့် ဖူးခက်တွင် ခြေစမ်းကစားမည်ဖြစ်ပြီး ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင်ကျင်းပမည့် အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၅ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စု(က)တွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ အုပ်စု(ခ)တွင် ဂျပန်၊ သြစတြေးလျနှင့် အိမ်ရှင် ဗီယက်နမ်တို့ ပါဝင်နေသည်။ မြန်မာအသင်းမှာ ဖူးခက်တွင် သုံးရက်ကြာ လေ့ကျင့်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် ဗီယက်နမ်သို့ ထွက်ခွာမည်ဖြစ်သည်။

မြန်မာယူ-၁၉ အသင်းတွင် အုပ်ချုပ်သူ ဦးစိုးဝင်း၊ နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ ဦးညီညီလတ်၊ ဂိုးနည်းပြ ဦးမြတ်ကိုမင်း၊ ကစားသမားများအဖြစ် **ဂိုးသမား**-မျိုးမင်းလတ်၊ ထက်လင်းဦး၊ **နောက်တန်း**- ထိုက်ထိုက်အောင်၊ နန်းဝေမင်း၊ နိုင်လင်းထွန်း၊ နန္ဒကျော်၊ သီဟထက်အောင်၊ **အလယ်တန်း**- ကျော်မင်းဦး၊ ငြိမ်းချမ်းအောင်၊ စွမ်းထက်အောင်၊ ချစ်လှအောင်၊ မျိုးကိုထွန်း၊ ရန်လင်းအောင်၊ ရန်နိုင်ဦး၊ ရွှေဝင်းထွန်း၊ မောင်မောင်စိုး၊ **ရှေ့တန်း**-အောင်သူ၊ သန်းပိုင်၊ ရှိုင်းသူရနှင့် မောင်မောင်လွင်တို့ပါဝင်ကြသည်။ မြန်မာယူ-၁၉ အသင်းမှာ သြဂုတ် ၃၀ ရက် **(ယနေ့)** နံနက်ပိုင်းတွင် ထိုင်းသို့ ထွက်ခွာမည်ဖြစ်သည်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်

နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များရင်းနှီးစွာဆွေးနွေး

နေပြည်တော် သြဂုတ် ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်ပစ္စည်းအရည်အသွေးကြီးကြပ်ရေး၊ စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်မှု အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (AQSIQ) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Li Qilei ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သြဂုတ် ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲတွင် တွေ့ဆုံသည်။

နှစ်ဖက်ပူးပေါင်းဆောင်ရွက်

အဆိုပါတွေ့ဆုံပွဲ၌ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံမှ ဆန်၊ ပြောင်းတင်ပို့ရာတွင် ပိုးမွှားကင်းစင်ရေးနှင့် အဆင်ပြေချောမွေ့မှုရှိစေရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မိုးလေဝသ အခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။

❒ *ကျောဖုံးမှ*

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E.Mr. Alexey V.Ulyukaev တို့က လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် ကော်မရှင်ပူးတွဲဥက္ကဋ္ဌများက နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ဒုတိယသမ္မတနှင့်အတူ အခမ်းအနားသို့တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပရာ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ လေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သတင်းအချက်အလက်၊ နည်းပညာနှင့် ဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် အခြားကဏ္ဍများအား ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

လုပ်ငန်းအဆင့်ဆင့်အား အချိန်ယူဆောင်ရွက်ရသည်ဖြစ်၍ ပင်မသန်းခေါင်စာရင်းအချက်အလက်များအား ၂၀၁၅ ခုနှစ် မေလခန့်တွင် ထုတ်ပြန်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ပင်မသန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များမထုတ်ပြန်မီ နိုင်ငံတော်၏စီမံကိန်းများနှင့်မူဝါဒများချမှတ်ရာတွင်လည်းကောင်း၊ ဌာနဆိုင်ရာများ၏ လိုအပ်ချက်အားလည်းကောင်း၊ အထိုက်အလျောက် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ရွှေ့ပြောင်းလူဦးရေစာရင်းကို ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

ရွှေ့ပြောင်းလူဦးရေစာရင်းသည် စာရင်းကောက်များမှ မြေပြင်ကောက်ယူ ဖြည့်သွင်းထားသော နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်/ ကောက်ကွက်အလိုက် အိမ်ထောင်စုလူဦးရေ၊ ကျား/မ အရေအတွက် စသည်တို့ကို ဖော်ပြထားသော ကောက်ကွက်တစ်ခုချင်းစီ၏ စာရင်းချုပ် မှတွက်ချက်ထားခြင်းဖြစ်ပါသည်။

သို့ပါ၍ ကောက်ကွက်တစ်ခုချင်း၏ လက်ပေါင်းဇယားစာရင်းချုပ်မှ ကနဦးအဆင့်ရရှိထားသည့် ရွှေ့ပြောင်းလူဦးရေစာရင်းအရ မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့ ညသန်းခေါင်ယံအချိန်၌ရှိနေကြသော (ပြည်ပရှိ မြန်မာသံရုံးများမှ ဝန်ထမ်းများအပါအဝင်) မြန်မာနိုင်ငံ၏လူဦးရေမှာ ၅၁၄၁၉၄၂၀ ဦးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရွှေ့ပြောင်းလူဦးရေဆိုင်ရာ အသေးစိတ်အချက်အလက်များကို ၃၀-၈-၂၀၁၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ထပ်ဆင့်ရှင်းလင်းသွားမည်ဖြစ်ပါသည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်

ပြည်တွင်းသတင်း

မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ပြည်ပရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ် ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးတက်အောင်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၉

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတိယအဆင့် အရှိန်မြှင့်တင်ဆောင်ရွက်သွားနိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ကိုရီးယားသမ္မတနိုင်ငံ တရားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပဋိညာဉ်စာချုပ်များ အသက်ဝင်စေရေး (Ease of Doing Business, Enforcing Contracts in Myanmar) နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပခဲ့ရာ ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ နာယကသမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ ကိုရီးယားသမ္မတနိုင်ငံ တရားရေးဝန်ကြီးဌာနမှ Mr.Jun-Sik Lee နှင့် တရားရေးဆိုင်ရာကျွမ်းကျင်သူများတက်ရောက်ခဲ့ကြသည်။



အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော် ပြုပြင်ပြောင်းလဲမှုများကို တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ် (၇) ရပ်တွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် အရေးကြီးသော မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာစာချုပ်များ အသက်ဝင်ခြင်းနှင့် စွမ်းရည်မြှင့်တင်နိုင်ရေးတို့အတွက် ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း၊ အစိုးရသစ်တာဝန်ယူပြီးချိန်မှစ၍ ပြုပြင်ပြောင်းလဲမှုများကို ကဏ္ဍပေါင်းစုံ၌ ဆောင်ရွက်လျက်ရှိရာ ဥပဒေလုပ်ထုံးလုပ်နည်းများကိုလည်း ခေတ်နှင့် လျော်ညီအောင် ပြင်ဆင်ဖြည့်စွက်ရေးဆွဲလျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုမူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းများ တိုးတက်ကောင်းမွန်လာသည်နှင့် အမျှ အာရှနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မှာဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းပေါ်ပေါက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးတက်အောင် ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ အဆင်ပြေချောမွေ့စေမည့် စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်၏ အကြံပြုချက်များအရ လက်ရှိအခြေအနေများကို ပိုမိုတိုးတက်အောင် ဖြေလျှော့ဆောင်ရွက်ပေးရမည့် နည်းလမ်းများ၊ ပြည်တွင်းမှာ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေမည့်ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းများကိုပြင်ဆင်နိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီများ ရယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများနှင့် လိုက်လျောညီထွေဖြစ်စေသည့်အနေအထားသို့ ရောက်ရှိအောင် စာချုပ်များ အသက်ဝင်ခြင်းကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဤသို့ စာချုပ်များအသက်ဝင်ခြင်းကြောင့် တရားမဝင် ဆောင်ရွက်မှုများကို လျှော့ချနိုင်မည်ဖြစ်ပြီး ငွေကြေးအထောက်အပံ့များ ပိုမိုဖြစ်ပေါ်လာပြီး ကုန်သွယ်မှုတိုးမြှင့်လာနိုင်သည်နှင့်အမျှ ပုဂ္ဂလိကကဏ္ဍသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကိုရီးယားသမ္မတနိုင်ငံ တရားရေးဝန်ကြီးဌာနမှ ပညာရှင်များ၊ မြန်မာနိုင်ငံမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက စာတမ်းငါးစောင်ကို ဆွေးနွေးတင်ပြကြရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည့်အပေါ် စာတမ်းရှင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးစပါး ထွန်တုံးပိတ်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်၏ ၂၀၁၄-၂၀၁၅ မိုးစပါးထွန်တုံးပိတ်ပွဲကို ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီက ခရမ်းကိုင်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၈၂၃) တောင်သူဦးအောင်မြင့်၏ လယ်သုံးဧက၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင်(လယ်ဝေးမြို့နယ်တာဝန်ခံ) ဦးမြင့်ဆွေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံ တောင်သူများ တက်ရောက်ကြသည်။

ထွန်တုံးပိတ်ပွဲတွင် နေပြည်တော်ကောင်စီဝင် (လယ်ဝေးမြို့နယ်တာဝန်ခံ)က တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံရာတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးခေါင်၊ ရေကြီးခြင်းများ ဖြစ်ပေါ်တတ်သဖြင့် ကြိုတင်စီမံ ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးပြီး စပါးစိုက်ခင်းများ အထွက်နှုန်းတိုးတက်ရေးအတွက် စိုက်ပျိုးရေမှအစ သွင်းအားစုများ ထည့်သွင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးရေတွက်ခြေကိုက်မှုရှိသော မျိုးများပြောင်းလဲအသုံးပြုရေး ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထွက်ရှိလာသော သီးနှံများကို ဈေးကွက်ရရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်၍ လုပ်ဆောင်သင့်ကြောင်း ပြောကြားခဲ့သည်။

လယ်ဝေးမြို့နယ်တွင် ၂၀၁၄-၂၀၁၅ မိုးစပါးစိုက်ပျိုးရာသီတွင် စိုက်ဧက ၆၀၅၀၀ လျာထားခဲ့ရာ စိုက်ပျိုးရာသီအပြီးတွင် ၆၀၇၂၀ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။**(သတင်းစဉ်)**

အမျိုးသားပညာရေးဥပဒေ(မူကြမ်း) စကားဝိုင်းဆွေးနွေးပွဲ ကောက်နုတ်ချက်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည့် Education Talk အစီအစဉ်တွင် ဦးမျိုးမြတ်သူနှင့် ရန်ကုန်တက္ကသိုလ်ဥပဒေဌာနမှ အငြိမ်းစားပါမောက္ခ ဒေါက်တာဒေါ်သန်းနွဲ့၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဥပဒေဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်ခင်ချစ်ချစ်၊ ဆရာကြီးဒေါက်တာခင်မောင်ညိုတို့ အမျိုးသားပညာရေးဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်များကို ပြန်လည်ကောက်နုတ်တင်ပြလိုက်ပါသည်။

အမျိုးသားပညာရေးဥပဒေဆိုသည်မှာ

ပညာရေးဆိုသည်မှာ လူတစ်စုတစ်ဖွဲ့တည်းနှင့် သက်ဆိုင်သော ကိစ္စမဟုတ်ဘဲ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသူ၊ နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သော ကိစ္စရပ်ဖြစ်ပါသည်။ ထို့ကြောင့် ပညာရေးသည် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးပြောင်းလဲမှုများတွင် အဓိကကျသည့်ကဏ္ဍဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသားပညာရေးဥပဒေရေးဆွဲရန်လိုအပ်လာသဖြင့် ဤလုပ်ငန်းကို စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ အမျိုးသားပညာရေးဥပဒေ၏ အနေအထားမှာ အားလုံးကိုခြုံငုံပြီး မူဝါဒတစ်ရပ် ချမှတ်အကောင်အထည်ဖော်သည့်အခါ ရှေ့ဆောင်လမ်းပြဖြစ်သွားရန်ဆိုသည့် Mother Law ဖြစ်ကြောင်း သိရှိရပါသည်။

အမျိုးသားပညာရေးဥပဒေတွင် ပြင်ဆင်မှုများ

အမျိုးသားပညာရေးဥပဒေသည် ရေရှည်တည်တံ့ခိုင်မြဲသည့်ဥပဒေဖြစ်ရန် လိုအပ်ပြီး နိုင်ငံတော်သမ္မတကြီးကလည်း လက်တွေ့ကျသည့် အကောင်အထည်ဖော်မှုကို ဆောင်ရွက်ရမည်ဟု လမ်းညွှန်ထားသည့်အတွက် ၂၀၁၃ ခုနှစ် အောက်တိုဘာလမှ စပြီး အဖွဲ့ငယ်များဖွဲ့ပြီး ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပညာရေးနှင့်ပတ်သက်ပြီး လက်တွေ့ကျသည့် မြှင့်တင်မှုလုပ်ရန်အတွက် ရည်ရွယ်၍ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီကိုဖွဲ့စည်းခဲ့ပါသည်။ ထိုကော်မတီတွင် Task Force ဟုခေါ်သော ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ Advisory Board ခေါ်သည့် အကြံပေးပညာရှင်များ၊ ပညာရေးဝန်ကြီးဌာနမှ အငြိမ်းစားယူသွားသည့် ပညာရှင်များ၊ ပြင်ပပညာရှင်များ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏ ပညာရေးကို အပြုသဘောဖြင့် ကောင်းကျိုးဆန္ဒရှိပြီး ပါဝင်ချင်သူများဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ထို Task Force နှင့် Advisory Board များအောက်တွင် ဆက်လက်ပြီး လုပ်ကိုင်အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် Working Group (၁၈)ခုကို ဖွဲ့စည်းထားပါသည်။ ထို့နောက် အမျိုးသားပညာရေးဥပဒေ(မူကြမ်း)ကို ရေးဆွဲခဲ့ပြီး မတ်လ ၁၆ ရက်နေ့မှစပြီး နိုင်ငံပိုင်သတင်းစာများတွင် အများပြည်သူလေ့လာနိုင်ရန် ထုတ်ပြန်ပေးခဲ့ပါသည်။

အမျိုးသားပညာရေးဥပဒေ(မူကြမ်း)နှင့် ပတ်သက်ပြီး အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု

သတင်းစာထဲတွင် ပါလာသည်အထိ ယင်းအဖွဲ့က အပြင်းအထန်ကြိုးပမ်းခဲ့ရသော ကာလမှာ (၆) လခန့်ရှိခဲ့ပါသည်။ ပထမဦးဆုံးအနေဖြင့် အဖွဲ့(၁၈)ဖွဲ့က ဥပဒေထဲတွင် ထည့်ပေးရန်လိုအပ်သည်များကို အကြံပြုခဲ့ကြပါသည်။

တစ်နိုင်ငံလုံး၏ ပညာရေးစနစ်မြှင့်တင်ရန်အတွက် မည်သည့်ကဏ္ဍများအလေးထားရမည်ကို အရင်ဆုံးပိုင်းခြားခဲ့ပါသည်။ ထို့နောက် ဥပဒေပြုစုသည့်အဖွဲ့က နံပါတ်(၁) မူဝါဒပိုင်းမှစပြီး စုဆောင်းခဲ့ပါသည်။ မူဝါဒနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးရှိ တက္ကသိုလ်ဆရာများ၊ ကျောင်းသားများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် (၈)ကြိမ်ခန့် ခေါ်ယူဆွေးနွေးခဲ့ပါသည်။ နိုင်ငံရေးပါတီများကိုလည်း ဖိတ်ကြားဆွေးနွေးပြီးမှ ရေးဆွဲထားခြင်းဖြစ်ပါသည်။

အမျိုးသားပညာရေးဥပဒေ(မူကြမ်း)ရေးဆွဲသည့်အဖွဲ့တွင် ပါဝင်သောအဖွဲ့အလိုက် အဖွဲ့တိုင်းကို အကြံပေးနိုင်ရန် အဖွဲ့ခေါင်းဆောင်တိုင်းကို ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များ၊ ဂျီမေးလ်လိပ်စာ၊ အီးမေးလ်လိပ်စာများဖြန့်ဝေထားခဲ့ပါသည်။ ရန်ကုန်တွင်ဆွေးနွေးမှုများလုပ်သကဲ့သို့ အောက်မြန်မာပြည်၊ အထက်မြန်မာပြည်တို့တွင်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက်ခွဲပြီး ဥပဒေဆွေးနွေးချက်များ လုပ်ခဲ့ပါသည်။ ယင်းတို့ကို ပေါင်းစပ်ပြီး အခြေကျလာသည့်အခါ နေပြည်တော်တွင် နောက်ဆုံးဖိုရမ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ ပညာရေးဝန်ထမ်းများ ပါဝင်၍နှစ်ရက်ကျင်းပခဲ့ပါသည်။ ဖိုရမ်နှစ်ရက်ကျင်းပ၍ နောက်ဆုံးရရှိလာသည်များကို ပြန်ပြင်ဆင်ပြီး အချက်အလက်များ ပြုစုခဲ့ကြခြင်းဖြစ်ပါသည်။

အမျိုးသားပညာရေးဥပဒေ(မူကြမ်း)ပေါ်အမြင်

ပြည်သူများအနေဖြင့် မည်သည့်ပညာရေးစနစ်မျိုး ဖြစ်ချင်သည်ကို အခြေခံရသကဲ့သို့ တစ်ဖက်ဥပဒေပညာပိုင်းတွင်လည်း ကမ္ဘာ့နိုင်ငံများ၏ အမျိုးသားပညာရေးဥပဒေကို မည်သို့ရေးသည်ကို နှိုင်းယှဉ်လေ့လာမှုများ လုပ်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ၌ တစ်နိုင်ငံလုံးကိုလွှမ်းခြုံသည့် အမျိုးသားပညာရေးဥပဒေမှာ မြန်မာနိုင်ငံတွင် ယခင်က မရှိခဲ့ပါ။ တက္ကသိုလ်ပညာရေးဥပဒေ၊ အခြေခံပညာရေးဥပဒေသာ ရှိခဲ့ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် ပထမဦးဆုံးပေါ်ထွက်လာမည့် အမျိုးသားပညာရေးဥပဒေသည် နိုင်ငံတကာအဆင့်လည်းမီမည့်၊ ပြည်သူများ၏ ဆန္ဒနှင့်လည်းကိုက်ညီနိုင်မည့် ဥပဒေမျိုးဖြစ်အောင် နှိုင်းယှဉ်လေ့လာပြီး ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။

ယခုပညာရေးဥပဒေသည် ကျောင်းသားများကို နိုင်ငံရေးတွင်မပါဝင်အောင်၊ ကျောင်းသားသမဂ္ဂအဖွဲ့အစည်းများ ဖွဲ့စည်း၍မရအောင် ဥပဒေဖြင့်ချုပ်ကိုင်မည်ဟု ထင်မြင်နေကြသူများလည်း ရှိပါသည်။ ယခုခေတ်တွင်လည်း ကျောင်းသားအဖွဲ့အစည်းများ ရှိရပါမည်။ သို့သော် ကျောင်းသားအဖွဲ့အစည်းများသည် ပညာရေးဆိုင်ရာနိုင်ငံရေးကို ဆွေးနွေးခွင့်ရှိသော်လည်း၊ နိုင်ငံရေးကိစ္စများကို လုပ်ဆောင်ခွင့်ရှိသော်လည်း ပါတီအနိုင်ရရှိရေးအတွက် ကျောင်းသားများကို လာရောက်စည်းရုံးခွင့်ကို ပေးရန်မသင့်တော်သည်ကို အခြားနိုင်ငံတက္ကသိုလ်များ၏ ဥပဒေများအရ တွေ့ရပါသည်။

ဥပဒေကိုစရေးကတည်းက တက္ကသိုလ်ဆိုလျှင် လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ပေးမည်၊ လုပ်ပိုင်ခွင့်ကာလကို (၅)နှစ်ပေးမည်၊ ဖြည်းဖြည်းချင်းသွားမည်၊ တက္ကသိုလ်သည် ဖွံ့ဖြိုးတိုးတက်မှုရအောင် ပညာရေးလွတ်လပ်ခွင့် ပထမဦးဆုံးပေးမည် ဆိုသည့် စေတနာဖြင့် ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။

ဥပဒေကိုရေးဆွဲရာတွင် ပွင့်လင်းမြင်သာမှု၊ လွတ်လပ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကထားပါသည်။ ပညာရေးကို (၃)ပိုင်း ပိုင်းထားပါသည်။ အခြေခံ၊ အဆင့်မြင့်၊ Technical နှင့် Vocational ဖြစ်ပါသည်။

အမျိုးသားပညာရေးဥပဒေပေါ်ပေါက်လာခြင်း၏ အကျိုးကျေးဇူးများ

ဤဥပဒေထွက်လာပြီးနောက်တွင် အသေးစိတ် အကောင်အထည်ဖော်ရန်အတွက် Sector Law များကို ထပ်ပြီးပြဋ္ဌာန်းရန် လိုပါသည်။ အဆင့်မြင့်ပညာရေးဥပဒေဆိုလျှင်လည်း တက္ကသိုလ်၊ ကောလိပ်အားလုံးနှင့် သက်ဆိုင်သည့် ဥပဒေဖြစ်ပါမည်။ အဆင့်မြင့်ပညာရေးဥပဒေအရ သက်ဆိုင်ရာတက္ကသိုလ်များကို University Chater များ သီးခြားရေးဆွဲခွင့်ရလာမည်ဖြစ်ပါသည်။ သီးခြားတက္ကသိုလ်အလိုက် ရေးသားပြီး ဆောင်ရွက်ပိုင်ခွင့်များပေးသွားမည်ဖြစ်ပါသည်။

ထို့အပြင် အရည်အသွေးထိန်းသိမ်းမှုနှင့် ပတ်သက်ပြီး အာဆီယံနိုင်ငံများနှင့် ဆက်သွယ်ပြီး အဆင့်အတန်းမီအောင် တတ်နိုင်သရွေ့ဖွံ့ဖြိုးအောင်ရည်ရွယ်ဆောင်ရွက်ထားပါသည်။ ထို့ကြောင့် ပညာရေးစနစ်သည် ယခုထက်စာလျှင် အများကြီးပွင့်လင်းမြင်သာပြီး လွတ်လွတ်လပ်လပ်လုပ်ပိုင်ခွင့်များ အများကြီးပေးသွားမည်ဖြစ်ပါသည်။ ပညာရေးလောကမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအားလုံး ပိုပြီး ကျေနပ်နှစ်သက်မှုရှိလာမည်ဟု မျှော်လင့်ပါသည်။

အနာဂတ်တက္ကသိုလ်များ

ပုဂ္ဂလိကတက္ကသိုလ်များနှင့် နိုင်ငံတော်မှ ထောက်ပံ့ပေးထားသော တက္ကသိုလ်များ ရှိလာပါမည်။ နိုင်ငံတကာကဲ့သို့ ဖြစ်လာကြပါမည်။ ၎င်းတို့ကို ပေါင်းစပ်ညှိနှိုင်းပေးမည့် ကော်မတီအမည်ကို စဉ်းစားဆဲဖြစ်ပါသည်။

နိဂုံးစကား

ခေတ်တစ်ခေတ် အပြောင်းတွင်မရှိဖူးသေးသည့် အမျိုးသားပညာရေးဆိုပြီး လွှမ်းခြုံသည့် ဥပဒေတစ်ခုပေါ်ထွက်လာမည်ကို မျှော်လင့်စောင့်စားပြီး ယုံကြည်ပေးရန်လိုအပ်ပါသည်။ လွတ်လပ်ခွင့်နှင့်အားလုံးပါဝင်နိုင်ခွင့်များကို ဤဥပဒေတွင် ထည့်ရေးထားပါသည်။ ထို့ကြောင့် အမျိုးသားပညာရေးဥပဒေပေါ်ထွက်လာရန် အားလုံးက ကြိုဆိုလက်ခံသင့်ပါကြောင်း တင်ပြအပ်ပါသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စာမျက်နှာ ၆ မှ

အမျိုးသားစာကြည့်တိုက်များသည် နိုင်ငံတကာအဆင့်မီ စာကြည့်တိုက်ဖြစ်စေရန်အတွက် စာကြည့်တိုက်တွင် အသုံးပြုနေသော e-lib software ကို အဆင့်မြှင့်တင်ပြီး စာကြည့်တိုက်ရှိ စာစုဆိုင်ရာအချက်အလက်များကို အွန်လိုင်းမှတစ်ဆင့် ရှာဖွေနိုင်ရန်ဆောင်ရွက်ခြင်း၊ စာဖတ်သူများ အင်တာနက်အသုံးပြုနိုင်ရန်အတွက် Free WiFi Zone များ သတ်မှတ်ပေးထားခြင်း၊သတင်းစာများတွင် ရေးသားထားသောသတင်းများ၊ ဆောင်းပါးများအား ဘာသာရပ်အလိုက် အညွှန်းများပြုလုပ်ပြီး အမျိုးသားစာကြည့်တိုက်တွင် လက်ရှိအသုံးပြုနေသော e-lib software တွင် ရေးသွင်းခြင်းဖြင့် စာဖတ်သူများ အလွယ်တကူရှာဖွေနိုင်ရန် ဝန်ဆောင်မှုပေးခြင်း၊ နိုင်ငံအတွင်း ထုတ်ဝေသောစာအုပ်များကို နှစ်အလိုက်အမျိုးသားစာစုစာရင်းများ ပြုစုထားပြီး ယင်းအမျိုးသားစာစုစာရင်းကို ပြည်တွင်း ပြည်ပစာကြည့်တိုက်များမှ နိုင်ငံတစ်နိုင်ငံ၏ နှစ်အလိုက်စာစုအဖြစ် ရည်ညွှန်းကိုးကားအသုံးပြုနိုင်ရန် အမျိုးသားစာစုစာရင်းပြုစုခြင်း၊ စာကြည့်တိုက်အချင်းချင်း စာငှားဝန်ဆောင်မှုပေးခြင်း၊ စာဖတ်သူများအား စာကြည့်တိုက်အသုံးပြုနည်းကို ရှင်းလင်းပြောပြခြင်း၊ ကလေးငယ်များအတွက် စာပေလေ့လာရန်၊ ကစားရန်၊ Storytelling များ ပြုလုပ်နိုင်ရန်အတွက် သီးခြားဝန်ဆောင်မှုများပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသားစာကြည့်တိုက်၏ ရှေ့လုပ်ငန်းစဉ်အဖြစ် စာအုပ်များတွင် Cataloguing In Publication (CIP) များ ထည့်သွင်းခြင်းကို ဆောင်ရွက်ပါမည်။ ထိုသို့ထည့်သွင်းရခြင်း၏ ရည်ရွယ်ချက်မှာ စာအုပ်တစ်အုပ်အတွက် စာကြည့်တိုက်များမှ စာကြည့်တိုက်ဝန်ထမ်းများစွာသည် အကြိမ်ပေါင်းများစွာ ကတ်တလောက်ပြုစုနေရသည့်အတွက် အချိန်နှင့်လူအင်အား သက်သာစေရန် စာအုပ်တစ်အုပ်အကြောင်းအရာတစ်ခုကို မည်သည့် စာကြည့်တိုက်တွင်ရှာရှာ စာရေးဆရာအမည်၊ စာအုပ်အမည်၊ မျိုးတူစု အမှတ်နှင့် ဘာသာရပ်အမည် တူညီစွာဖြင့် ရှာနိုင်ပါသည်။ နိုင်ငံအနှံ့အပြားတွင် အမျိုးသားစာကြည့်တိုက်က တာဝန်ယူဆောင်ရွက်လေ့ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားစာကြည့်တိုက် ဥပဒေမူကြမ်းတွင် ထည့်သွင်းရေးဆွဲထားပါသည်။ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)တွင် Digitization ပြုလုပ်ပြီးသောအုပ်များအား e-book အသွင်ဖြင့် စာဖတ်သူများ ဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပြီး အွန်လိုင်း (အင်တာနက်)မှ စာရှာခြင်း၊ စာဖတ်ခြင်းများကို ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ပါမည်။

ထိုသို့ စာကြည့်တိုက်ပြင်ပမှ ရှာဖွေနိုင်ရန် e-lib software ကို အဆင့်မြှင့်တင်နိုင်ရန် ဆောင်ရွက်ပါမည်။ နိုင်ငံအတွင်းရှိ စာကြည့်တိုက်များတွင် စုဆောင်းထားရှိသော စာပေပစ္စည်းများစာရင်းကို အမျိုးသားစာကြည့်တိုက်တွင် တစ်စုတည်းစုထားပြီး ယင်းစာစုပေါင်း ကတ်တလောက် (Natio-nal Union Catalogue Service) ကို အမျိုးသားစာကြည့်တိုက်မှ ပြုစုနိုင်ရန်အတွက် နိုင်ငံအတွင်းရှိ စာကြည့်တိုက်များမှ အမျိုးသားစာကြည့်တိုက်သို့ လစဉ် သို့မဟုတ် နှစ်လတစ်ကြိမ်ပေးပို့ပေးရပါမည်။ အဆိုပါ စာရင်းများကို အမျိုးသားစာကြည့်တိုက်တွင် လက်ရှိသုံးစွဲနေသော Software တွင် စာရင်းထည့်သွင်းပြီး အဆိုပါစာအုပ်ရှိသည့် စာကြည့်တိုက်များကို ပြန်လည်ညွှန်ပြပေးသော ဝန်ဆောင်မှုဖြစ်ပါသည်။ ထို့ကြောင့်စာဖတ်သူတစ်ဦးသည် အမျိုးသားစာကြည့်တိုက် Website ကို ဝင်ရောက်ရှာဖွေရုံဖြင့် နိုင်ငံအတွင်းရှိ စာကြည့်တိုက်များ၏ စာစုများကို အလွယ်တကူ သိရှိနိုင်မည်ဖြစ်ပါသဖြင့် ယင်းလုပ်ငန်းကို ရှေ့လုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်မည်ဖြစ်ပါသည်။ စာဖတ်သူများကို iPad, Laptops များ စာကြည့်တိုက်အတွင်း အသုံးပြုနိုင်ရန် အချိန်ဖြင့်ငှားရမ်းပေးခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့ကြောင့် ရှေးခေတ်အခါကပင် မြန်မာနိုင်ငံ၏ စာပေအဆင့်အတန်းမြင့်မားခဲ့ပြီး ထိုစာပေပစ္စည်းများကို လေ့လာဖတ်ရှုခဲ့ကြသော ရဟန်း၊ မင်း၊ မှူးမတ်မှစ၍ ပြည်သူအပေါင်းတို့သည် မိမိစာပေကို မိမိတို့တန်ဖိုးထားကာ ပိဋကတ်တိုက်များ ဆောက်လုပ်ထိန်းသိမ်းရာမှ ယခုမျက်မှောက်သို့တိုင် ခေတ်မီစာကြည့်တိုက်များအဖြစ် ထင်ရှားစွာ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ အမျိုးသားစာကြည့်တိုက်များသည် မြန်မာလူမျိုးတို့၏ စာပေယဉ်ကျေးမှုအမွေအနှစ်များကို **"အမျိုးသားစာပေ အမွေအနှစ်ဗဟိုဌာန"** အဖြစ်ထိန်းသိမ်းစောင့်ရှောက်ကာ မြန်မာပြည်အတွင်း မှီတင်းနေထိုင်သူများအား လူမျိုး၊ ဘာသာ၊ အသက်အရွယ်နှင့် ဆင်းရဲချမ်းသာမရွေး ဝန်ဆောင်မှုပေးနေသော သတင်းအချက်အလက် ဗဟိုဌာနကြီးတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ပါသည်။

ဝါးခယ်မမြို့နယ်၌ ကျေးရွာများသို့ ချေးငွေထုတ်ပေး

ဝါးခယ်မ ဩဂုတ် ၂၉

ဝါးခယ်မမြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်းကျေးရွာ ကိုးရွာတွင် မြစိမ်းရောင်စီမံကိန်းကျေးရွာ ရန်ပုံငွေကြီးကြပ်မှုကော်မတီမှ ကျေးရွာများသို့ ချေးငွေထုတ်ပေးမှုကို ဝါးခယ်မမြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည် ဖော်ထုတ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့သည် ဩဂုတ် ၂၈ ရက်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ကွင်းချောင်းကျေးရွာ၊ ဖျာလိပ်ချောင်းကျေးရွာ၊ မဲဇလီကျေးရွာ၊ ရေနက်ချောင်းကျေးရွာ၊ အရှေ့စုကျေးရွာ၊ ခနောင်ကျေးရွာ၊စာဖြူစုကျေးရွာ၊မြင်းကကုန်းကျေးရွာ၊ ကျုံပဒီ၊ ကျုံပဒေါကျေးရွာစသည့် ကျေးရွာကိုးရွာအား မြစိမ်းရောင် ကျေးရွာစီမံကိန်းချေးငွေကျပ် ၂၆၃၇ သိန်းကို ကျေးရွာအရောက် ပေးအပ်ခဲ့သည်။ **ကျော်စိန်(ဝါးခယ်မ)**

ဩဂုတ်၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် G.E.C ပညာရေးဝန်ထမ်းများ သမဝါယမအသင်းလီမိတက်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပရာ မြို့နယ်ပညာရေးမှူးဦးကျော်ဆန်းက မြို့နယ်သမဝါယမအသင်းဦးစီးအရာရှိ ဒေါ်မိမိကိုထံ အဆိုပြုလွှာများ ပေးအပ်စဉ်။

မီးမီး(လှိုင်)

အရှိန်လွန်ကား လမ်းဘေးသစ်ပင်ဝင်တိုက်မိ

ဘားအံ ဩဂုတ် ၂၉

ဘားအံ-သထုံကားလမ်း မိုင်တိုင်အမှတ်(၁/၄)နှင့် (၁/၅)ကြား ညောင်ပင်သာကွေ့၌ ဩဂုတ် ၂၄ ရက် ည ၇နာရီခွဲက မော်တော်ယာဉ်တစ်စီးမှ လမ်းဘေးသစ်ပင်များကို ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

သတင်းအရ အခင်းဖြစ်နေရာသို့ မြိုင်ကလေးရဲကင်းစခန်းမှူး ဒုရဲအုပ်စိုးခိုင်၊ မြိုင်ကလေးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုးနိုင်၊ ဦးအောင်ပွဲတို့နှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဘားအံ-သထုံကားလမ်း ညောင်ပင်သာကွေ့တွင် သထုံဘက်မှ ဘားအံဘက်သို့ မောင်းနှင်လာသော ယာဉ်အမှတ် 5C/--- မတ်တူးခဲရောင် (လိုင်စင်စိစစ်ဆဲ) ယာဉ်သည် လမ်း၏ ယာဘက်ဘေး သစ်ပင်ကို ဝင်ရောက်တိုက်မိခဲ့ပြီး ယာဉ်၏ အရှေ့ခေါင်းပိုင်း ပျက်စီးသွားခဲ့သည်။ **(ယာပုံ)**

ယာဉ်တိုက်မှုနှင့် ပတ်သက်၍ ယာဉ်မဆင်မခြင် မောင်းနှင်ပြီး ထွက်ပြေး တိမ်းရှောင်သွားသော ယာဉ်မောင်းကို ဥပဒေအရ အရေးယူနိုင်ရန် သက်ဆိုင်ရာ ရဲကင်းစခန်းမှူး ဒုရဲအုပ်စိုးခိုင်က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

ငွေကျပ် ၂၀၀ တန်ထီ စက်တင်ဘာ ၁ ရက်ဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၉

(၃၀၈)ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရာ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲ ခန်းမဆောင်၌ စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီမှစတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့်အပြီး ဖွင့်လှစ်မည်ဖြစ်သည်။ ခွဲဝေပေးမည့် ဆုများမှာ ဆုကြီး တစ်ဆုချင်းစနစ်အရ ငွေကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ် သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ သုံးဆု၊ ငွေကျပ်သိန်း၂၀၀ ငါးဆု၊ ငွေကျပ်သိန်း ၁၀၀ ၁၃ ဆု၊ ငွေကျပ်သိန်း ၅၀ ငါးဆု၊ ငွေကျပ်၂၅ သိန်း ငါးဆု၊ ငွေကျပ် ၁၀သိန်း ၂၀၀ ဆု၊ ငွေကျပ် ငါးသိန်း ၂၀ ဆု၊ ငွေကျပ် သုံးသိန်း ၁၂၀ ဆု၊ ငွေကျပ် နှစ်သိန်း ၄၅၈ ဆု၊ ပဒေသာယူနစ်ဆုမဲများအဖြစ် ငွေကျပ် တစ်သိန်း ၁၂၀၀၀ ဆုနှင့် ငွေကျပ် ငါးသောင်း ၁၅၀၀၀ ဆု အပါအဝင် ဆုမဲပေါင်း ၂၇၈၃၃ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ နန်းတည်ကျေးရွာနေ မစုပိုပိုအောင် ၉/တသန(နိုင်)၂၁၁၆၂၀ မတမ-၇၀၁၊ ၂၀၁၄ တက္ကသိုလ်ဝင်တန်းအောင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းလွင် ၉/တသန(နိုင်)၀၁၁၅၅၅ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

လယ်ဝေးမြို့နယ်၊ ဇလီငှက်ကြီးတောင်အုပ်စု၊ အောင်စီလာ အထက(၁၇)မှ မောင်အောင်ချစ်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွန်း ဖြစ်ပါကြောင်း။

ဦးဇော်မင်းထွန်း ၈/ပမန(နိုင်)၀၆၀၅၇၇



ပျောက်ဆုံးကြောင်း

ကျွန်တော် နေမျိုးအောင် PP.105440၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၂၉၄၅၂

ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ တိုက်အမှတ် ၂၀၂/၂၀၆ ဟု ခေါ်တွင်သော ငါးခန်းတွဲ သုံးထပ်တိုက်၊ ၁၅ ခန်းပါရှိသည့်တိုက်၏ တိုက်တစ်ခန်းဖြစ်သည့် အလျား ၁၂ ၁/၂ပေ× အနံ ပေ ၅၀× အမြင့် ၁၇ ပေ (ထပ်ခိုးအပြည့်)အကျယ်အဝန်းရှိ မြေညီထပ်အလယ်ခန်း (လက်ဝဲဘက် နှစ်ခန်းနှင့် လက်ယာဘက်နှစ်ခန်းတို့၏အလယ်တွင် တည်ရှိသည်။)အား တိုက်ခန်းပိုင်ရှင် ဦးကျော်ဝင်းနိုင် ၁၂/ဥကတ(နိုင်)၀၀၁၀၂၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တချို့တစ်ဝက်ကို စရန်ငွေအဖြစ်ပေးချေပြီးနောက် ဝယ်ယူရန် စီစဉ်ဆောင်ရွက်နေပါသည်။

အထက်အပိုဒ်ပါ တိုက်ခန်းအား ဝယ်ယူရောင်းချမှုနှင့်စပ်လျဉ်း၍ ခိုင်လုံသောအထောက်အထားရှိသူများသည် ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်မကျော်လွန်မီ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ တိုက်ရိုက် လာရောက်ဆက်သွယ် ကန့်ကွက်ပြောဆိုနိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်မှ အကြောင်းကြားလာသော ပြောဆိုကန့်ကွက်မှုများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် တိုက်ခန်းဝယ်ယူမှုအား ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်လှလှသန်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၂၆၇၂၂)

ရုံးအမှတ် ၈၈၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

အိမ်အမှတ် ၃၈၊ ၁၂၄ လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၅၁၃၂၁၈၇၊ ၀၁-၂၀၂၆၉၃၊ ၀၉-၄၉၃၃၁၅၄၂

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနပိုင် ပုသိမ်အနောက်မြို့နယ်၊ ချောင်းသာကမ်းခြေရှိ ချောင်းသာကမ်းခြေဟိုတယ် အခန်း (၈၈)ခန်း၊ မြေ ၂၂ ဒသမ ၂၀ဧကအား ဟိုတယ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်းလုပ်ငန်းရှင်များအား (၁၅)နှစ်ကြာ ငှားရမ်းလုပ်ကိုင်ခွင့်ပြုရန် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရေး ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ရုံးအမှတ်(၃၃)၊ နေပြည်တော်တွင် တစ်စုံလျှင် ၅၀၀၀၀ိ/- ဖြင့် ၂၉-၈-၂၀၁၄ ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါစည်းမျဉ်းများအသေးစိတ်ကို အဆိုပါဝန်ကြီးဌာနရုံး၌ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရှင်းလင်းပြောကြားမည်ဖြစ်ပြီး တင်ဒါစည်းကမ်းများကို လိုက်နာနိုင်သူများ၏ အဆိုပြုလွှာများအား အဆိုပါဝန်ကြီးဌာနရုံး၌ပင် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၄ ရက် (ကြာသပတေးနေ့) ၀၉:၃၀ နာရီမှ ၁၂:၀၀ နာရီအထိ လက်ခံသွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၀၆၁၇၂၊ ၄၀၆၁၀၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဟိုတယ်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ မြေကွက်အမှတ်(၆၃)က၊ လှော်ကားလမ်း၊ အကျယ်အဝန်း(ပေ၂၀×ပေ၆၀)ရှိ ဦးအောင်စိုးအမည်ပေါက် ပါမစ်မြေအမျိုးအစားနှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း တာဝန်ခံကတိပြုသူ ဦးပြည့်ဖြိုးငြိမ်း ၁၄/ဒဒရ(နိုင်)၁၄၀၆၈၇ (ဘ)ဦးသိန်းဟန်ထံမှ ဒေါ်ခင်ဝင်းမြင့် ၉/မထလ(နိုင်)၀၃၃၃၄၅ (ဘ)ဦးဘိုလေးက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ဒေါ်ခင်ဝင်းမြင့်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ခင်ဝင်းမြင့် ၉/မထလ(နိုင်)၀၃၃၃၄၅

၅၂၊ ဘောဂလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၁-၆၆၁၇၆၅၊ ၆၄၁၄၀၄၊ ၀၉-၅၀၁၁၅၇၇

ရောင်းမည်

CNG TAXI

ဖင်ကောက် ၆ဃ/---

ကားအလွန်ကောင်း

ဖုန်း-၀၉-၅၀၂၀၆၄၈

ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုအောင်မျိုး ၁၂/သကတ(နိုင်)၀၀၁၆၄၂ ၏ နိုင်ငံကူးလက်မှတ် ၃၉၃၈၇၉ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၁၄၉၅၂၇

ဖခင်အမည်မှန်

အမက(၁) ဒဂုံ စတုတ္ထတန်းမှ မမေမြတ်ပန်းမွေး၊ ဒုတိယတန်းမှ မောင်မင်းနော်ကောင်း၊ ပထမတန်းမှ မသွန်းသဇင်တို့၏ ဖခင်အမည်မှန်မှာ ဦးဟန်မင်းထွဋ် အစား ဦးမြင့်ဆွေဟု ခေါ်ဆိုပါ။ ဦးမြင့်ဆွေ

TRY-119190

ကျန်းမာရေးဝန်ကြီးဌာနမှ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ဆေးကုသမှုပေးလျက်ရှိသော လူနာ၏ ဓာတ်ခွဲနမူနာအား ရောဂါအတည်ပြုစစ်ဆေးနိုင်ရန်အတွက် ဩဂုတ် ၂၉ ရက်တွင် ရည်ညွှန်းဓာတ်ခွဲခန်းသို့ ပို့ဆောင်ပြီးဖြစ်

နေပြည်တော် ဩဂုတ် ၂၉

ကျန်းမာရေးဝန်ကြီးဌာနမှ ကူးစက်မြန် အီဘိုလာရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိရာ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော သံသယလူနာအားပြင်း ထန်ရှုပ်ထွေးသော ငှက်ဖျားရောဂါ (Severe and Complicated Malaria with Mixed Infection of Plasmodium falciparum and Plasmodium vivax) အဖြစ် သတ်မှတ်၍ အထူးကုဆရာဝန်ကြီးများမှ ကြီးကြပ်ကုသပေးလျက်ရှိရာ ကျန်းမာရေးအခြေအနေ သိသာစွာကောင်းမွန်လာကြောင်း တွေ့ရှိရပြီး၊ လူနာနှင့် အနီးကပ်ထိတွေ့သူလေးဦး၏ ကျန်းမာရေးအခြေအနေမှာ လုံးဝကောင်းမွန်လျက်ရှိပါသည်။

အဆိုပါလူနာနှင့် အနီးကပ်ထိတွေ့သူလေးဦး စုစုပေါင်း ငါးဦး၏ ဓာတ်ခွဲနမူနာများကို အီဘိုလာရောဂါပိုးရှိ-မရှိ စစ်ဆေးနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ IATA တို့နှင့် ညှိနှိုင်း၍ ဩဂုတ် ၂၉ ရက်တွင် ဥရောပတိုက်ရှိ ညွှန်းပို့ဓာတ်ခွဲခန်းသို့ ပေးပို့ထားပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဩဂုတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၁၃)ရပ်ကွက် ခိုင်ရွှေဝါလမ်းမပေါ်တွင် ဩဂုတ် ၂၈ ရက် မွန်းတည့် ၁၂ နာရီခန့်က ဦးမြင့်အောင်(ခ)ကိုလေး၊ သာကေတမြို့နယ် ၁/ထူပါရပ်ကွက်နေသူပါ ရှစ်ဦးခန့်နှင့် သာကေတမြို့နယ် ၁၀/တောင်၊ (၁၄) ရပ်ကွက်နေ နေမျိုးအောင်ပါ ၁၀ ဦးခန့်တို့ တုတ်၊ ဓားများကိုင်ဆောင်၍ အုပ်စုဖွဲ့ကာ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ခဲများနှင့်ပစ်ကာ ခိုက်ရန်ဖြစ်ပွားနေကြောင်း သတင်းအရ သာကေတမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဦးမြင့်အောင်(ခ)ကိုလေး (၅၅ နှစ်)အား အရိုး အသွား ခြောက်လက်မခန့်ရှိ ဓားဦးချွန်ခေါက်ဓား

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သာကေတ၌ အုပ်စုဖွဲ့ခိုက်ရန်ဖြစ်ပွား

တစ်ချောင်း၊ ပြောက်အိုးတစ်ခုတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မင်္ဂလာတောင်ညွန့် မမစ(ပ) ၅၂၇/၁၄၊ လက်နက်ဥပဒေပုဒ်မ ၁၉ (င) အရ အရေးယူခဲ့သည်။ ထို့အပြင် ၎င်းသည် အခင်းဖြစ်စဉ်၌ ပြောက်အိုးနှစ်ချက်ပစ်ဖောက်ခဲ့သဖြင့် သာကေတနယ်မြေရဲစခန်း (ပ)၅၀၇/၁၄ ပြစ်မှုပုဒ်မ ၂၈၆ အရလည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှု ပျက်ပြားစေရေးဖြစ်ပေါ်စေသည့် ပြစ်မှုကို ကျူးလွန်လေ့ရှိပြီး ဆိုးသွမ်းရမ်းကားသူတစ်ဦးဖြစ်သဖြင့် သာကေတမြို့မရဲစခန်း(ပ) ၄၁၄/၂၀၁၄၊ ခြေချုပ်နှင့်ခံဝန် အက်ဥပဒေပုဒ်မ ၅(၁)(စ)(ဆ) အရလည်းကောင်း အရေးယူထားရှိကြောင်း သိရသည်။ အလားတူ တစ်ဖက်အဖွဲ့ကို ဦးဆောင်ခဲ့သူ နေမျိုးအောင်(၃၇ နှစ်)ကိုလည်း သာကေတနယ်မြေရဲစခန်း (ပ)၅၀၆/၁၄၊ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေပုဒ်မ ၅(၁)(စ)(ဆ)တို့ဖြင့် အမှုဖွင့်ဖမ်းဆီးပြီး စစ်ဆေးအရေးယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ ခိုက်ရန်ဖြစ်ပွားမှုကြောင့် ဦးမြင့်အောင်(ခ)ကိုလေး၏ 9C-8075 ငွေမင်ရောင် နစ်ဆန်းစီထရစ်ယာဉ်မှာ ရှေ့လေကာမှန်ကွဲသွားခဲ့ကာ အနီးရှိ ရပ်ကြည့်နေသူ နေလင်းအောင်တွင် ဦးခေါင်းခဲထိမှန်ပြီး ဖူးရောင်ဒဏ်ရာ ရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီးတွင် ပြင်ပလူနာ(မဆိုးရိမ်ရ)အဖြစ် ကုသထားရကြောင်း သိရသည်။ **(သတင်းစဉ်)**

လေးမျက်နှာမြို့နယ် လက်သမားမြန်မာကျေးရွာတွင် နိုင်ငံသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဩဂုတ် ၂၅ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးနေဝင်းနှင့် ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးတို့က လိုက်လံကြည့်ရှုစဉ်။ (မြို့နယ်လဝက)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရေးမြို့တွင် ၆ ဒသမ ၈၉ လက်မ၊ လောင်းလုံမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ မြိတ်မြို့တွင် ၃ ဒသမ ၀၄ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၆၈ လက်မနှင့် ဖျာပုံမြို့တွင် ၂ ဒသမ ၀၅ လက်မတို့ ဖြစ်ကြသည်။

ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်

နေပြည်တော် ဩဂုတ် ၂၉

ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ဩဂုတ် ၂၈ ရက် ည ၈ နာရီခွဲအချိန်မှစ၍စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆ စင်တီမီတာ(၂ လက်မခွဲခန့်) ကျော်လွန်နေပါသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

(မိုး/ဇလ)

ချန်ပီယံလိဂ်အုပ်စုများခွဲ မန်စီးတီးနှင့် ဘိုင်ယန်မြူးနစ်တွေ့ဆုံ



ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် (၃၂) သင်း အုပ်စုများကို ဩဂုတ် ၂၈ရက်က မိုနာကိုမြို့၌ မဲခွဲခဲ့ရာ အုပ်စု(က)တွင် အက်သလက်တီကို၊ ဂျူဗင်တပ်စ်၊ အိုလံပီယာကို့စ်၊ မယ်လ်မို၊ အုပ်စု (ခ)၌ ရီးရဲမက်ဒရစ်၊ ဘေဆယ်၊ လီဗာပူး၊ လူဒိုကိုရက်စ်၊ အုပ်စု(ဂ)တွင် ဘင်ဖီကာ၊ ဇင်းနစ်၊ လေဗာကူဆင်၊ မိုနာကို၊ အုပ်စု(ဃ)၌ အာဆင်နယ်၊ ဒေါ့မွန်၊ ဂလာတာစာရေး၊ အန်ဒါလက်ချ်၊ အုပ်စု (င)တွင် ဘိုင်ယန်မြူးနစ်၊ မန်စီးတီး၊ CSKA မော်စကို၊ ရိုးမား၊ အုပ်စု (စ)၌ ဘာစီလိုနာ၊ ပီအက်စ်ဂျီ၊ အိုင်းယက်စ်၊ အေပိုးလ်၊ အုပ်စု(ဆ)တွင် ချယ်လ်ဆီး၊ ရှော်လ်ကေး၊ စပို့တင်းလစ္စဘွန်း၊ မာရီဘော၊ အုပ်စု(ဇ)၌ ပေါ်တို၊ ရှက်တာဒိုးနက်၊ ဘီလ်ဘာအို၊ BATE ဘိုရီဆော့တို့ဖြင့် အုပ်စုစာရင်းများထွက်ပေါ်လာခဲ့ပါသည်။

သီဟ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပဲခူးတွင် ရှေးဟောင်းဂဝံသံပတ်စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် အလှူငွေပေးအပ်ပွဲကျင်းပ

ပဲခူး ဩဂုတ် ၂၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဟံသာဝတီရပ်ကွက် ရွှေပန်းတောရ ရွှေပရိယတ္တိစာသင်တိုက်ကျောင်း အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ဂဝံသံပတ်စေတီတော်မြတ်ကြီး အသစ်ပြန်လည် တည်ထားကိုးကွယ်နိုင်ရေးအတွက် ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲနှင့် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီက ကျင်းပရာ အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အလှူရှင်ပြည်သူများ စုစုပေါင်း ၅၀၀ ကျော်ခန့် တက်ရောက်ခဲ့ပြီး အလှူရှင်များက စေတီတော်မြတ်ကြီး အသစ်ပြန်လည်တည်ထားကိုးကွယ်ရန်အတွက် စုစုပေါင်းကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၁၂၀၀ ကျော်ခန့် လှူဒါန်းခဲ့ပြီး တာဝန်ရှိသူများက လက်ခံယူကာ ရေစက်သွန်းချ အမျှဝေခဲ့ကြောင်း သိရသည်။

သန့်စင်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၉-၈-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၉၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၀၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၀၅၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၁၀၀၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၄၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၃၈၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၅၀၀-၈၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၂၅၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၄၈၀၀-၉၅၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်မြို့ငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၇၅
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	၇၈၀-၇၈၂
ထိုင်း	တစ်ဘတ်	၃၁.၂-၃၂
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၃၂
တရုတ်	တစ်ယွမ်	၁၆၀-၁၆၇
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၁၂

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည်သာအသစ်)	တစ်အိတ်	၁၇၅၀၀-၁၇၈၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၂၅၀၀-၂၃၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၇၀၀၀-၃၁၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၈၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၉၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၂၂၅-၅၆၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၅၀-၁၈၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၅၀၀-၁၅၂၅
အာလူး(ရှမ်း)	တစ်ပိဿာ	၃၇၀-၇၂၀
ရေတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၃၅၀-၂၄၅၀
ရေတ်ပွ (စိမ်းစား)	တစ်ပိဿာ	၃၈၀၀-၄၆၀၀
သကြား	တစ်ပိဿာ	၉၀၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။

အမှုထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

နေပြည်တော် ဩဂုတ် ၂၉

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်အဟုန်မြှင့်တင်မှု (Third Wave)လုပ်ငန်းစဉ် (၅)ရပ် အကောင်အထည်ဖော်ရာ၌ လုပ်ငန်းစဉ်(၁) ဖြစ်သည့် ပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူမှု၊ တာဝန်သိမှု၊ ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲရေးဆိုင်ရာသင်တန်း ဆွေးနွေးပွဲများဖွင့်လှစ်မှုတစ်ရပ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန အမှုထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၂/၂၀၁၄)ဖွင့်ပွဲကို ယနေ့ နံနက်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင်ဦးလွင် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ယခုဖွင့်လှစ်သော နိုင်ငံခြားရေးဝန်ကြီးဌာန အမှုထမ်းများစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းအမှတ်စဉ် ၂/၂၀၁၄ သို့ ဝန်ကြီးဌာနမှ အမှုထမ်း ၄၀ တက်ရောက်ခဲ့ကြပြီး နှစ်ရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ငူမြို့မဈေးသစ်ကြီး ပြန်လည်တည်ဆောက်မည့်သူကို မီးဘေးသင့်ဈေးသူဈေးသားများမျှော်လင့်

တောင်ငူ ဩဂုတ် ၂၉

တောင်ငူမြို့မ ဈေးကြီးသည် ဖေဖော်ဝါရီ ၁၃ ရက်တွင် မီးလောင်ကျွမ်းခဲ့သည်မှာ ယခုအချိန်တွင် ခြောက်လ ကျော်လွန်ခဲ့ပြီဖြစ်သည်။ ယနေ့ထက်တိုင်ဈေးသစ်ကြီးကို ဦးဆောင်တည်ဆောက်မည့်သူ မရှိသေးပေ၊ မီးလောင်ခံခဲ့ရသည့် ဈေးဆိုင်ရှင်များအနေဖြင့် မတည်တည်ဆောက်မည့်လုပ်ငန်းရှင်များကို မျှော်လင့်ချက်ဖြင့် စောင့်ဆိုင်းနေရသည်။

ဈေးဝယ်သူများ အနေဖြင့် ဝယ်နေကြဆိုင်ကိုမျက်စိတလည်လည်နှင့် တစ်ဈေးလုံးနှံ့အောင်ရှာရသည်။ တောင်ငူမြို့သည် ခရိုင် မြို့ကြီးဖြစ်၍ တောင်ငူမြို့မဈေးကြီးကို အားပြု၍ အနီးတစ်ဝိုက် ကျေးရွာများနှင့်တပ်တွင်း မိသားစုများသည် မြို့မဈေးကြီးတွင်သာ လက်လီလက်ကား ဝယ်ယူကြရသည်။ မီးဘေးသင့်ဈေးသူဈေးသားများအတွက် ယာယီဈေးကို ဈေးသူဈေးသားများ၏ ဆန္ဒအလျောက်ဖွင့်လှစ်ထားခဲ့သော်လည်း လွင်တီးခေါင်တွင်ဝယ်သူမရှိ ရောင်းသူကျဲကျဲ ပျင်းစရာကောင်းအောင် တည်ရှိနေသည်။

တောင်ငူမြို့တွင်းတစ်ဝိုက် လူစည်ကားရာနေရာနှင့် လမ်းများတွင် အဆင်ပြေသလို ရောင်းချနေရ၍ နေ့စဉ်လမ်းကျပ်သည့် ဒုက္ခကိုလမ်းသွား လမ်းလာများ ကြုံတွေ့နေရသည်။ ဈေးသူဈေးသားများသည် ဈေးအတွင်းယုံကြည်စိတ်ချစွာဖြစ် ရှိသမျှငွေကို အရင်းပြုပြီး မြုပ်နှံရင်းနှီးထားထားကြပြီး ဈေးကြီးကိုမှီငြမ်း၍ လုပ်ကိုင်နေရသည့် နေ့စား၊ လစား အလုပ်သမားများသည် အလုပ်လက်မဲ့ဖြစ်နေရသည်မှာ ခြောက်လကျော် လွန်ခဲ့ ပြီဖြစ်သည်။

မီးဘေးသင့် ပြည်သူတစ်ဦးက "မိဘဘိုးဘွားလက်ထက်ကတည်းက ဒီဈေးထဲမှာ ဈေးရောင်းစားလာခဲ့တာ ဘဝရဲ့သုံးပုံတစ်ပုံလောက်က ဈေးထဲမှာပဲ အချိန်ကုန်ခဲ့တယ်။ မနက်ဆိုရင် ဆိုင်ထွက်ရမယ်ဆိုတဲ့ အသိကြောင့် အစောကြီးထပြီး ပြင်ဆင်ရတယ်။အခုဆိုရင်ဘယ်သွားလို့ ဘယ်လာရမှန်း မသိဖြစ်နေတယ်" ဟုဝမ်းနည်းစွာဖြင့် ပြောပြခဲ့သည်။ မီးဘေးသင့်ဈေးသူဈေးသားများ၏ ဆန္ဒသည်ဈေးသည်ဖြစ်၍ ဈေးပြန်ရောင်းချင်သည်။ အိမ်မြေမပျက် မူလအတိုင်းဈေးဆိုင်ခန်းများ ပြန်လည်တည်ဆောက်ပေးမည့် လုပ်ငန်းရှင်ကို မျှော်လင့်လျက်ရှိကြောင်း ရေးသားလိုက်ရသည်။

သူရ(တောင်ငူ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
သတင်းကြေညာချက်
၁၃၇၆ခုနှစ် တော်သလင်းလဆန်း (၆)ရက်
၂၀၁၄ခုနှစ် ဩဂုတ် ၃၀ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၁၄ခုနှစ် အောက်တိုဘာ ၁၄ရက်မှ ၁၈ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ရောင်းချပွဲတွင်တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ခင်းကျင်းနေရာချထားခြင်းများကို ၂၀၁၄ခုနှစ် စက်တင်ဘာ ၂၃ရက်မှ အောက်တိုဘာ ၇ရက်အထိ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာရောင်းချပွဲသို့ **ခွင့်ပြုမိန့်**ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ သက်တမ်းရှိ **ဂျီတီစီ(GTC)** လိုင်စင်ရယူထားသူများနှင့် **ကျောက်မျက်ရတနာကုမ္ပဏီမှတ်ပုံတင်** ရရှိပြီးသူများ၊ **မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းဝင် နိုင်ငံသားများ**ကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ **တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်**။

၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။ **ကျောက်မျက်ရတနာရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်ပါသည်။**

၅။ ရောင်းချပွဲသို့ တက်ရောက်လိုသော **နိုင်ငံသားရတနာကုန်သည်များ**သည် **၂၀၁၄ခုနှစ် စက်တင်ဘာ ၂၂ရက်မှ အောက်တိုဘာ ၃ရက်အထိ** မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေးမြို့)တွင် ဖွင့်လှစ်ထားသော စီမံရေးရာလုပ်ငန်းကော်မတီရုံးခွဲတွင်လည်းကောင်း၊ **အောက်တိုဘာ ၆ ရက်မှ ၁၃ ရက်အထိ** မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တွင်ဖွင့်လှစ်ထားသော စီမံရေးရာလုပ်ငန်းကော်မတီရုံးတွင်လည်းကောင်း၊ **ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာကိစ္စရပ်များ** ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ သတ္တုတွင်းဝန်ကြီးဌာန Website www.mining.gov.mm နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website www.mge.gov.mm တွင် နိုင်ငံသားရတနာကုန်သည်များ မှတ်ပုံတင်ရာ၌ **ဖြည့်သွင်းရမည့်ပုံစံများကို Download ရယူနိုင်ပါသည်။** On-line မှတစ်ဆင့် လျှောက်ထားလိုပါက Website **www.mge.gov.mm၊ On-line Pre-Registration System တွင် မှတ်ပုံတင်၍** ရောင်းချပွဲတက်ရောက်ခွင့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ပါသည်။

၆။ ၂၀၁၄ ခုနှစ် အောက်တိုဘာလကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန (မန္တလေး၊ မိုးကုတ်၊ မိုင်းရှူး)နှင့် မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန(စခန်းရုံး)များတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့်ကောင်စစ်ဝန်ချုပ်ရုံးများ၏ e-Government လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာသံရုံးအဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးအားလုံး၌ e-Government စနစ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် နိုင်ငံတကာအဆင့်မီ Completed Solution များအား အသုံးပြုလိုပါသဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်လိုသော၊ ပြည်ပတွင် တရားဝင်နည်းပညာကုမ္ပဏီ ကျောထောက်နောက်ခံရှိသော ပြည်တွင်း IT ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လိုပါသည်။

၂။ လုပ်ငန်းလက်ခံဆောင်ရွက်လိုသော ပြည်တွင်း IT ကုမ္ပဏီများအနေဖြင့် အဆိုပြုဆောင်ရွက်မည့်လုပ်ငန်းအစီအမံများအား e-Government အကောင်အထည်ဖော်ဆောင်ရေးကော်မတီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်ဟု လိပ်မူလျက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်ပြရမည်ဖြစ်ပါသည်-

(က) **သိရှိလိုက်နာဆောင်ရွက်ရမည့် အသေးစိတ်အချက်အလက်များ ထုတ်ယူနိုင်သည့်ရက်** - ၂၈-၈-၂၀၁၄ရက်မှ ၁၀-၉-၂၀၁၄ရက်အထိ

(ခ) **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၃၀-၉-၂၀၁၄ရက် မွန်းတည့် ၁၂နာရီ

၃။ သတ်မှတ်ထားသော တင်ဒါပိတ်မည့်ရက် အချိန်မီတင်သွင်းနိုင်ခြင်းမရှိသော တင်ဒါများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်းနှင့် အသေးစိတ်မေးမြန်းစုံစမ်းလိုပါက e-Government အကောင်အထည်ဖော်ဆောင်ရေးကော်မတီ၊ ရုံးအမှတ်(၉)၊ ဖုန်း-၀၆၇-၄၁၂၃၅၅သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

e-Government အကောင်အထည်ဖော်ဆောင်ရေးကော်မတီ
နိုင်ငံခြားရေးဝန်ကြီးဌာန

ဘဏ္ဍာရေးဝန်ကြီးဌာန လေးလပတ်အစည်းအဝေး (၁/၂၀၁၄) ကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

ဘဏ္ဍာရေးဝန်ကြီးဌာန ၂၀၁၄ ခုနှစ် လေးလပတ်အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၄)ကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် **(ယာပုံ)**က ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် ဟန်ချက်ညီညီ လိုက်ပါပြောင်းလဲနိုင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၌ အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေသဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာမူဝါဒများကို ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိကြောင်း။

ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် Quick Win ရရှိအောင် ဆောင်ရွက်သကဲ့သို့ ရေရှည်ဆောင်ရွက်ရမည့်ကိစ္စရပ်များကိုလည်း စနစ်တကျစီမံဆောင်ရွက်သွားရန် လိုကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ဆက်စပ်သည့် ဝန်ကြီးဌာနများနှင့်လည်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမှသာ လျင်မြန်စွာအောင်မြင်နိုင်မည် ဖြစ်ကြောင်း။

ဘဏ္ဍာရေး ဝန်ကြီးဌာနသည် ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရသည့် ဌာနဖြစ်သည့်အပြင် ငွေကြေးကိုင်တွယ်ဆောင်ရွက်ရသည့် ဌာနလည်းဖြစ်သဖြင့် မှန်ကန်မြန်ဆန်စွာ ဝန်ဆောင်မှုပေးရန် လိုအပ်သကဲ့သို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများနှင့်လည်း ကိုက်ညီရန် လိုပါကြောင်း၊ ပြည်သူလူထုအား မိမိတို့ဝန်ကြီးဌာနဆိုင်ရာ ဆောင်ရွက်မှုများကိုသိရှိစေရန် ထုတ်ပြန်ကြေညာအသိပေးခြင်းများ ပိုမိုလုပ်ဆောင်ရေး စသည်တို့ကို အသေးစိတ်ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာလင်းအောင်နှင့် ဒေါက်တာမောင်မောင်သိမ်းတို့က ဌာနများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်ချက်များအား ရှင်းလင်းမှာကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနအကြီးအကဲများက မိမိတို့ဌာနအလိုက် အစိုးရသက်တမ်းသုံးနှစ်ကျော်ကာလအတွင်း ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ညှိနှိုင်းပေါင်းစပ်ပေးရန်လိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

နိုင်ငံသားစိစစ်ရေးကတ်ပြား သီပေါ၌ပေးအပ်

သီပေါ ဩဂုတ် ၂၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၆)စီမံချက် နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန (လားရှိုး) တွဲဖက်ပြည်နယ် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်က မြန်မာနိုင်ငံသားဖြစ်မှုဆိုင်ရာများကို အကျဉ်းချုပ်ရှင်းလင်းပြီး ပြည်သူလူထု သက်သာမှုရှိစေရန် အလှူရှင်က လှူဒါန်းပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ သီပေါမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားသည်။ ဆက်လက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်မှု ကုန်ကျစရိတ်ငွေ အလှူရှင် ဦးစိန်မျိုးအောင် (ငွေရည်ပုလဲကုမ္ပဏီ)က အထက(၂) ကျောင်းအုပ်ကြီးနှင့် အလက(၂)ထခွဲ ကျောင်းအုပ်ဆရာမကြီးတို့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တွဲဖက်ပြည်နယ် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အထက(၂) ကျောင်းအုပ်ကြီး ဦးလူထွန်းနှင့် အလက(၂) ထခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဝင်းတို့ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

သွေးလွန်တုပ်ကွေး မဖြစ်ပွားရေးဆောင်ရွက်

နောင်ချို ဩဂုတ် ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် စည်ပင်သာယာရေးဌာနဝန်ထမ်းများသည် ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီက နောင်ချိုမြို့မဈေးကြီးအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်း ဆယ်ယူခြင်း၊ ခြင်၊ ယင်မပေါက်ပွားစေရန် ခြင်ဆေးဖျန်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းစသည့် မိုးရာသီတုပ်ကွေးရောဂါမဖြစ်ပွားစေရေး သန့်ရှင်းရေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စိုးဝင်း(နောင်ချို)

ကြော်ငြာ

Myanma Posts & Telecommunications

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ SIM ကတ်များကို နိုင်ငံတစ်ဝန်းရှိ လက်လီအရောင်းဆိုင်များတွင် စက်တင်ဘာလ (၁)ရက်နေ့မှ စတင်၍ ဝယ်ယူရရှိနိုင်ပြီ ဖြစ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မိဘပြည်သူများအား SIM ကတ်များ ပိုမို လွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ တန်ဖိုးနည်း SIM ကတ်များကို နိုင်ငံတစ်ဝန်း ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ လက်လီအရောင်းဆိုင်များတွင် စက်တင်ဘာလ (၁)ရက်နေ့မှ စတင်၍ ကျယ်ကျယ်ပြန့်ပြန့် ရောင်းချပေးမည်ဖြစ်ပါသည်။ SIM ကတ်များကို လစဉ်လတိုင်း ဝယ်ယူရရှိနိုင်ရေးနှင့် နိုင်ငံအနှံ့ရှိ မြို့များနှင့် မြို့နယ်တိုင်းတွင် ရရှိနိုင်ရေး ဆက်လက် စီစဉ် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

ပြည်နယ်/တိုင်း	မြို့နယ်များ
နေပြည်တော်	ဇမ္ဗူသီရိ လယ်ဝေး ဥတ္တရသီရိ ပုဗ္ဗသီရိ ပျဉ်းမနား တပ်ကုန်း ဇေယျာသီရိ ဒက္ခိဏသီရိ
ကချင်	မြစ်ကြီးနား ဝိုင်းမော် ဗန်းမော် ဖားကန့် မိုးကောင်း မိုးညှင်း ရွှေကူ တနိုင်း
ကယား	လွိုင်ကော်
ကရင်	ဘားအံ လှိုင်းဘွဲ့ ဖာပွန် ကော့ကရိတ် ကြာအင်းဆိပ်ကြီး မြဝတီ
ချင်း	ဟားခါး ဖလမ်း မင်းတပ် တီးတိန်
စစ်ကိုင်း	မုံရွာ ဘုတလင် ခန္တီး ဟုမ္မလင်း အင်းတော် ကလေး ကလေးဝ တမူး ကောလင်း မော်လိုက် မြင်းမူ ပုလဲ စစ်ကိုင်း ဝန်းသို
တနင်္သာရီ	ထားဝယ် ဘုတ်ပြင်း ကော့သောင်း ကျွန်းစု လောင်းလုံ မြိတ် ပုလော ရေဖြူ
ပဲခူး	ပဲခူး ပြည် ဒိုက်ဦး ကဝ ကျောက်ကြီး ကျောက်တံခါး ညောင်လေးပင် အုတ်တွင်း ဖြူး ရွှေကျင် ထန်းတပင် တောင်ငူ သနပ်ပင် ဝေါ ရေတာရှည် ကြို့ပင်ကောက် လက်ပံတန်း မင်းလှ မိုးညို နတ်တလင်း အုတ်ဖို ပန်းတောင်း ပေါက်ခေါင်း ပေါင်းတည် ရွှေတောင် သာယာဝတီ သဲကုန်း ဇီးကုန်း
မကွေး	မကွေး အောင်လံ ချောက် ဂန့်ဂေါ ကံမ မင်းဘူး မင်းတုန်း မင်းလှ မြိုင် မြို့သစ် နတ်မောက် ငဖဲ ပခုက္ကူ ပေါက် ပွင့်ဖြူ စလင်း စော ဆိပ်ဖြူ စေတုတ္တရာ ဆင်ပေါင်ဝဲ တောင်တွင်းကြီး သရက် ထီးလင်း ရေနံချောင်း ရေစကြို
မန္တလေး	အောင်မြေသာစံ ချမ်းအေးသာစံ မဟာအောင်မြေ မိုးကုတ် ပုသိမ်ကြီး ပြင်ဦးလွင် စဉ့်ကူး အမရပူရ ချမ်းမြသာစည် ကျောက်ပန်းတောင်း ကျောက်ဆည် မိတ္ထီလာ ပြည်ကြီးတံခွန် စဉ့်ကိုင် ဝမ်းတွင်း သာစည်

ပြည်နယ်/တိုင်း	မြို့နယ်များ
မွန်	မော်လမြိုင် ဘီးလင်း ချောင်းဆုံ ကျိုက်မရော ကျိုက်ထို မုဒုံ ပေါင် သံဖြူဇရပ် သထုံ ရေး
ရခိုင်	စစ်တွေ အမ်း ဘူးသီးတောင် ဂွ ကျောက်ဖြူ ကျောက်တော် မောင်တော မင်းပြား မြောက်ဦး မြန်အောင် မြေပုံ ပေါက်တော ပုဏ္ဏားကျွန်း ရမ်းဗြဲ ရသေ့တောင် ၊ သံတွဲ တောင်ကုတ်
ရန်ကုန်	ဗိုလ်တထောင် ဒဂုံမြို့သစ် ဒေါပုံ မင်္ဂလာတောင်ညွန့် မြောက်ဥက္ကလာပ ပုဇွန်တောင် တောင်ဥက္ကလာပ တာမွေ သာကေတ သင်္ဃန်းကျွန်း ရန်ကင်း လှိုင်သာယာ လှည်းကူး ၊ မှော်ဘီ ထန်းတပင် အင်းစိန် မင်္ဂလာဒုံ ရွှေပြည်သာ တိုက်ကြီး အလုံ တွံတေး ကိုကိုးကျွန်း ဒလ လှိုင် ကမာရွတ် ကော့မှူး ခရမ်း ကွမ်းခြံကုန်း ကျောက်တံတား ကျောက်တန်း ကြည့်မြင်တိုင် လမ်းမတော် လသာ မရမ်းကုန်း ပန်းဘဲတန်း စမ်းချောင်း ဆိပ်ကြီးခနောင်တို ဆိပ်ကမ်း သန်လျင် သုံးခွ
ရှမ်း	တောင်ကြီး လားရှိုး ကျိုင်းတုံ မိုင်းဖြတ် မိုင်းတုံ တာချီလိတ် သီပေါ ကွတ်ခိုင် လောက်ကိုင် မူဆယ် မန်တုံ မိုးမိတ် မိုးနဲ မူဆယ် နမ့်ခမ်း နောင်ချို ကလော ကွန်ဟိန်း လဲချား လင်းခေး ရပ်စောက် လွိုင်လင် မိုင်းရှူး မိုင်းနောင် နမ့်စန် ညောင်ရွှေ ဆီဆိုင် ပင်းတယ ပင်လောင်း ရွာငံ
ဧရာဝတီ	ပုသိမ် ဘိုကလေး ဓနုဖြူ ဒေးဒရဲ ဟင်္သာတ အင်္ဂပူ ကန်ကြီးထောင့် ကျိုက်လတ် ကြံခင်း ကျောင်းကုန်း ကျုံပျော် လပွတ္တာ လေးမျက်နှာ မအူပင် မော်လမြိုင်ကျွန်း မြန်အောင် မြောင်းမြ ငပုတော ညောင်တုန်း ပန်းတနော် ဖျာပုံ သာပေါင်း ဝါးခယ်မ ရေကြည် ၊ ဇလွန်

အသေးစိတ်သိလိုပါက ဖုန်းနံပါတ် "၁၀၆" သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

သင်ရိုးညွှန်းတမ်းမှသည် အရည်အသွေးရှိပညာရေးသို့

ပညာရေးသည် နိုင်ငံတစ်နိုင်ငံနှင့် လူ့အဖွဲ့အစည်းတစ်ရပ်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် သော့ချက်ဖြစ်သည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်သည်မှာလည်း ပညာရေးပင်ဖြစ်ပါသည်။ ထို့ကြောင့် ပညာရေးသည် ပြောင်းလဲနေသည့် ခေတ်ကာလလိုအင်၊ တိုင်းပြည်လိုအင်၊ ကျောင်းသား ကျောင်းသူတို့၏ လိုအင်များကို ဖြည့်ဆည်းပေးသည်နှင့်အမျှ အရည်အသွေးရှိပညာရေး ဖြစ်ထွန်းလာမည်။

အရည်အသွေးရှိပညာရေး၏ စံများကိုတိုင်းတာသည့်အချက်များတွင် သင်ရိုးညွှန်းတမ်း (Curriculum)သည် တစ်ချက်အပါအဝင်ဖြစ်သည်။ သို့ဖြစ်ပါ၍ အမျိုးသားပညာရေးဥပဒေမူကြမ်းအခန်း(၁)တွင် သင်ရိုးညွှန်းတမ်း၏အဓိပ္ပာယ်ကို **"သင်ရိုးညွှန်းတမ်းဆိုသည်မှာ ပညာရေးရည်မှန်းချက်များ အောင်မြင်စေရန်ရည်ရွယ်၍သင်ယူမှုရလဒ်များ၊ သင်ရိုးဝင်အကြောင်းအရာများ၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် တတ်မြောက်မှုစစ်ဆေးခြင်းတို့အပါအဝင် ကျောင်းတွင်းနှင့် ကျောင်းပြင်တို့၌ လေ့လာသင်ယူရမည့် ပညာရပ်နယ်ပယ်အလိုက် စနစ်တကျရေးဆွဲထားသော အစီအစဉ်များကိုဆိုသည်"**ဟု ဖွင့်ဆိုထားသည်။

သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် အထူးသတိပြုရမည့်အချက်များ၊ စဉ်းစားပေးရမည့်အချက်များလည်းရှိသည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချရန်နှင့်ဒေသလိုအပ်ချက်နှင့်ကိုက်ညီသည့် ဘာသာရပ်ဆိုင်ရာအချက်အလက်များ ပါဝင်၊ ထည့်သွင်းရန်လိုအပ်သည်။ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို တန်ဖိုးထား၊ ထိန်းသိမ်းမြှင့်တင်သော သင်ရိုးညွှန်းတမ်းလည်းဖြစ်ရန်လိုသည်။ လူငယ်များ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ဝေဖန်ပိုင်းခြားနိုင်သော အတွေးအခေါ်ရှိရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးစေရေးအတွက်လည်း ဦးစားပေးရေးဆွဲကြရမည်။

သို့ဖြစ်ပါ၍ အမျိုးသားပညာရေးဥပဒေမူကြမ်း အခန်း(၇)သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးညွှန်းတမ်းစံသတ်မှတ်ခြင်းတွင် သင်ရိုးညွှန်းတမ်းနှင့်စပ်လျဉ်း၍ ပါဝင်ရမည့်အချက်များကို အောက်ပါအတိုင်းဖော်ပြထားသည်-

(က) တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော အသိဉာဏ်ရှိ၍ ဘက်စုံပညာပြည့်ဝသည့် နိုင်ငံသားကောင်းများ ဖြစ်ထွန်းစေရေး၊

(ခ) လူတစ်ဦးချင်းမှသည် မြန်မာ့လူမှုအဖွဲ့အစည်းတစ်ခုလုံးအတွက် အသုံးဝင်မည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများကို လေ့ကျင့်ဖော်ဆောင်နိုင်စွမ်းရှိရေး၊

(ဂ) လိမ္မာရေးခြားရှိမှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှု၊ မတူကွဲပြားခြားနားခြင်းအား နားလည်လက်ခံမှုနှင့် တန်းတူညီမျှမှုကို မြတ်နိုးခြင်း၊ တာဝန်သိမှု၊ တာဝန်ရှိမှုနှင့် တာဝန်ယူမှုရှိခြင်း၊ ဒီမိုကရေစီ အလေ့အကျင့်များ တန်ဖိုးထားမှုနှင့် ပြည့်စုံသော နိုင်ငံသားကောင်းများဖြစ်ထွန်းမှုကို လေ့ကျင့်ဖော်ဆောင်နိုင်စွမ်းရှိရေး၊

(ဃ) နိုင်ငံသားအားလုံးတွင် ရှိသင့်ရှိအပ်သော တန်ဖိုးများနှင့် တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသောစာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံတို့ကို မြှင့်တင်နိုင်စွမ်းရှိရေး၊

(င) သင်ရိုးညွှန်းတမ်းများသည် ခေတ်ကာလအခြေအနေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး နိုင်ငံတကာပညာရေး သင်ရိုးညွှန်းတမ်းနှင့်လည်း လိုက်လျောညီထွေမှုရှိရေး၊

(စ) နိုင်ငံတစ်ဝန်းတွင် ကျင့်သုံးရမည့်အခြေခံပညာရေးအဆင့် အသီးသီးအတွက် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်များနှင့် သင်ရိုးညွှန်းတမ်းစံများရှိရေး၊

(ဆ) အပိုဒ်(စ)ပါ သင်ရိုးညွှန်းတမ်းစံကို အခြေခံ၍ ဒေသအလိုက် သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကို လွတ်လပ်စွာဆောင်ရွက်နိုင်ခွင့်ရှိရေး၊

(ဇ) သင်ရိုးညွှန်းတမ်းများသည် လက်တွေ့ဘဝနှင့် ဆက်စပ်မှုရှိရေး။

(အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာလုပ်ငန်းအဖွဲ့)

အမျိုးသားပညာရေးကောင်စီ၊ အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီ၊ ဘာသာရပ်တစ်ခုချင်းအလိုက် ဖွဲ့စည်းထားသော သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ သင်ရိုးညွှန်းတမ်းဌာနတို့၏ ဦးဆောင်မှုဖြင့် သင်ရိုးညွှန်းတမ်းကို ရေးဆွဲအကောင်အထည်ဖော်မည်ဖြစ်သည်။ သို့ရာတွင် အထက်ဖော်ပြပါ အပိုဒ်(ဆ)အရ ဗဟိုချုပ်ကိုင်မှုလျှော့ချရန်နှင့် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသည့် ဘာသာရပ်ဆိုင်ရာ အချက်အလက်များပါဝင်ရန် အလေးပေးထားကြောင်း တွေ့ရှိနိုင်သည်။

သင်ရိုးညွှန်းတမ်းစံသတ်မှတ်အတည်ပြုပေးခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည်-

(က) အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အမျိုးသားပညာရေး သင်ရိုးညွှန်းတမ်းများကို ကောင်စီ၏အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းပေးရမည်။

(ခ) မသန်စွမ်းသူများ၊ဆွံ့အ၊နားမကြားသူများနှင့် ဉာဏ်ရည်မမီသူများ (မတူကွဲပြားသင်ယူသူများ)အတွက် သင်ကြားရမည့် အထူးပညာရေး အစီအစဉ်၏ သင်ရိုးညွှန်းတမ်းကို သက်ဆိုင်ရာပညာရေး နယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် ညှိနှိုင်းအတည်ပြု ပြဋ္ဌာန်းပေးရမည်။

(ဂ) မိမိတို့ကျောင်းများအတွက် လိုအပ်သော သင်ရိုးညွှန်းတမ်းစံများကို ကောင်စီ၏အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း အရည်အသွေးထိန်းသိမ်းရေးအတွက် ဖော်ပြထားသည်ကို တွေ့ရှိနိုင်သည်။ ထို့ပြင် အပိုဒ်(ခ)တွင် ကျောင်းနေအရွယ်ကလေးသူငယ်တိုင်း ကွဲပြားခြားနားမှုမရှိ သာတူညီမျှ ပညာသင်ယူခွင့်ရရှိရေးအတွက် အလေးအနက်ထည့်သွင်းထားသည်။

အမျိုးသားပညာရေးဥပဒေမူကြမ်းတွင် သင်ကြားသင်ယူမှု သုံးဘာသာစကားနှင့်ပတ်သက်၍ **သင်ကြားရာတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာနှစ်ဘာသာတွဲ၍ဖြစ်စေ သင်ကြားနိုင်သည်**ဟု တိကျစွာဖော်ပြထားသည်။

အမျိုးသားပညာရေးဥပဒေမူကြမ်းသည် တိုင်းရင်းသားတို့၏ ဘာသာ၊ စာပေထိန်းသိမ်းမြှင့်တင်ရေးအတွက် **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် မူလတန်းအဆင့်၌ တိုင်းရင်းသား ဘာသာစကား သင်ကြားသင်ယူမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်သည်**ဟု ဖော်ပြထားသည်ကို တွေ့ရှိနိုင်သည်။

သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းသည် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သည်။ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ပညာရှင်များ၊ ပညာရေးစိတ်ပါဝင်စားသူအားလုံးက ပူးပေါင်းပါဝင်အကြံဉာဏ်များပေးခြင်းဖြင့် နိုင်ငံတကာလူ့အဖွဲ့အစည်းများနှင့် သဟဇာတဖြစ်ပြီး အရည်အသွေးပြည့်ဝသည့် နိုင်ငံသားကောင်းများဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးနိုင်သည့် **သင်ရိုးညွှန်းတမ်းမှသည် အရည်အသွေးရှိပညာရေး**ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ယုံကြည်မိသည်။

ယခုကဲ့သို့ ဒီမိုကရေစီခေတ်ဆန်းချိန်တွင် မြန်မာနိုင်ငံသားအားလုံး တက်ညီလက်ညီဖြင့် တိုင်းကျိုးပြည်ပြုပညာရေးပြောင်းလဲမှုတွင် ကျရာနေရာမှ စည်းစည်းလုံးလုံး ပါဝင်ဆောင်ရွက်ခြင်းဖြင့် မြန်မာပြည်၏ ပညာရေးမြင့်မားလာသည်နှင့်အမျှ တိုင်းပြည်၏စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုမည့်အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက်ပါ အထောက်အကူပြုမည်ဟု မျှော်လင့်မိပါသည်။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

မန္တလေးတိုင်းဒေသကြီး ဥရောပသမဂ္ဂအစီအစဉ်ဖြင့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်သင်တန်းဖွင့်

မန္တလေး ဩဂုတ် ၂၉

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရုံး ရဲသူရိန်ခန်းမ၌ ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီက ဥရောပသမဂ္ဂ အစီအစဉ်ဖြင့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် Community Policing သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

ရှင်းလင်းပြောကြား

သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ဝင်းအောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး EU မှ Project Component Leader Mr.David Hamilton က EU (European Union) မှ Community Policing လုပ်ငန်းများကို နိုင်ငံတကာအဆင့်မီအောင် ဆောင်ရွက်နိုင်ရန် လက်တွေ့သင်ကြားပေးမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်ကြားပို့ချ

အဆိုပါသင်တန်းသို့ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့နယ်မြေအတွင်းရှိ တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်အရာရှိများ၊ သင်တန်းသား အရာရှိ ၂၀ တက်ရောက်ခဲ့ကြပြီး Mr.David Hamilton ဦးဆောင်သောအဖွဲ့ဝင်တို့မှ လိုအပ်မှု၊ စိုးရိမ်ပူပန်မှုနှင့် မျှော်လင့်ချက်ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းခြင်း၊ မက်စ်လောစိတ်နေသဘောထားနှင့် အပြုအမူ လူ့အခွင့်အရေးကြေညာခြင်းနှင့် ဆက်သွယ်ခြင်း၊ ပြဿနာများကိုဖြေရှင်းခြင်း၊ စုံစမ်းစစ်ဆေးမေးမြန်းခြင်း၊ ပူးပေါင်းမိတ်ဖွဲ့ဆောင်ရွက်ခြင်း၊ လက်တွေ့ကွင်းဆင်းခြင်း စသည့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ် မဏ္ဍိုင်ငါးရပ်တို့ကို နံနက်ပိုင်း၊ နေ့လယ်၌ ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၅ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

သတင်းတို

မြန်မာ့သစ်လုပ်ငန်း အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၉

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း၏ ပထမအကြိမ် အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က အင်းစိန်မြို့နယ် ကြို့ကုန်းရှိ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) တော်ဝင်ခန်းမ၌ ဖွင့်လှစ်ရာ မြန်မာ့သစ်လုပ်ငန်းအထွေထွေမန်နေဂျာ (စီမံရေး)က အမှာစကားပြောကြားသည်။ မြန်မာ့သစ်လုပ်ငန်းသည် အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများကို ရန်ကုန်(ရုံးချုပ်)၊ လေ့ကျင့်ရေးသင်တန်းကျောင်း (နန်ချွန်)နှင့် လေ့ကျင့်ရေးသင်တန်းကျောင်း (နေပြည်တော်)တို့တွင် တစ်ပြိုင်နက်တည်း ဖွင့်လှစ်ခဲ့ကြောင်း၊ ယခုဖွင့်လှစ်သည့် ပထမအကြိမ်သင်တန်းများတွင် မြန်မာ့သစ်လုပ်ငန်းလက်အောက်ရှိ ဌာနအသီးသီးမှ အမှုထမ်း ၇၀ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ဃ/၁၄၂၈၀၊ Yinxiang - 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထွန်းခိုင် ၉/လဝန(နိုင်)၁၄၉၄၄၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ (နေပြည်တော်)

ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၈၆၈၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွာသာကြီး)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၆၈၈၈၇ Honda Dream125 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်း ၁၀/မလမ(နိုင်)၀၆၄၄၈၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊မော်လမြိုင်မြို့

ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၆၀၉၄၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၂၁၄၄၈ Honda Wave M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းစိုးကိုကို ၃/ဘအန(နိုင်)၂၁၄၄၁၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး၊ဘားအံမြို့**

ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၁၉၁၀၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၃ယ/၉၆၈၄၀၊ TOYOBO -110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်လွင် ၁၄/ကပန(နိုင်)၀၀၁၂၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ဟင်္သာတ)

ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၄၀၁၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွာသာကြီး)

ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆င/၂၆၈၀၊ ၆င/၂၆၈၃ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၅၉၅၉၀ Feiling 125 MC ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကြည် ၁၁/ဂမန(နိုင်)၀၀၃၄၈၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆င/၂၆၇၇၊ ၆င/၂၆၇၄၊ ၆င/၂၆၇၈ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

ဖခင်အမည်မှန်

အထက(ပုလဲ)သုံးခွ၊ တက္ကသိုလ်ဝင်တန်း(A)မှ မနှင်းယုဝေ၏ ဖခင်အမည်မှန်မှာ ဦးသက်ခိုင်ဦး၁၂/သခန(နိုင်)၀၇၅၄၃၆ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အထက(ပုလဲ)သုံးခွ၊ နဝမတန်းမှ မဖူးပွင့်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးစန်းနိုင် ၁၂/သခန (နိုင်)၀၁၄၅၂၇ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အထက(ပုလဲ)သုံးခွ၊ တက္ကသိုလ်ဝင်တန်း (A)မှမယုယုနိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်နိုင် ၁၂/သခန(နိုင်) ၀၈၉၃၃၄ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အထက(ပုလဲ)သုံးခွ၊ အဋ္ဌမတန်း (A)မှ မဝေဝေလွင်၏ ဖခင်အမည်မှန်မှာ ဦးအေးမြင့် ၁၂/သခန(နိုင်) ၀၁၇၄၃၄ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အထက(ပုလဲ)သုံးခွ၊ တက္ကသိုလ်ဝင်တန်း (A)မှ မောင်ဇော်ဇော်ငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးမြငြိမ်း၁၂/သခန (နိုင်)၀၁၄၃၉၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အထက(ပုလဲ)သုံးခွ၊ အဋ္ဌမတန်း (B)မှ မောင်ဇော်ရှိုင်း၏ ဖခင်အမည်မှန်မှာ ဦးညွှန့်မင်းအောင် ၁၂/သခန (နိုင်) ၀၁၆၆၂၉ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အထက(ပုလဲ)သုံးခွ၊ တက္ကသိုလ်ဝင်တန်း(A)မှ မမြနှင်းဖြူ၏ ဖခင်အမည်မှန်မှာ ဦးစိန် အောင် ၁၂/သခန (နိုင်)၀၁၄၁၈၁ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အထက(ပုလဲ)သုံးခွ၊ အဋ္ဌမတန်း (B)မှ မောင်အောင်ခန့်ဇော်၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော် ၁၂/သခန (နိုင်) ၀၁၂၁၇၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အထက(ပုလဲ)သုံးခွ၊ နဝမတန်းမှ မအေးအေးမြင့်၏ ဖခင်အမည်မှန်မှာ ဦးသန်းအောင် ၁၂/သခန(နိုင်)၀၁၇၅၄၇ ဖြစ်ပါကြောင်း။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ရှမ်းရိုးရာကွမ်းတောင် ပန်းတောင်များနှင့် ချစ်စရာဓလေ့

မြန်မာနိုင်ငံရှိ လူမျိုးတိုင်းတွင် ရိုးရာဓလေ့များ ကိုယ်စီရှိကြသည်။ ထိုရိုးရာဓလေ့များကိုလည်း သက်ဆိုင်ရာ အလှူမင်္ဂလာ အခမ်းအနားများတွင် ထည့်သွင်းဖော်ပြသုံးစွဲခြင်းသည် မြန်မာလူမျိုး၊ မျိုးနွယ်စုဝင်များ၏လေးစားချစ်ခင်ဖွယ်ကောင်းသောဓလေ့တစ်ခုလည်း ဖြစ်ပေသည်။

ထိုအထဲတွင် ရှမ်းလူမျိုးတို့၏ ကွမ်းတောင် ပန်းတောင်များသည်လည်း ရိုးရာဓလေ့တစ်ခုအဖြစ် ရှေးနှစ်ပေါင်း များစွာကတည်းက ယနေ့အထိ ထင်ပေါ်ကျော်ကြားစွာ ပြုလုပ်သုံးစွဲနေကြဆဲပင် ဖြစ်သည်။ ရှမ်းလူမျိုးတို့သည် အလှူမင်္ဂလာပွဲများ ကျင်းပသောအခါ ကွမ်းတောင် ပန်းတောင်များမှာ မပါလျှင်မပြီးသည့် အလေ့အထဖြစ်ပြီး ရှင်လောင်းပွဲများတွင် အဓိက ပြုလုပ်သုံးစွဲကြကြောင်း သိရသည်။

ကွမ်းတောင် ပန်းတောင်များကို ရှမ်းစက္ကူ၊ ရောင်စုံစက္ကူ၊ ငှက်ပျောဖက်စသည်တို့ဖြင့် ပြုလုပ်ကြပြီး အများဝိုင်းဖွဲ့၍ တပျော်တပါး တက်ညီလက်ညီလုပ်ကိုင်ကြသည်။ အများအားဖြင့် မောင်ရှင်လောင်းအရေအတွက်အလိုက် လှပသေသပ်စွာ ဖန်တီးပြုလုပ်ကြ၍ ကိုင်ဆောင်မည့်အမျိုးသမီးကိုလည်း သေသေချာချာ ရွေးချယ်ပြီးမှ ကိုင်ဆောင်စေသည်။ ကွမ်းတောင် ပန်းတောင်များကို မိစုံဖစုံနှင့် အိမ်ထောင်မရှိသော မိန်းမပျိုဖြစ်စေရမည့်အပြင် ချောမောလှပပြီး လိမ္မာယဉ်ကျေးသည့် အမျိုးသမီးငယ်များကိုသာ အထူးရွေးချယ်ပြီး ကိုင်ဆောင်စေသည်။

ရှမ်းလူမျိုးတို့သည် အဆိုပါ ကွမ်းတောင် ပန်းတောင်များကို ပွဲပြုလုပ်ကျင်းပခြင်းမတိုင်မီ ကြိုတင်၍ ရက်အနည်းငယ်အတွင်း လုပ်ဆောင်ကြသည်။ ယခင်သုံးစွဲပြီးသော ကွမ်းတောင် ပန်းတောင်များကို ပြန်လည်သုံးစွဲခြင်းမရှိဘဲ ပွဲတစ်ပွဲအတွက် အသစ်ထပ်မံလုပ်ဆောင်ကြသည်။ ထို့အပြင် ကွမ်းတောင် ပန်းတောင်များကို အခကြေးငွေမယူဘဲ ရပ်ရွာအတွင်းရှိ အမျိုးသမီးများ စုပေါင်း၍ ပြုလုပ်ကြသည်။ အလှူရှင်များက လိုအပ်သောပစ္စည်းကို ဝယ်ပေးရန်နှင့် ဧည့်ခံကျွေးမွေးမှု ပြုလုပ်ပေးရန်သာ တာဝန်ရှိသည်။

ထိုကဲ့သို့ အများဝိုင်းဖွဲ့၍ တပျော်တပါး လုပ်ဆောင်ကြခြင်းကြောင့် အချင်းချင်း ချစ်ခင်ရင်းနှီးမှုပိုမိုရရှိပြီး မျိုးဆက်သစ်လူငယ်များပါ ရိုးရာဓလေ့အတတ်ပညာတစ်ခု ပါဝင်လုပ်ကိုင်ခြင်းဖြင့် အလွယ်တကူ တတ်မြောက်စေနိုင်သည်။ ယခုအခါသည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာပြီး ပစ္စည်းကိရိယာ အသစ်အဆန်းအများအပြား ပေါ်ထွက်လာနေပြီဖြစ်သော်လည်း အစားထိုး သုံးစွဲပြုပြင်မှုများကို လုံးဝမပြုလုပ်ဘဲ ရိုးရာဓလေ့အတိုင်းသာ မပျက်မကွက်သုံးစွဲနေဆဲပင်ဖြစ်သည်။

ရှမ်းလူမျိုးတို့၏ အလှူမင်္ဂလာပွဲများတွင် ယခုကဲ့သို့ ကွမ်းတောင် ပန်းတောင်များ ပြုလုပ်သုံးစွဲလာခြင်းသည် ရှေးနှစ်ပေါင်းများစွာ စော်ဘွားများလက်ထက်ကတည်းက ရိုးရာမပျက် သုံးစွဲလာခြင်းဖြစ်ကြောင်း သိရသည်။

သက်နိုင်(မြင်ဦးလွင်)

မိုးညှင်း၌ အနာကြီးရောဂါဆိုင်ရာ ကိုယ်အင်္ဂါချို့ယွင်းမှုကာကွယ်ရေး သင်တန်းဖွင့်

မိုးညှင်း ဩဂုတ် ၂၉

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ကျန်းမာရေးဝန်ထမ်းများအား အနာကြီးရောဂါဆိုင်ရာ ကိုယ်အင်္ဂါချို့ယွင်းမှု ကာကွယ်ရေးသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၇ ရက်က မိုးညှင်းခရိုင် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအသင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ၊ မီးသတ်လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် အခြေခံကျန်းမာရေးဝန်ထမ်း ၇၀ ကျော် တက်ရောက်ကြသည်။

သင်တန်းဖွင့်အမှာစကားကို ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းဌေးက ပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန အနာကြီးရောဂါ တိုက်ဖျက်ရေးစီမံကိန်း (အရေပြားအထူးကုဆရာဝန်ကြီး)ဒေါက်တာ မောင်မောင်ထူးက သင်တန်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းကာလမှာ (I LEP)အဖွဲ့အစည်းအကူအညီဖြင့် သုံးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး ဒေါက်တာဌေးကြွယ် (အဖွဲ့ခေါင်းဆောင် ဆရာဝန်) စစ်ကိုင်း၊ ဦးစိုးဝင်း (LI)အနာကြီးရောဂါကုသရေးမှူး စစ်ကိုင်း၊ ဦးဂျူးစိုး (LI)အနာကြီးရောဂါ ကုသရေးမှူး မန္တလေးနှင့် ဦးကျော်ကောင်းထက် (LI) မြစ်ကြီးနားတို့က သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဇ၃)

အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဖွင့်

နေပြည်တော် ဩဂုတ် ၂၉

ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု (Third Wave) တတိယအဆင့် အရှိန်မြှင့်တင်မှုသင်တန်းများကို ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် သတ်မှတ်ကာလများအလိုက် စည်းရုံးလှုပ်ရှားမှုအသွင်ဖြင့် တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

အဆိုပါ သင်တန်းများ ဖွင့်လှစ်ပေးခြင်းကြောင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ထမ်းဆောင်နေကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက် တပ်ဖွဲ့/ဦးစီးဌာနများရှိ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လာနိုင်ပြီး ရည်မှန်းချက်တာဝန်များကို သတ်မှတ်အချိန်ကာလအတွင်း တိုးတက်အောင်မြင်လာစေမည်ဖြစ်ကြောင်း၊ ရုံးလုပ်ငန်းများ လျင်မြန်သွက်လက်လာမည်ဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ တာဝန်သိမှုနှင့် တာဝန်ယူမှု၊ ဥပဒေနည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်မှု၊ ဝန်ထမ်းများ၏ စိတ်ဓာတ်ကောင်းမွန်မှုနှင့် လာဘ်ပေးလာဘ်ယူ ကင်းရှင်းအောင် ဆောင်ရွက်နိုင်မှုဆိုင်ရာ စွမ်းဆောင်ရည်များလည်း မြင့်မားတိုးတက်လာစေမည် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းဖွင့်

ကွန်ဟိန်း ဩဂုတ် ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရှမ်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းအမှတ်စဉ် (၂/၂၀၁၆) သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီက လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့ နမ့်ပန်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ အစီအစဉ်အရ ကွန်ဟိန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမွန်းနှင့် ဦးစိုင်းနုတို့က အမှာစကားပြောကြားကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ သင်တန်းတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ မူးယစ်အထူးတပ်ဖွဲ့၊ ကျန်းမာရေးဌာန၊ စိတ်ပညာဌာန၊ တရားရေး၊ ဥပဒေနှင့် စေတနာ့ဝန်ထမ်း ကြီးကြပ်ရေးမှူးအသင်း (ဗဟို)တို့မှ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**

ဆင်လွမ်ဒမ်း(၁)ကျေးရွာ၌ မူလတန်းကျောင်း(ခွဲ)ဖွင့်

မချမ်းဘော ဩဂုတ် ၂၉

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ထရန်ဒမ်းကျေးရွာအုပ်စု ဆင်လွမ်ဒမ်း(၁)ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့မျက်နှာစာ၌ ကျင်းပရာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညာဏ်လှိုင်၊ မြို့နယ်ပညာရေးမှူး ဦးတင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ အခမ်းအနားတွင် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညာဏ်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးတင်ထွန်းက ပညာရေးဆိုင်ရာသိကောင်းစရာများ၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် ကျောင်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ဟောပြောခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၁၆ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၈၂

ကွယ်လွန်သူ ဒေါ်ရင်မေ၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဒေါ်သီတာမြင့်　　　　**လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၇လမ်း၊ အမှတ် ၂၄/အေ၊ ပထမထပ်နေ ဒေါ်သီတာမြင့်က ကွယ်လွန်သူ ဒေါ်ရင်မေ၏သမီးဖြစ်သည်ဟူ၍ အထက်ဖော်ပြပါလိပ်စာနေ ၄င်းကွယ်လွန်သူ ဒေါ်ရင်မေမှာကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဒေါ်ရင်မေမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၆ခုနှစ် စက်တင်ဘာ ၁၂ရက်(၁၃၇၈ခုနှစ် တော်သလင်းလပြည့်ကျော်၄ရက်) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်ထားသူ ဒေါ်သီတာမြင့်၏ လျှောက်ထားချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၆ခုနှစ် ဩဂုတ် ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ငြိမ်းမြင့်)
တွဲဖက်ခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဒေါပုံမြို့နယ်တရားရုံး

၂၀၁၆ခုနှစ် တရားမကြီးအမှုအမှတ်-၃၅

၁။ ဦးမြင့်ဦး　　**နှင့်**　　၁။ ဦးသိန်းထွန်း

၂။ ဒေါ်လှဲ့လှဲ့ဆွေ　　　　၂။ ဒေါ်နီ

တရားလိုများ　　　　**တရားပြိုင်များ**

ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ စပါယ်လမ်း၊ အမှတ် -၅၄၅နေ ဦးသိန်းထွန်းနှင့် ဒေါ်နီ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့် ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် စက်တင်ဘာ ၈ရက် (၁၃၇၈ခုနှစ် တော်သလင်းလပြည့်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဩဂုတ် ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အောင်စိုးတင့်)
မြို့နယ်တရားသူကြီး
ဒေါပုံမြို့နယ်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားမရုံးတော်၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၅၃၅နှင့် ဆက်သွယ်သည့်

၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၅၉

ဦးဝင်းအောင်　　**နှင့်**　　၁။ ဦးလှအေး

၂။ အီဗရာဟင်မိုဟာမက်မိုလာ

ဒီကရီအနိုင်ရသူ　　　　**တရားရှုံးများ**

(၁) ဦးလှအေး၊ အမှတ်(၂၇)၊ လမ်း ၁၄၀၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိ)၊ (၂) အီဗရာဟင်မိုဟာမက်မိုလာ၊ အမှတ်(၂၀၆)၊ လမ်း ၄၀၊ (၉) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ် ၅၃၅တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဝင်းအောင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန်သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့် ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၆ခုနှစ် စက်တင်ဘာ ၁၂ရက် (၁၃၇၈ခုနှစ် တော်သလင်းလပြည့်ကျော် ၄ ရက်)မွန်းမတည့် မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ် ဩဂုတ် ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ဌေးရီ)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အမည်မှန်

လှိုင်သာယာမြို့နယ်ခွဲနေ ဦးမင်းဇော်၏သား အထကကျောင်း ဆဋ္ဌမတန်း(A)မှ မောင်မင်းခန့်ဇော်၏အမည်မှန်မှာ မောင်မင်းခန့်ဇော် ဖြစ်ပါသည်။ **ဦးမင်းဇော်**
လှိုင်သာယာမြို့နယ်ခွဲ

အမည်ပြောင်း

လှိုင်သာယာမြို့နယ်ခွဲနေ ဦးရိဗဇူ၏သား အထကကျောင်း သူငယ်တန်း(A)မှ မောင်ရိကျားလျန့်အား ယနေ့မှစ၍ မောင်လောဆိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **ဦးရိဗဇူ**
လှိုင်သာယာမြို့နယ်ခွဲ

ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ပြည်စံအောင် အထက(ခွဲ) တက္ကသိုလ်ဝင် တန်း(A)တွင် ပညာသင်ကြားနေသော မောင်ကျော်မျိုးသူ၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော် ၉/စကတ(နိုင်)၀၆၇၉၁၆ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အထက(ခွဲ)ရွှေတော၊ နဝမတန်းမှ စောဂျင်နဝါး၏ ဖခင်အမည်မှန်မှာ ဦးစောဒီးဒီး ၃/ဘအန(နိုင်)၁၆၂၅၉၀ ဖြစ်ပါသည်။

မိခင်အမည်မှန်

ကျိုက်ထိုမြို့၊ အထက(၁)အဋ္ဌမတန်း (B)မှ မဝင့်သန္တာအောင်၏မိခင်အမည်မှန်မှာဒေါ်အေးအေးထွန်း ဖြစ်ပါကြောင်း။ **ဒေါ်အေးအေးထွန်း**

ကြည့်မြင်တိုင် လှိုင်မြစ်တစ်ဖက်ကမ်း အလတ်ချောင်း၌ အိမ်၊ ခြံ၊ မြေရောင်းဝယ်သူတို့ဖြင့်စည်ကား

တင်ဝင်းလေး
(ကြည့်မြင်တိုင်)

ရန်ကုန် ဩဂုတ် ၂၉

ကြည့်မြင်တိုင်မြို့နယ်အတွင်း လှိုင်မြစ်ကိုဖြတ်၍ တံတားထိုးတော့မည်ဆိုသည့် သတင်းက ပေါ်လိုက်ပျောက်လိုက်နှင့် ဖြစ်နေခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီ ဖြစ်သည်။

ယခု ဩဂုတ် ၂ ရက်က လှိုင်မြစ်တစ်ဖက်ကမ်းအလတ်ချောင်းရပ်ကွက် ဘုန်းတော်ကြီးကျောင်းတွင် ကုမ္ပဏီတစ်ခုမှ တံတားထိုးတော့မည်ဖြစ်၍ မလွတ်ကင်းသည့် အိမ်ထောင်စုများနှင့် ညှိနှိုင်းဆွေးနွေးမှု ပြုခဲ့သည်ဟု သတင်းစကားကြားခဲ့ရသည်။

ထိုသတင်းစကားနှင့် ပတ်သက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်က "ဟုတ်ပါတယ်၊ အများပိုင်ကုမ္ပဏီတစ်ခုကလာပြီး ဗားကရာဆိပ်နဲ့ ဒီအလတ်ချောင်းကူးတဲ့ တံတားထိုးဖို့ရှိကြောင်း၊ လုပ်ငန်းအကောင်အထည်ဖော်ပါက မလွတ်ကင်းသည့် အိမ်များကို သင့်တော်တဲ့နေရာမှာ မြေအစားနဲ့အဆောက်အအုံဆောက်ပေးမယ်လို့ လာဆွေးနွေးခဲ့ပါတယ်"ဟု အတည်ပြု ပြောကြားခဲ့သည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရန်ကုန်မြို့၏ လူဦးရေနှင့် လူမှုစီးပွားရေးအခြေအနေများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုကြောင့် မြို့တိုးချဲ့တည်ဆောက်ပေးရန် လိုအပ်ချက်အရ ရန်ကုန်မြို့အနောက်ဘက်ခြမ်းတွင်ရှိသော မြေဧက ၃၀၀၀၀ပေါ်၌ မြို့သစ်စီမံကိန်းတစ်ခု၊ အကောင်အထည်ဖော်သွားတော့မည်ဖြစ်ကြောင်း ဩဂုတ် ၂၂ ရက်တွင် ကျင်းပခဲ့သော ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် နဝမ ပုံမှန်အစည်းအဝေးတွင် မြို့တော်ဝန် ဦးလှမြင့်က ရှင်းလင်းတင်ပြသွားခဲ့သည်။

ဖြောင့်ဖြူးနေသော အလတ်ချောင်းတာလမ်းမကြီး

အဆိုပါ မြေနေရာမှာ ရန်ကုန်မြို့၏ အနောက်ဘက်တွင်ရှိသော ပန်းလှိုင်မြစ်နှင့် တွံတေးတူးမြောင်းအကြား လှိုင်မြစ်နှင့် လှိုင်သာယာ၊ တွံတေးသွား ကားလမ်းကြားမြေနေရာဖြစ်သည်။ မြို့နယ်အနေဖြင့် ကြည့်မြင်တိုင်မြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊တွံတေးမြို့နယ်များပါဝင်သည်။

အဆိုပါ မြို့သစ်စီမံကိန်းကို မြန်မာ့စေတနာ မြို့သစ်အများပိုင်ကုမ္ပဏီလီမိတက်က တာဝန်ယူ၍ရင်းနှီးမြှုပ်နှံမှုပမာဏအားဖြင့် ကျပ်ဘီလီယံ ၇၀၀၀နှင့်အမေရိကန်ဒေါ်လာရှစ်ဘီလီယံသုံးစွဲသွားမည်ဟု ဖော်ပြထားသည်။

စီမံကိန်းကာလအားဖြင့် သုံးနှစ်အတွင်း ၇၀ ရာခိုင်နှုန်း ပြီးစီးအောင် ဆောင်ရွက်သွားရမည်ဖြစ်ပြီး နိုင်ငံတော်အကျိုးအတွက် အဆင့်မြင့် တန်ဖိုးနည်း အိမ်ရာပေါင်း အခန်း ၂၀၀၀၀၊ မိဘမဲ့ကလေး ၂၀၀၀ ဆံ့ အဆင့်မြင့် ကျောင်းတစ်ကျောင်း၊ အဘိုးအဘွား ၂၀၀၀ ဆံ့ အဆင့်မြင့် ရိပ်သာတစ်ခု၊ ခြောက်လမ်းသွား မြစ်ကူးတံတား ငါးစင်း (တံတားကြေးလုံးဝကောက်ခံမှုမပြုဘဲ အခမဲ့ဖြတ်သန်းခွင့်)အကျိုးကျေးဇူးများ တင်ကျန်ခဲ့မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ အိမ်၊ ခြံ၊ မြေ ဝယ်မည့်သူများ၊ ငွေထုပ်ကိုယ်စီပိုက်ကာဗားကရာကူးတို့ဆိပ်မှ လှိုင်မြစ်ပြင်ကျယ်ကို ဖြတ်၍ အလတ်ချောင်းဆီသို့ ဆင်းလာကြသည်။ မိုးလင်းမှ မိုးချုပ်သည့်တိုင် ကူးတို့သမ္ဗန်သမားများ အလုပ်ဖြစ်နေကြသည်။ ကြားသိရသည့် အသံများကြောင့် အိမ်ဈေး မြေဈေး ခြံဈေးများတစ်ဟုန်ထိုး တက်သွားခဲ့သည်။

အလတ်ချောင်းဈေးရှေ့ လက်ဖက်ရည်ဆိုင်သည် အထိုင်ချ ဈေးစကားပြောရာနေရာ ဖြစ်လာသည်။ ဆိုင်ကယ်ကယ်ရီသမားများ စီးပွားဖြစ်နေသည်။ ဆိုင်ကယ်ပေါ်တက်လိုက်သည်နှင့် သွားချင်ရာသွား ငွေကျပ် ၅၀၀ ဖြစ်သည်။ ဝေးလျှင် ငွေကျပ် ၁၀၀၀ ဖြစ်သည်။

ယခင်က တစ်ဧကလျှင် ငွေကျပ်သိန်း ၁၅၀ ကျော် ဈေးရှိခဲ့သော မြေတစ်ကွက် ယခု ငွေကျပ်သိန်း ၁၂၀၀ ကျော်ဈေးဖြစ်သည်။ (ပေ ၂၀ × ၄၀) မြေကွက်တစ်ကွက် ယခင်ရှိလှမူ ငွေကျပ် ၁၅ သိန်း၊ သိန်း၂၀ မှ ယခု ငွေကျပ်သိန်း ၃၀၀ ကျော် ခေါ်ဈေးဖြစ်လာသည်။ ဈေးရှေ့တာလမ်းဘေးတစ်လျှောက် အိမ်ဈေး၊ မြေဈေးမှာ ငွေကျပ်သိန်း ၅၀၀ ဟု ပွဲစား ကိုစံမင်းက ဆိုသည်။

အလတ်ချောင်းဇာတိ ဖြစ်သော ကိုစန်းလွင်က ခေါ်ဈေးလို့သာ ပြောတာ တစ်ကယ်အရောင်းအဝယ်ဖြစ်တဲ့သူတွေ အများကြီးရှိတယ်။ ဝယ်သူတစ်ယောက်က ဒီဈေးပေးရင် နောက်လူတစ်ယောက်က ပိုပေးပြီး ဝယ်သွားကြတယ်။ အခုကျွန်တော့်နေရာ ငွေကျပ်သိန်း ၄၅၀ လာပေးနေပြီ။ တစ်နေရာမှာ အခန်းတစ်ခန်းရှာနေတယ်။ ရရင် ဒီတစ်ရက်နှစ်ရက်အတွင်း စာချုပ်တော့မှာ ဒီထက်လျော့သွားဖို့ မရှိဘူး"ဟု ဆိုသည်။

"လှိုင်မြစ်တစ်ဖက်ကမ်း အလတ်ချောင်းတွင် ဦးပိုင်မှာ ငွေပင်လယ်သဘော်လွန်ကျင်းတည်ဆောက်စဉ် ၂၀၀၇-၂၀၀၈ ခုနှစ်က တစ်ကြိမ်၊ ၂၀၀၈ ခုနှစ် နာဂစ်ဖြစ်ပြီး ပျက်စီးသွားသော အိမ်များ အစား ၂၀၀၉ ခုနှစ်က တစ်ကြိမ်၊ ၂၀၀၇-၂၀၀၈ ခုနှစ်မှာပင် ရန်ကြီးအောင်လမ်း (ကမ်းနားဘက်ခြမ်းရှိ) အန္တရာယ်ရှိ အိမ်များကို တစ်ကြိမ်၊ ၂၀၁၁ ခုနှစ် လှိုင်တောင် ဓမ္မပါလ နေရာရှိ အန္တရာယ်ရှိအိမ်များကို တစ်ကြိမ် အတွင်းပိုင်းများဆီသို့ ပြောင်းရွှေ့နေရာချထားပေးမှုများ ရှိခဲ့သည်"ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်က ပြောကြားသည်။

ယခုအခါ မြို့နယ်က ပေးထားသော စက္ကူစတစ်လေးများဖြင့် အသိအမှတ်ပြု အရောင်းအဝယ်ပြုနေကြခြင်းဖြစ်သည်။

တောင်ငူမြို့နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဖွဲ့စည်း

တောင်ငူ ဩဂုတ် ၂၉

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနားကို ဩဂုတ် ၂၆ ရက်မွန်းလွဲ ၁ နာရီက တောင်ငူမြို့ ကန်လမ်းရှိ မေတ္တာနှင့်စေတနာ သွေးလှူရှင်အသင်းရုံးခန်းမ၌ကျင်းပရာ တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းက အမှာစကားပြောကြား၍ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ညို(အမေ့အိမ်)က ရှင်းလင်းဆွေးနွေးပြီး အခမ်းအနားမှူးအဖြစ် တောင်ငူတက္ကသိုလ် မြန်မာစာပါမောက္ခ(ငြိမ်း)ဒေါက်တာ ဒေါ်မာမာဝေက ဆောင်ရွက်သည်။

ထို့နောက် ဗုဒ္ဓဘာသာ၊ ဟိန္ဒူ၊ အစ္စလာမ်နှင့် ခရစ်ယာန်ဘာသာကြီးလေးခုတို့မှ ခေါင်းဆောင်များက ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြပြီး ဦးဆောင်နာယကသုံးဦး၊ နာယကသုံးဦး၊ ဥက္ကဋ္ဌအဖြစ် ဦးအောင်ကျော်ဦး (မော်တော်ယာဉ်လုပ်ငန်းရှင်) ပါဝင်သော အဖွဲ့ဝင် ကိုးဦးတို့အား ရွေးချယ်တင်မြှောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် အစ္စလာမ်ဘာသာဝင်များ အဖွဲ့မှ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့အတွက် မတည်ရန်ပုံငွေအဖြစ် ငွေကျပ် ၁၀ သိန်းပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ) ကျော်လှ(တောင်ငူ)**

တန့်ယန်းမြို့နယ်၌ဝါတွင်းကာလသံဃာအပါး(၅၀၀) အရုဏ်ဆွမ်းလောင်းလှူပွဲကျင်းပ

တန့်ယန်း ဩဂုတ် ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် အာစိဏ္ဏကံပုညကုသလအသင်းမှကြီးမှုး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းကာလသံဃာအပါး ၅၀၀ အရုဏ်ဆွမ်းလောင်းလှူပွဲကို ဩဂုတ် ၂၃ ရက် နံနက် ၅ နာရီတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများပူးပေါင်း၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပသည်။

အဆိုပါ အရုဏ်ဆွမ်းလောင်းလှူပွဲကြီးတွင် တန့်ယန်းမြို့ရှိ ကျောင်းတိုက်များမှာ ကြွရောက်တော်မူကြသော ဆရာတော်ကြီးများနှင့် သံဃာတော်အရှင်သူမြတ်များ၊ ရှင်သာမဏေများ၊ သီလရှင်ဆရာကြီး ဆရာလေးများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်နှင့်ဝန်ထမ်းမိသားစုများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ စေတနာရှင် မိဘပြည်သူတို့က ဆွမ်းနှင့်လှူဒါန်းဖွယ်ရာများကို ဆက်ကပ်လောင်းလှူကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
နှစ်(၉၀)ပြည့် (နဝရတ်ရတု) အထိမ်းအမှတ်
နဝရတ်ရတုမှတ်တမ်းစာအုပ် ထုတ်ဝေရန်
သမိုင်းဝင်ဓာတ်ပုံများ၊ ဓာတ်ပုံနှင့်သက်ဆိုင်သော မှတ်တမ်းများဖိတ်ခေါ်ခြင်း

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၂-၁၂-၂၀၁၄ရက်တွင် ကျရောက်သည့် စိုက်ပျိုးရေးတက္ကသိုလ် နှစ် (၉၀)ပြည့် (နဝရတ်ရတု)အထိမ်းအမှတ် မှတ်တမ်းစာအုပ် ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ နှစ် (၉၀)အတွင်း တက္ကသိုလ်၏သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ ဓာတ်ပုံနှင့်သက်ဆိုင်သော မှတ်တမ်းအချက်အလက်များကို ၁၅-၉-၂၀၁၄ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

၁။ ဓာတ်ပုံများကို မူရင်းဖြစ်စေ Soft Copy ဖြစ်စေ ပေးပို့နိုင်ပါသည်။
၂။ ဓာတ်ပုံနှင့်အတူ ပေးပို့သူ၏ အမည်၊ အလုပ်အကိုင်၊ ဘွဲ့ရခုနှစ်၊ နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်များ ပူးတွဲပေးပို့ရန် မေတ္တာရပ်ခံပါသည်။
၃။ ဓာတ်ပုံများကို မှတ်တမ်းပြုစုပြီးပါက မူလပိုင်ရှင်ထံ ပြန်လည်ပေးပို့ပါမည်။

ဆက်သွယ်ရန်လိပ်စာ
ဒေါက်တာသီတာဦး
ပါမောက္ခ(ဌာနမှူး)၊ ကီမိလနှင့်သတ္တဗေဒဌာန
အဖွဲ့ခေါင်းဆောင်၊ နဝရတ်ရတုမှတ်တမ်းစာအုပ် ထုတ်ဝေရေးဆပ်ကော်မတီ
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၆၅၁၂၊ ၀၉-၄၂၀၇၀၉၀၆၅
ဖက်စ် -၀၆၇-၄၁၆၅၁၃
အီးမေးလ်-yaurecord@yaummr.org

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအတွက်
(ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း(ရုံးချုပ်)တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသုံးပြုရန်လိုအပ်သော မီတာများတွင် ဆီးလ်ခတ်ရန်အတွက် Mega Twister Seal များအားမြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** -၂၉-၈-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက် -၁၈-၉-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် -၁၂း၀၀နာရီ
၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
ရုံးအမှတ်(၅၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၂၈၅၊ ၀၆၇-၄၃၁၂၈၄
Fax,၀၆၇-၄၃၁၁၈၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(ပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျေးရွာမီးလင်းရေးဆောင်ရွက်နိုင်ရန်အတွက် ၄၀၀ဗို့ဓာတ်အားလိုင်းများအား ABC System ဖြင့် အသစ်တည်ဆောက်ခြင်းအတွက် လိုအပ်သော လိုင်းပစ္စည်းများအား မြန်မာကျပ်ငွေ (Kyat)ဖြင့်ဝယ်ယူလိုပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၁-၉-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၁၀-၉-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၅၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ဖက်စ်-၀၆၇-၄၃၁၁၈၅

ကြေညာချက်

ပဲခူးမြို့နယ်၊ တပင်ရွှေထီးလမ်း၊ မြို့သစ်(၈)ရပ်ကွက် ယခင်မနောစိတ္တပူပ္ပာဒ်ဘုရားကြီးဝင်းနေ ဦးမြင့်သန်းWKA-၁၈၆၀၀၆(ခ) ဥူးမဏ္ဍလ သာသနာဝင်အမှတ် ၇/ပခန(သ)၀၀၂၃၂၄ ရောင်းချခဲ့သော ပဲခူးမြို့၊ ဥသျှာမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ မြေတိုင်း(၁)၊ အကွက်အမှတ်(၃၁၇)သည် အရှုပ်အရှင်းဖြစ်ပေါ်နေသဖြင့် ၁၀-၉-၂၀၁၄ ရက် နောက်ဆုံးထားပြီးဒေါ်တင်တင်အေးထံ လာရောက် ဖြေရှင်းရန်နှင့် ၄င်းရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **ဒေါ်တင်တင်အေး**

ဖုန်း-၀၉-၂၅၀၆၁၀၆၆၃၊ ၀၅၂-၃၀၀၇၃

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၆)ရပ်ကွက်၊ အမှတ် ၁၉၁၊ မြဝတီ ၂ လမ်းနေ ဦးလှမြင့်-ဒေါ်တင်တင်ခိုင်တို့၏သား မောင်စန်းထွန်း(ခ)ဇူလိုင်ကိုကို ၁၂/ဒဂရ(နိုင်)၀၂၂၀၂၀သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါ သည်။ **ဒေါ်တင်တင်ခိုင်**

၁၂/ဥကတ(နိုင်)၀၁၉၀၁၃

SEVEN စံ
မြေကွက်ရောင်းဝယ်ရေး

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလို ဝယ်လိုပါသလား ?
SEVEN စံနဲ့ ဆက်သွယ်လိုက်ပါ၊ အိမ်အရောက် ငွေပေးချေသည်။
* ပွဲခလုံးဝမယူပါ *
ဖုန်း-၀၁-၂၀၅၇၄၈
၀၉-၃၃၃၃၃၅၁၄
၀၉-၃၁၉၅၈၉၅၈

ဖခင်အမည်မှန်

လယ်ဝေးမြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်း(D) မှ မောင်လင်းကိုကို၏ ဖခင်အမည်မှန်မှာ ဦးသိန်းနိုင် ၉/လဝန(နိုင်)၁၂၈၉၃၉ ဖြစ်ပါကြောင်း။

ဦးသိန်းနိုင်

CNG TAXI (AA/...)
နေ့မောင်းအလိုရှိသည်

(၁၅၀၀၀ိ/-) တစ်လက်ကိုင်
(သုဝဏ္ဏဈေးအနီး)
ဖုန်း-၀၉-၇၃၁၉၆၅၃၀၊
၀၁-၂၃၀၁၅၆၇၊ ၀၁-၂၂၁၉၆၅

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အီဘိုလာရောဂါအသိပညာပေးဟောပြောပွဲ ဟားခါး၌ကျင်းပ

ဟားခါး ဩဂုတ် ၂၉

ကူးစက်နှုန်းမြန်ဆန်ပြီး အသက်အန္တရာယ် ထိခိုက်နိုင်သည့်အထိ ပြင်းထန်သော (Ebola) ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ဩဂုတ် ၂၆ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ဟားခါးပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီးဒေါက်တာတင်မောင်ညွန့်က အီဘိုလာရောဂါနှင့်ပတ်သက်သည့် သိကောင်းစရာများ ပြောကြားသည်။ ထို့နောက် ဟားခါးပြည်သူ့ဆေးရုံကြီးမှ အထွေထွေရောဂါကုဆရာဝန်ကြီး ဒေါက်တာကိုကိုလွင်က အီဘိုလာရောဂါအမျိုးအစားများနှင့် ရောဂါကူးစက်ပုံ၊ ကူးစက်နည်းနှင့် ကာကွယ်ရန်၊ ရောဂါရှိသူကို ကိုင်တွယ်ရမည့် နည်းစနစ်များ၊ ရောဂါကူးစက်ခြင်းစက်ကွင်းများကို အသေးစိတ်ရှင်းလင်းပြီး အဆိုပါ ရောဂါဖြင့် ကမ္ဘာပေါ်တွင် လူအမြောက်အမြား သေဆုံးပြီးဖြစ်ကြောင်း၊ ကူးစက်မှုမြန်ဆန်သော ရောဂါဖြစ်သော်လည်း ကြောက်စရာမလိုကြောင်း၊ သို့ရာတွင် မပေါ့ဆသင့်ကြောင်း၊ ကိုယ့်ပတ်ဝန်းကျင်၌လည်း ကူးစက်နိုင်သည်ဖြစ်၍ အသိပညာပေးကြရမည် ဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားပါက ထိန်းချုပ်နိုင်ရန် ရောဂါရှိသူကို စနစ်တကျ အထူးဂရုစိုက် ကိုင်တွယ် ပြုစုရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဟောပြောပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆွေခန့်ထန်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြီးကြပ်-၂ သင်တန်းသား သင်တန်းသူများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**



ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု ဝက်လက်မြို့၌ ရှင်းလင်းဆွေးနွေး

ဝက်လက် ဩဂုတ် ၂၉

ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းဖြင့် ဒေသဖွံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၄-၂၀၁၅ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၂၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းဌေးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆည်မြောင်း၊ ပညာရေးနှင့် ကျန်းမာရေးဌာနများက ၂၀၁၃-၂၀၁၄ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၄-၂၀၁၅ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြကာ သက်ဆိုင်ရာဌာနများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ အထောက်အကူပြုအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **နန်းမြင့်**

တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြု သင်တန်းဖွင့်

ကျေးလက်နေပြည်သူများ မွေးမြူရေးပညာ ဗဟုသုတရရှိစေရန်နှင့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်လုပ်ကိုင်နိုင်စေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရရန်ပုံငွေအထောက်အပံ့ဖြင့် အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြုသင်တန်းကို ဩဂုတ် ၂၅ ရက်က ဖွင့်လှစ်ခဲ့ပြီး ဝက်လက်မြို့နယ်ရှိ ကျေးရွာ ၂၀ မှသင်တန်းသားများ တက်ရောက်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပင်လုံ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

ပင်လုံ ဩဂုတ် ၂၉

လွိုင်လင်ခရိုင် ပင်လုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ၂၇၂ ဦးအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ပင်လုံမြို့ ပြည်ထောင်စုခန်းမတွင် ဩဂုတ် ၂၆ ရက်က ကျင်းပသည်။

လွိုင်လင်ခရိုင် ပင်လုံမြို့၌ မိုးပွင့်အဆင့်(၁)မှ အဆင့်(၅)အထိ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ရာ အသက် ၁၀ နှစ်ပြည့်ပြီးသူ ၁၉၉၈ ဦး၊ အသက် ၁၈ နှစ်ပြည့်ပြီးသူ ၁၈၉၂ ဦးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုမိုးပွင့်အဆင့်(၆)ကို ဇွန် ၁ ရက်မှစ၍ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ပင်လုံ(အရှေ့)ကျေးရွာအုပ်စု ၊ နောင်လိုင်ကျေးရွာအုပ်စု၊ ပန်မုန့်ကျေးရွာအုပ်စု၊ ဟဲနန်းကျေးရွာအုပ်စုနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများတွင် အသက် ၁၀နှစ်ပြည့်ပြီးသူ ၆၅၉ ဦး ၊ အသက် ၁၈ နှစ်ပြည့်ပြီးသူ ၆၂၅ ဦးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ပင်လုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ၂၇၂ဦးတို့ကိုနိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်နိုင်ခဲ့ကြောင်း လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်က ပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးလှစိုးက မိုးပွင့်အဆင့်(၆)တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်များကို ရှင်းလင်းပြောကြားပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ခဲ့သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဌေးလှိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘဦး၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်းမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **မိုးလွင်ဦး(လွိုင်လင်)**

သထုံအကျဉ်းထောင်တွင် ကြန့်ကြာအချုပ်သားများအား အမှုအမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်နိုင်ရေး၊ အကျဉ်းထောင်အတွင်းရှိအဆောင်များ သန့်ရှင်းသပ်ရပ်ရေး၊ အချုပ်သားအကျဉ်းသား ၂၃၈ ဦး၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးကဏ္ဍ စောင့်ရှောက်ပေးနေမှုများနှင့် သန့်ရှင်းသောသောက်သုံးရေရရှိစေရေးတို့အတွက် ဆောင်ရွက်ထားရှိမှုများကို သထုံခရိုင်တရားသူကြီး ဒေါ်အေးအေးသိန်း၊ ဒုတိယခရိုင်တရားသူကြီး ဦးဖေယျာတင့်ညို၊ မြို့နယ်တရားသူကြီး ဒေါ်ခင်မျိုးနွယ်နှင့် တာဝန်ရှိသူများက ဩဂုတ် ၂၆ ရက်က လိုက်လံကြည့်ရှုစစ်ဆေးရာ သထုံအကျဉ်းထောင် ထောင်မှူး ဦးတင်ချိုက လိုက်လံရှင်းလင်းပြသစဉ်။

(ခရိုင် ပြန်/ဆက်)

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ပျဉ်းမနားမြို့နယ်၊ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/ရန်အောင်မြောက်၊ မြေကွက်/ဦးပိုင်အမှတ်(၄ကျ/၂)၊ ဧရိယာ ဝဒသမ ဝ၄၅ဧကရှိ ဦးနေဝင်းအမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးဇော်စိုးမိုး ပါ-၆ ၉/ပမန(နိုင်)ဝ၄၅၅၂၁ (ဘ) ဦးနေဝင်းမှ ပိုင်ဆိုင်ကြောင်းအထောက်အထားများ တင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာကောက်၊ မြေကွက်/ဦးပိုင်အမှတ်(၄၆)၊ ဧရိယာ ဝဒသမ ဝ၂၈ဧကရှိ ဒေါ်ခင်မေအမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးဇော်စိုးမိုး (အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ) ၉/ပမန(နိုင်)ဝ၄၅၅၂၁ (ဘ) ဦးနေဝင်းမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာကောက်၊ မြေကွက်/ဦးပိုင်အမှတ်(၅)၊ ဧရိယာ ဝဒသမ ဝ၆၂ဧကရှိ ဆရာသင်(ဒေါ်ခင်မေ)အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးဇော်စိုးမိုး (အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ) ၉/ပမန(နိုင်)ဝ၄၅၅၂၁ (ဘ) ဦးနေဝင်းမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/ရန်အောင်မြောက်၊ မြေကွက်/ဦးပိုင်အမှတ်(၄ကျ/၂)၊ ဧရိယာ ဝဒသမ ဝ၅၇ဧကရှိ ဦးနေဝင်းပါ-၂ အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးဇော်စိုးမိုး ပါ-၆ ၉/ပမန(နိုင်)ဝ၄၅၅၂၁ (ဘ) ဦးနေဝင်းမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ CG၊ ဆရာစံတောင်၊ မြေကွက်အမှတ် ၁၁၆၂၊ မြေကွက်လိပ်စာ ၂/က-၂၊ ဆရာမကြီးလမ်း၊ ဧရိယာမြေပေ(၂၀×၄၀)၊ စတုရန်းပေ ၈၀၀ရှိ နှစ် ၆၀ ဂရန်မြေကွက်ရှိ ဦးဖေသန်း ၁၂/ဗဟန(နိုင်)ဝ၆၃၀၀၇၊ ဦးချစ်မောင် ၁၂/ဗဟန(နိုင်)ဝ၆၃၅၈၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်လျက်ရှိသူ ဒေါ်မြမြသိန်း ၁၁/မပတ(နိုင်)ဝဝ၇၉၆၆ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစပြီး ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်ပါမည်။

ဒေါ်စန္ဒာဝင်း
၁၂/မဂဒ(နိုင်)ဝ၈၂၁၂၁
ဖုန်း-ဝ၉-၅ဝ၁၅၆၈၃၊ ဝ၉-၇၃၁၅၈၂၆၉

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် သီဟတောကျေးရွာ သမိုင်းဝင်အညာသီဟတောစေတီတော် မြတ်ကြီးရင်ပြင်တော်ရှိ နဂါးရုံမြတ်စွာဘုရား ဌာပနာတော်သွင်းနှင့် အနေကဇာတင် မင်္ဂလာအခမ်းအနားကို ဩဂုတ် ၂၄ ရက်က ကျင်းပရာ အလှူရှင်များလှူဒါန်းသော စိန်၊ ရွှေ၊ ရတနာပစ္စည်းများကို ပတ္တမြားဆရာတော် ဦးသုန္ဒရ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်တို့ ဌာပနာတော်များ သွင်းလှူပူဇော်စဉ်။

ခင်ဦးစိုးဝေ

ဂန့်ဂေါ၌ ကျေးရွာလုံးကျွတ်ဆန်အိတ်များလှူဒါန်း

ဂန့်ဂေါ ဩဂုတ် ၂၉

ဂန့်ဂေါမြို့နယ် မြေနီကျေးရွာ၌ စေတနာရှင် ဦးပြုံးညို-ဒေါ်တိုးတိုးငွေ မိသားစုက ကျေးရွာအတွင်းရှိ အိမ်ထောင်စု ၇၈ စုအတွက် ဆန်တစ်အိတ်စီကို ဩဂုတ် ၂၃ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

"မနှစ်ကလဲ အခုလိုအလှူပေးခဲ့ပါသေးတယ်။ မနှစ်ကတော့ ဆန်အိတ် ၇၇ လုံး၊ ဒီနှစ်တော့ အိမ်ထောင်စုတစ်စုတိုးတော့ ၇၈ လုံးပေါ့။ ရွာသူရွာသားအားလုံးဟာ ကျေးဇူးရှင်တွေပါ၊ တတ်အားသရွေ့ကျေးဇူးဆပ်တာပါ" ဟု အလှူရှင် ဦးပြုံးညိုက ပြောသည်။

အလှူရှင်များဖြစ်သည့် ဦးပြုံးညို-ဒေါ်တိုးတိုးငွေတို့သည် မြေနီကျေးရွာဇာတိဖြစ်၍ လက်ရှိတွင် မန္တလေးမြို့၌နေထိုင်ကြသူများ ဖြစ်သည်။ ယခုနှစ်လှူဒါန်းမှုမှာ ကျေးရွာရှိအိမ်ထောင်စု ၇၈ စု အတွက် အိမ်ထောင်စုတစ်ခုလျှင် ငွေကျပ်နှစ်သောင်းလေးထောင်ကျော် တန်ဖိုးရှိဆန် တစ်အိတ်စီကို ထောက်ပံ့လှူဒါန်းခဲ့ခြင်းဖြစ်ကာ ရွာလုံးကျွတ် ထမင်းကျွေးအလှူဒါနကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

(၁၀၁)

ပုလဲသွယ်စပ်မျိုးစပါး ဓာတ်မြေဩဇာစုပေါင်းကြဲပက်

ညောင်ရွှေ ဩဂုတ် ၂၉

၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ညောင်ရွှေမြို့နယ်အတွင်း တစ်ဧကတင်း ၂၀၀ အထက် စံပြကွက်များတွင် ပုလဲသွယ်စပ်မျိုးစပါးများ ပင်ပွားထွက်ရှိမှု အားကောင်းစေရန်အတွက် သလဲဦးကျေးရွာအုပ်စု ကွင်းအမှတ်(၄၂) ဦးပိုင်(၁၆၅)ရှိ တောင်သူဦးညိုတင်၏ လယ်မြေ၌ ဩဂုတ် ၂၅ ရက်က ဓာတ်မြေဩဇာ စုပေါင်းကြဲပက်ခဲ့ကြကြောင်း သိရသည်။

စိုက်ပျိုးပြီး၁၄ရက်သားရှိပုလဲသွယ်စပ်မျိုးစပါးပင်များ အပင်အာဟာရအပြည့်အဝရရှိစေရန်နှင့် မြေဩဇာကိုအကျိုးရှိရှိအသုံးပြုနိုင်ရန်အတွက် ယခုလိုဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပုလဲဓာတ်မြေဩဇာကို မြေဆွေးမြေဩဇာနှင့်ရောစပ်၍ ကြဲပက်ခြင်းဖြင့် အပင်အတွက်အကျိုးများကြောင်း သိရသည်။ ထို့ပြင် စပါးစိုက်ခင်းအတွင်း ကျရောက်တတ်သော ပိုးမွှားအန္တရာယ်ကာကွယ်နိုင်ရန်အတွက် ပိုးသတ်ဆေးများကို တောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

သရက်မြို့နယ်ဖွံ့ဖြိုးရေး သရက်-နတ်မီးတောက်-ကံမလမ်း အဆင့်မြှင့်တင်

သရက် ဩဂုတ် ၂၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နှင့် ကံမမြို့တို့ကို ဆက်သွယ်သည့် သရက်-နတ်မီးတောက်-ကံမ ကျောက်စီမြေထိန်းနံရံ ကျောက်စီရေမြောင်းတည်ဆောက်ခြင်းနှင့် လမ်းတံတားချဲ့ခြင်း၊ ကျန်လမ်းပိုင်းကို ကတ္တရာခင်းခြင်းလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သရက်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် သရက်-နတ်မီးတောက်-ကံမလမ်း(သရက်မြို့နယ်အပိုင်း) ၁၃ မိုင်အတွင်း (၃ x ၂၂) ပေ နှင့် (၃ x ၂၀) ပေ ရေပြွန်တံတားနှစ်စင်းကို (၃ x ၂၉)ပေ နှင့် (၃ x ၃၂)ပေ တံတားများအဖြစ် တိုးချဲ့ပြီး အဝင်အထွက် လမ်းဘေးရေမြောင်းပြုလုပ်ခြင်း၊ (၅ x ၂၀)ပေ ရေပြွန်တံတား သုံးစင်းအပါအဝင် စုစုပေါင်း ရေပြွန်တံတားခုနစ်စင်းကို တိုင်းဒေသကြီးငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ၃၄ ဒသမ ၉၀၀ သန်းဖြင့်လည်းကောင်း၊ မြေသားလမ်းအား ကတ္တရာလမ်းသစ်ခင်းခြင်းကို ခွင့်ပြုရန်ပုံငွေ ၂၀၆ ဒသမ ၉၆၀သန်းဖြင့်လည်းကောင်း၊ (၂၀ x ၂၄)ပေ တံတားကို ၃၄ ပေအကျယ် သံကူကွန်ကရစ် တံတားအဖြစ် အဆင့်မြှင့်တင်ခြင်းကို ခွင့်ပြုရန်ပုံငွေ ၇ ဒသမ ၁၅ သန်းဖြင့်လည်းကောင်း၊ ငါးဖာလုံ ကျောက်လမ်းအား ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းခြင်းကို ခွင့်ပြုရန်ပုံငွေ ၈၀ ဒသမ ၁၂၀ သန်းဖြင့်လည်းကောင်း၊ ရေစားချောက်ငါးနေရာအား ကျောက်ရိုးစီမြေထိန်းနံရံတည်ဆောက်ခြင်းကို ခွင့်ပြုရန်ပုံငွေ ၉၇ သန်းဖြင့်လည်းကောင်း သရက်ခရိုင် အင်ဂျင်နီယာမှူး ဦးထွန်းလှိုင်၏ကြီးကြပ်မှုဖြင့် မြို့နယ်အင်ဂျင်နီယာ ဦးမောင်ဝင်းနှင့် လုပ်ငန်းခွဲအလိုက် အင်ဂျင်နီယာများ၊ လုပ်သားများက သတ်မှတ်ချိန်အတွင်း လုပ်ငန်းများပြီးစီးရေး ကြိုးစားဆောင်ရွက်လျက်ရှိသည်။

အဆိုပါ သရက်-နတ်မီးတောက်-ကံမလမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ ခရိုင်အင်ဂျင်နီယာမှူး ဦးစောဝင်းနိုင်က ဧရာဝတီမြစ်အနောက်ဘက်ကမ်း ကုန်းလမ်းဆက်သွယ်ရေးခက်ခဲသော သရက်ခရိုင် သရက်မြို့နှင့် ကံမမြို့တို့ကိုသာမက နဝဒေးတံတားမှတစ်ဆင့် ပြည်မြို့အထိ ဆက်သွယ်သွားလာနိုင်ရန် သရက်-နတ်မီးတောက်-ကံမ-ပြည် မြေသားလမ်းကို ဖောက်လုပ်ဖွင့်လှစ်ပေးနိုင်ခဲ့ရာမှ ဘဏ္ဍာနှစ်အလိုက် လမ်းအရည်အသွေးမြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သလို၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း လမ်းပိုင်းအားလုံးကို ကွန်ကရစ်တံတား၊ ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်ပေးမည်ဖြစ်ရာ ဧရာဝတီမြစ် အနောက်ဘက်ကမ်း သရက်ခရိုင် သရက်ဒေသတစ်ခုလုံး မြန်မာနိုင်ငံတစ်ဝန်းသို့ အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်ပြီး ယခုထက် ပိုမို၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

အောင်ကြီး(သရက်)

မြတ်တံခွန်စာသင်တိုက်
သိမ်၊ကျောင်း၊ ဓမ္မာရုံအလှူတော်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် စာပေပရိယတ္တိသင်ကြားနေသော သံဃာတော်များ သီတင်းသုံးနေထိုင်နိုင်ရန်၊ ယောဂီများ တရားအားထုတ်နိုင်ရန် ပေ(၈၀×၅၀)သိမ်၊ ကျောင်း၊ ဓမ္မာရုံတော်ကြီး ဆောက်လုပ်နေပါသည်။အလှူရှင်များ ကမွှည်းတင်၍ လှူဒါန်းနိုင်ပါသည်။

မြတ်တံခွန်စာသင်တိုက်

ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃

ကားငှားမည်

မြန်မာမီနီ(TAXI)
အိမ်ပေးစပေါ်(၂)သိန်း
တစ်ရက်(၈၀၀၀ိ/-)
ဖုန်း-၀၉-၄၂၁၁၂၁၁၈၆

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံမြို့နယ်၊ ယန်းခအုပ်စု၊ နောင်ဆာအခါရွာ ဦးယာဒို၏သမီး မိစိုင်း(ခ) မသဲသဲသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မိစိုင်း(ခ)မသဲသဲ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရွှေယဉ်မွန်ရပ်ကွက်၊ အကွက်အမှတ် ၅၁၄/၂(ခ)၊ ဦးပိုင်အမှတ်(၈၀)၊ ၃၃×၃၅ ကြား၊ ဝါးခင်းကုန်းဘုရားလမ်း×၅၈လမ်းကြားရှိ ဦးစံမြင့်အမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးခင်မောင်သန်း ၉/မရမ(နိုင်)၀၇၀၇၅၄မှ ရှာမြေတိုးချဲ့ချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
လူမှုဖူလုံရေးအဖွဲ့
လူမှုဖူလုံရေးရုံးချုပ်ဆောက်လုပ်ရန် လုပ်ငန်းရှင်များအား
ဖိတ်ခေါ်ခြင်း

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်အား နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်ရှိ ပေ(၄၀၀×၂၅၀)မြေကွက်တွင် ဆောက်လုပ်နိုင်ရေးအတွက် ဗိသုကာပုံစံရေးဆွဲခြင်းအပါအဝင် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်လိုသော ဆောက်လုပ်ရေးကုမ္ပဏီများသည် အဆိုပြုလွှာပုံစံအား စီမံခန့်ခွဲရေးဌာန၊ လူမှုဖူလုံရေးရုံးချုပ်၊ ရုံးအမှတ် ၅၁၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၀၃၇၀တွင် ၁-၉-၂၀၁၄ရက်မှ ၈-၉-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး အဆိုပြုလွှာများကို ၁၀-၁၁-၂၀၁၄ရက် ၁၃း၀၀နာရီအချိန်တွင် တင်သွင်းရပါမည်။

၂။ အဆောက်အအုံပုံစံရေးဆွဲဆောက်လုပ်ရာတွင် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားပေးရပါမည်-

(က) စုစုပေါင်းကြမ်းခင်းဧရိယာ (လှေကားခန်း၊ ဓာတ်လှေကားခန်း၊ လျှောက်လမ်းနေရာများမပါ) ၅၄၀၀၀ စတုရန်းပေခန့်၊ (လှေကားခန်း၊ ဓာတ်လှေကားခန်း၊ လျှောက်လမ်းနေရာများအပါအဝင်ဖြစ်ပါက) ၆၈၀၀၀ စတုရန်းပေခန့်၊

(ခ) သံကူကွန်ကရစ်အမျိုးအစားဖြင့် အများဆုံး(၆)ထပ်အထိ၊

(ဂ) ထည့်သွင်းရမည့် ရုံးခန်းများမှာ ဥက္ကဋ္ဌ(ဒုတိယဝန်ကြီးအဆင့်)နှင့် ရုံးအဖွဲ့ရုံးခန်း၊ ညွှန်ကြားရေးမှူးချုပ်နှင့် ရုံးအဖွဲ့ရုံးခန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့် ရုံးခန်း(၃)ခန်း၊ ညွှန်ကြားရေးမှူးအဆင့် ရုံးခန်း(၇)ခန်း၊ ဒုတိယညွှန်ကြားရေးမှူးအဆင့် ရုံးခန်း(၁၄)ခန်း၊ ဌာနခွဲ(၇)ခုရှိ ရုံးဝန်ထမ်းများအတွက် ရုံးခန်း(ဌာနခွဲတစ်ခုလျှင် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်အထိ အမှုထမ်း၊ အရာထမ်း ၁၂၀ခန့်)၊ အစည်းအဝေးခန်း (၄)ခန်းနှင့် စုပေါင်းခန်းမ တစ်ခု (ထမင်းစားခန်းအပါအဝင်)၊

(ဃ) ရေ၊ မီးလှော၊ မီးနှင့် လျှပ်စစ်ဆက်သွယ်တပ်ဆင်မှုများအပါအဝင်၊

(င) ရုံးအဆောက်အအုံပြင်ပတွင် မြေယာရှုခင်း၊ လုံခြုံရေးဂိတ်အဆောက်အအုံ၊ စားသောက်ဆိုင်၊ ကားရပ်နားဆောင်၊ ယာဉ်မောင်းနားနေဆောင်၊ မော်တော်ယာဉ်စက်ပြင်အလုပ်ရုံ၊ ထရန်စဖော်မာထားရှိမည့်နေရာ၊ စက်သုံးဆီနှင့် ပစ္စည်းသိုလှောင်ရုံများထားရှိရန် အကွက်ချပုံစံတွင် လျာထားရေးဆွဲတင်ပြရပါမည်။

လူမှုဖူလုံရေးအဖွဲ့
အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

Organic Inspector သင်တန်းဖွင့်လှစ်မည်

မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ Organic စိုက်ပျိုးရေးနည်းပညာများတိုးတက်ဖြစ်ထွန်းရေး၊ Organic အသိအမှတ်ပြုလက်မှတ်များပေးအပ်နိုင်ရေးအတွက် Organic Inspector သင်တန်းကို ၂၀၁၄ခုနှစ် စက်တင်ဘာ ၁၈ရက်မှ ၂၁ရက်အထိ အသင်းရုံးခန်း၌ ဖွင့်လှစ်ပို့ချပါမည်။

သင်တန်းတက်ရောက်လိုသူများသည် လျှောက်လွှာများကို ၂၀၁၄ခုနှစ် စက်တင်ဘာ ၁၂ရက် ၁၇း၀၀နာရီကို နောက်ဆုံးထား၍ အသင်းရုံးခန်း၌ လျှောက်လွှာတင်ကြရပါမည်။

လူတွေ့စစ်ဆေးမှုကို ၁၅-၉-၂၀၁၄ရက်တွင် ကျင်းပပြုလုပ်ပါမည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ ၂၉၊ မင်းရဲကျော်စွာလမ်း၊ ကုန်သည်စက်မှုအသင်းချုပ်၊ ငါးလွှာ၊ ဖုန်း-၂၁၈၃၆၇၊ e-mail : mffvpea.office@gmail.comသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂/အောင်မြေမြောက်ရပ်၊ မြေကွက်/ဦးပိုင်အမှတ်(၈)၊ ဧရိယာ ၀ဒသမ ၁၉၆ဧကရှိ ဦးအောင်မင်းမင်းအမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးအောင်မင်းမင်း ၉/လဝန(နိုင်)၀၃၃၉၄၇ (ဘ) ဦးပုမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဆိုင်ကယ်များတင်၍ ရွှေလီမြစ်ဖြတ်ကူးနေသော ကူးတို့လှေတစ်စင်း။

ရွှေလီမြစ်ဖြတ်ကူး၍ ကူးသန်းရောင်းဝယ်သူများပြား

နမ့်ခမ်း သြဂုတ် ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နှင့် ရွှေလီမြစ်တစ်ဖက်ကမ်းရှိ မြန်မာပိုင်ကျေးရွာများမှလည်းကောင်း၊ တရုတ်နိုင်ငံ နယ်စပ်မြို့များမှလည်းကောင်း ရွှေလီမြစ်ကို ကုန်တင်စက်လှေများဖြင့် ဖြတ်ကူးကာ ကုန်စည်ကူးသန်းရောင်းဝယ်မှုပြုသူများ စည်ကားလျက်ရှိကြောင်း သိရသည်။

ရွှေလီမြစ်တစ်ဖက်ကမ်းရှိ မြန်မာပိုင်ကျေးရွာများဖြစ်သော မန့်ဆွမ်း၊ နောင်မ(မြောက်)၊ မန့်ကွန်၊ နောင်ခမ်း၊ ကွန်ဟိုင်း၊ ဟက်ဟင်နှင့် ကျေးခွန်ရွာများမှ ဒေသခံတိုင်းရင်းသားများက ဒေသထွက်သီးနှံနှင့် ဟင်းသီးဟင်းရွက်များ၊ တရုတ်နိုင်ငံထွက် အသီးအနှံနှင့် စားသောက်ကုန်များကို ဆိုင်ကယ်နှင့် တစ်ပိုင်တစ်နိုင်တင်၍ ကူးတို့ဆိပ်များမှ ရွှေလီမြစ်ကိုဖြတ်ကာ နမ့်ခမ်းဈေး၌ လာရောက်ရောင်းချခြင်း၊ မြန်မာနိုင်ငံထွက် ရိုးရာအဝတ်အထည်နှင့် အလှကုန်များ၊ စားသောက်ကုန်များကို ဆိုင်ကယ်ဖြင့်တင်၍ ရွှေလီမြစ်ကိုဖြတ်ကာ တရုတ်နိုင်ငံနယ်စပ် နောင်တောင်း၊ ကျေရှန်မြို့ဈေးများသို့ သွားရောက်ရောင်းချခြင်းများကြောင့် ရွှေလီမြစ်ဖြတ်ကူးတို့ဆိပ်များတွင် စည်ကားလျက်ရှိကာ အထူးသဖြင့် ဈေးနေ့များတွင် ဖြတ်သန်းသွားလာသူ ပိုမိုများပြားကြောင်း သိရသည်။

"ကျွန်တော်တို့ စက်လှေတွေနဲ့ ဖြတ်ကူးတဲ့လူတွေကို စည်ပင်က သတ်မှတ်ထားတဲ့နှုန်းအတိုင်းပဲ ကောက်ခံရပါတယ်။ လုပ်ကိုင်ရတာတော့ ဆောင်းနဲ့ နွေရာသီမှာ လုပ်ရတာ အဆင်ပြေပါတယ်။ မိုးရာသီမှာတော့ မြစ်ရေတက်ပြီး ရေစီးပိုသန်လို့ အတော် ဂရုစိုက်ရတယ်။ ညဘက် စက်လှေရပ်ထားတာတောင် မျောမသွားအောင် ဂရုစိုက်ရတယ်" ဟု ရွှေလီမြို့ နောင်တိန်းကူးတို့ဆိပ်တွင် စက်လှေလုပ်ငန်းလုပ်ကိုင်သူ စိုင်းအောင်ကျော်က ပြောသည်။

နမ့်ခမ်းမြို့တွင် ရွှေလီမြစ်ကူးကူးတို့ဆိပ်များအဖြစ် ကောင်းဝိန်း၊ ကုန်းဆာ၊ မန့်နောင်၊ ဟိုဆိုင်း၊ နောင်တိန်း၊ မန့်ဟောင်းနှင့် နောင်မကျေးရွာကူးတို့ဆိပ်များရှိပြီး မြို့နယ်စည်ပင်သာယာရေးဌာနတွင် လေလံဆွဲ၍ တရားဝင်လုပ်ကိုင်ဆောင်ရွက်နေသော ကူးတို့ဆိပ်များဖြစ်ကြောင်း သိရသည်။ ရွှေလီမြစ်သည် ယခင်က ကျယ်ဝန်းခြင်းမရှိသဖြင့် သစ်သားလှေငယ်များဖြင့် ကူးသန်းသွားလာခဲ့သော်လည်း ယခုအခါကမ်းပြိုခြင်း၊ သောင်ထွန်းခြင်းများကြောင့် မြစ်ကမ်းကျယ်လာသဖြင့် ကုန်တင်စက်လှေကြီးများ အသုံးပြုလာကြခြင်း ဖြစ်ကြောင်း သိရသည်။

ညဏ်မင်း(နမ့်ခမ်း)

ဖျာပုံခရိုင်၌ ဌာနဆိုင်ရာများပူးပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

ဖျာပုံ သြဂုတ် ၂၉

ဖျာပုံခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများပူးပေါင်း၍ ဖျာပုံခရိုင်ရှိ ကျေးရွာများအရောက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို သြဂုတ် ၂၅ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖျာပုံမြို့နယ် ဖျာပုံတမံကျေးရွာ၌ ပြည်သူများအသိပညာတိုးပွားရေးအတွက် ပညာပေးဟောပြောပွဲကို ပြုလုပ်ခဲ့ပြီး ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အမှာစကားပြောကြားကာ ခရိုင်ဥပဒေအရာရှိ ဦးဆန်းအောင်က ဥပဒေဆိုင်ရာများ၊ ခရိုင်လဝကဦးစီးမှူး ဦးကံကောင်းက နိုင်ငံသားဥပဒေအကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ်ငယ်ငယ်ထွေးက လူကုန်ကူးမှုကာကွယ်ရေး၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဝင်းကျော်ဖြိုးက တောင်သူလယ်သမား အကျိုးစီးပွားကာကွယ်သည့် ဥပဒေ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးမောင်မောင်သွင်က သီးနှံကာကွယ်ရေး၊ ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်စိန်စိန်က ကျန်းမာရေးဆိုင်ရာများနှင့် သမဝါယမဦးစီးအရာရှိ ဦးမျိုးအောင်က သမဝါယမချေးငွေလုပ်ငန်းအကြောင်းကို ပြည်သူများအား အသိပေးရှင်းလင်းဟောပြောကာ တက်ရောက်လာသူများကလည်း သိလိုသည်များမေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်းနှင့် ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နွယ်နွယ်ဝင်းနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်းပြီး ခရိုင်ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးကုသရေးအဖွဲ့များက လူနာများအား ဆေးဝါးအခမဲ့ကုသပေးခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်း၊ စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာလုပ်ငန်းသုံးစက်များကို အခမဲ့ပြင်ဆင်ပေးခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေးပညာပေးပြခန်းပြသခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များဝေငှပေးခြင်း၊ မြေစာရင်းဦးစီးဌာနမှ တောင်သူလယ်သမားအကျိုးစီးပွားကာကွယ်သည့်ဥပဒေ စာအုပ်ဝေငှပေးခြင်းစသည့်ပြည်သူ့အကျိုးပြုလုပ်ငန်းများကို တစ်ပြိုင်တည်း စနစ်တကျ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သူစာနွယ်(ဖျာပုံ)

တရားမဝင်သယ်ဆောင်လာသော နွားထီးအကောင် ၂၀ ဖမ်းဆီးရမိ

ကသာ သြဂုတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် တရားမဝင်မှောင်ခို သယ်ဆောင်လာသည့် နွားထီးအကောင် ၂၀၊ တန်ဖိုးငွေကျပ် ၅၈ သိန်းခန့်ကို သြဂုတ် ၂၅ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တရားမဝင်ကျွဲနွားများ မှောင်ခိုသယ်ဆောင်နေမှုကို ဖမ်းဆီးသွားရန် ကသာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးမြင့်၏ ညွှန်ကြားချက်အရ အင်းတော်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ဒုတိယရဲအုပ်သောင်းစိန်ထွန်းနှင့် အဖွဲ့သည် အောက်တောကျေးရွာအနီး၌ တရားမဝင်နွားများ လွှတ်ကျောင်းထားကြောင်း သတင်းရရှိသဖြင့် သက်သေများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ အင်းတော်မြို့နယ် သီလရွာနေ တင်လှိုင်အပါအဝင် ခြောက်ဦးနှင့် လွှတ်ကျောင်းထားသော နွားထီးအကောင်၂၀၊ ကာလတန်ဖိုးငွေကျပ် ၅၈၅၀၀၀၀ နှင့်အတူ တွေ့ရှိ၍ စစ်ဆေးခဲ့ရာ နွားများကို အင်းတော်မြို့နယ်အတွင်းမှ စုဆောင်းဝယ်ယူပြီး မိုးညှင်းမြို့နယ်မှတစ်ဆင့် ရွှေကူမြို့နယ်ဘက်သို့ သယ်ဆောင်မည့်နွားများဖြစ်ကြောင်းနှင့် စာရွက်စာတမ်းအထောက်အထား ပြသနိုင်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

သတ္တုတွင်းဝန်ကြီးဌာန
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနနှင့်
အမှတ်(၁) သတ္တုတွင်းလုပ်ငန်းတို့အတွက်
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနနှင့် အမှတ် (၁)သတ္တုတွင်းလုပ်ငန်းတို့အတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက်တန်ဖိုး (DDP နေပြည်တော်/ရန်ကုန်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) လွန်တူးလုပ်ငန်းသုံးပစ္စည်း (၃၄ မျိုး) (ဘခရ)

(ခ) လျှပ်စစ်လုပ်ငန်းသုံးပစ္စည်း (၆၈ မျိုး) (ဘခရ)

(ဂ) Copier Toner and Printer Toner Catridge (၈ မျိုး) (ဘခရ)

(ဃ) Catridge, Toner & Spare Parts for Office Machine (၁၀မျိုး) (သတလ၁)

၂။ တင်ဒါတင်သွင်းခြင်းကို ၂၉-၈-၂၀၁၄ရက်မှ ၂၉-၉-၂၀၁၄ရက် ၁၂:၀၀ နာရီအတွင်း မည်သူမဆို လွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်-

ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု
မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း
နေပြည်တော်၊ ဖုန်း-၄၁၄၀၇၉

အမည်ပြောင်း

မန်စီမြို့၊ မောရဝတီရပ်၊ အမက(၂)၊ ဒုတိယတန်းတွင် ပညာသင်ကြားနေသော မောင်မင်းထွဋ်ခေါင်အား ယနေ့မှစ၍ မောင်မျိုးညွန့်ဟန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်မျိုးညွန့်ဟန်

ဖခင်အမည်အမှန်

မောင်လူမော် ၉/ပမန(နိုင်) ၂၄၃၀၄၄ ၏ ဖခင်အမည်အမှန်မှာ ဦးသန်းစိန် ဖြစ်ပါသည်။

မူလကမ္ဘာအေးကျောင်းတိုက် မိုးကုတ်ရိပ်သာ
လစဉ် နေ့(၅)ရက် အထူးတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ဗဟန်းမြို့နယ်၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး မူလကမ္ဘာအေးကျောင်း၊ မိုးကုတ်ဓမ္မရိပ်သာတွင် လစဉ် နေ့(၅)ရက် အထူးတရားစခန်းပွဲကို မူလကမ္ဘာအေးကျောင်းတိုက်ဆရာတော် ဦးဝိမလ(ဓမ္မာစရိယ)ကို ဦးထိပ်ထား၍ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ၅-၉-၂၀၁၄ရက်မှ ၉-၉-၂၀၁၄ရက်အထိ မွန်းလွဲ ၁၂:၃၀နာရီမှ ညနေ ၄:၃၀နာရီအထိ ကျင်းပပြုလုပ်သွားပါမည်။

အဆိုပါတရားစခန်းပွဲတွင် ကွမ်းခြံကုန်းမြို့ စလင်းတောရမိုးကုတ်နယ်လှည့် ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ဥတ္တမ(ဓမ္မာစရိယ)မှ ပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်တို့ကို ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်သည်အထိ ဟောကြားပေးမည်ဖြစ်ပါ၍ တရားချစ်ခင် ဓမ္မမိတ်ဆွေယောဂီသူတော်စင်အပေါင်းတို့အား နိဗ္ဗာန်အကျိုးမျှော်၍ လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

တရားစခန်းဖြစ်မြောက်ရေးအကျိုးတော်ဆောင်အဖွဲ့
ဖုန်း-၀၁-၃၈၂၂၈၆၊ ၀၉-၄၉၂၇၆၈၇၁၊ ၀၉-၃၂၃၆၃၈၁၂
မူလကမ္ဘာအေးကျောင်း မိုးကုတ်ဓမ္မရိပ်သာ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ မြေကွက်အမှတ် ၂၀၂၊ ပေ(၄၀×၆၀)မြေအကျယ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းတွင် ဒေါ်လှလှဝင်း AA-၀၀၀၇၁၃ နှင့် ဒေါ်ခင်ဝင်းကြည် A/RGN-၀၀၆၇၂၄ အမည်ပေါက် မြေဂရန်အား အဆင့်ဆင့်ဝယ်ယူခဲ့ရာ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော ဒေါ်သိန်းသိန်းစိုး ၇/ရကရ(နိုင်)၀၅၁၃၈၀မှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ် ဦးသာယာထွန်း ၁၂/ဒဂမ(နိုင်)၀၀၃၇၆၉မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းများနှင့်အတူ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသာယာထွန်း
၁၂/ဒဂမ(နိုင်)၀၀၃၇၆၉
ဖုန်း-၀၉-၄၃၀၆၅၅၂၁၊ ၀၉-၂၅၀၇၉၄၅၃၃

ဖိတ်ကြားအပ်ပါသည်

နေပြည်တော် အမှတ်(၂)တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ(ခုတင်-၃၀၀)ဝင်းအတွင်း ဆောက်လုပ်ခဲ့သော **ရွှေပြည်ရတနာဓမ္မာရုံ** ပြီးစီးအောင်မြင်မှုအထိမ်းအမှတ် ရေစက်ချမင်္ဂလာအခမ်းအနားကို ၆-၉-၂၀၁၄ရက် နံနက် ၉နာရီတွင် ၎င်းဓမ္မာရုံ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ရပ်ဝေး/ရပ်နီးမှ အလှူရှင်များအနေဖြင့် ဖိတ်စာရရှိသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကုသိုလ်ယူနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဖိတ်ကြားရေးဆပ်ကော်မတီ
အမှတ်(၂) တပ်မတော်သားဖွားမီးယပ်နှင့်ကလေးဆေးရုံ (ခုတင်-၃၀၀)

ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီးအမှတ်(၈)၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ ကျိုက်ပွန်ဘုရားလမ်း၊ ဦးပိုင်အမှတ်(၁+၂+၃၀+၃၁)၊ ဧရိယာ(အလျားပေ ၂၀၀× အနံပေ ၁၆၀) ၀ဒသမ ၇၃၅ဧကရှိ စက်မှုလက်မှုလုပ်ကိုင်ရန် သတ်မှတ်ထားသော နှစ် ၃၀ ဂရန်မြေကွက်ကို ကျွန်ုပ်၏အမှုသည်က ဦးဝင်းထိုက်ဦး ၇/ပခန(နိုင်)၁၈၁၄၈၆ထံမှ ငှားရမ်း၍ စက်ရုံဆောက်လုပ်လုပ်ကိုင်ရန်ရှိပါသဖြင့် ယင်းမြေနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံ ယခုကြေညာသည့်ရက်မှ နှစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

(ရှေ့ကျွန်း)ဦးစိန်ဝင်း B.A, R.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၉)
တိုက်(၁)၊ အခန်း ၁၀၂၊ ပထမထပ်၊ သာခုအိမ်ရာ၊ ဇ/တောင်ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

မသက်ဆိုင်ပါကြောင်း

ကျွန်မ ဒေါ်ညိုညိုရှိန် ၁၂/သဃက(နိုင်)၀၄၉၄၂၄ ၏ခင်ပွန်း ဦးခင်စန်း ၁၂/သဃက(နိုင်)၀၄၇၆၃၆သည် ခွင့်မလွှတ်နိုင်သောကိစ္စများ ပြုမူသွားပါသဖြင့် ကျွန်မ ဒေါ်ညိုညိုရှိန်နှင့် မည်သို့မျှမသက်ဆိုင်တော့ပါကြောင်း၊ ၎င်းမှ ကျွန်မအား လာရောက်နှောင့်ယှက်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ညိုညိုရှိန် ၁၂/သဃက(နိုင်)၀၄၉၄၂၄

ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း

ဘုရားဖြူဒီနည်းစာတော်ပြန်ပွဲ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကကြီးမှူးကျင်းပမည့် (၈၃)ကြိမ်မြောက် ဘုရားဖြူဒီနည်းစာတော်ပြန်ပွဲသို့ ဝင်ရောက်ဖြေဆိုတော်မူကြမည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပါဝင်တော်မူကြသော သံဃာတော်များသည် စာချတန်း ပထမကြီးတန်း အငယ်တန်း မူလတန်းဝင်ခွင့်လျှောက်လွှာပုံစံများကို ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်အသင်းရုံးခန်း၌ (၁-၉-၂၀၁၄)ရက် (တော်သလင်းလဆန်း ၈ ရက်) နေ့မှစ၍ နံနက် ၁၀း၀၀နာရီမှ ညနေ ၅း၀၀နာရီ အတွင်း ထုတ်ယူပြီး (၃၀-၁၀-၂၀၁၄)ရက် (တန်ဆောင်မုန်း လဆန်း ၇ရက်) (သောကြာနေ့) နောက်ဆုံးထား၍ ပြန်လည်ပေးပို့ကြပါရန် လျှောက်ထား အပ်ပါသည်။ အရှင်သူမြတ်တို့ဘုရား။

ကျင်းပရေးအမှုဆောင်အဖွဲ့

(ဆက်သွယ်ရန်-အသင်းရုံးခန်း၊ ၀၉-၅၃၀၈၉၃၇၂ အတွင်းရေးမှူး ၀၉-၄၂၅၀၂၃၅၂)

မွေးနေ့ဆုတောင်းမင်္ဂလာ

ဒေါ်ကေသွယ်ဝင်း (နန်းထိုက်သီဂီစိန်ရွှေရတနာဆိုင်)

အမှတ်(၁)ပါရမီ၊ အမှတ်(၂) နဝဒေး(ရန်ကုန်)

ပုသိမ်မြို့နယ်ဒေသတစ်ခွင်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများ/ရဟန်း/သံဃာ/သီလရှင်များ/အခြေခံပညာစာသင်ကျောင်းများ/ပရဟိတဂေဟာများ/လူမှုကူညီရေးအဖွဲ့များသို့ အလေးအမြတ်ပြု၍ ထောက်ပံ့လှူဒါန်းလျက်ရှိသော ဦးထွန်းအေး (ရွှေပုသိမ်/ရွှေယမုံကုမ္ပဏီ)၏ ဘဝကြင်ဖော် ဇနီးဖြစ်သူ ဒေါ်ကေသွယ်ဝင်း(နန်းထိုက်သီဂီစိန်ရွှေရတနာဆိုင်)၏ မွေးနေ့ကျရောက်သော သြဂုတ်လ(၃၀)ရက် မင်္ဂလာအခါသမယမှသည် ဒေါက်တာအဲမွန်သောင်း-သမီးဒေါ်နန္ဒာထွန်း၊ မြေး သွဏ်းစုနန္ဒာ၊ သား ဦးအိုရီယံထွန်းမိသားစုတို့နှင့်အတူ ရာကျော်သက်တိုင် ချမ်းမြေ့ပျော်ရွှင်စွာ ဘဝခရီးလျှောက်လှမ်းနိုင်ပါစေ။

ကျေးဇူးတရားတုံ့ပြန်လျက်
ပုသိမ်လုကြည် စာရေးဆရာ/သတင်းထောက်

တစ်ဦးတည်းဖြစ်ပါကြောင်း

အထက(၅)မင်္ဂလာဒုံမှ တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသော ဦးစိုးဝင်း၏သား မောင်သီဟကျော်စိုးနှင့် မောင်ဇေယျာထွဏ်း ၁၂/မဂဒ(နိုင်)၀၇၃၃၇၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄စ/၁၀၂၃ Toyota ALPHARD ANH-10,MB ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်မင်း ၁၂/လမန(နိုင်) ၀၀၀၃၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)
အင်းစိန်မြို့

တစ်ဦးတည်းဖြစ်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၇)ရပ်ကွက်၊ တောင်ရာမည(၃)လမ်းနေ မမေအောင်ခြူး ၁၄/ပသန(နိုင်)၂၅၇၁၉၅၏ဖခင် ဦးအောင်စန်းဝင်း(ခ)ဦးတင်ထူးအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ လမ်းပျဉ်းမနား၊ အထက(၁၉)၊ပဉ္စမတန်း(C)တွင် ပညာသင်ကြားနေသော မခင်ရတနာမြင့်၏ဖခင်အမည်မှန်မှာ ဦးရဲမြင့် ၉/မထလ(နိုင်) ၀၇၃၆၁၄ ဖြစ်ပါကြောင်း။ **ဦးရဲမြင့်**

ရန်ကုန်စက်မှုတက္ကသိုလ်/ရန်ကုန်နည်းပညာတက္ကသိုလ် နှစ်ပေါင်းစုံ မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့်တွေ့ဆုံပွဲကျင်းပမည်

၁။ မြတ်ဆရာပူဇော်ပွဲကို ၂၈-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှာ ရန်ကုန်နည်းပညာတက္ကသိုလ် စုဝေးခန်းမကြီးတွင် ခမ်းနားစွာကျင်းပပါမည်။ တွေ့ဆုံညစာစားပွဲကို ညနေ ၆ နာရီမှာ ရန်ကုန်မြို့ရှိ INYA LAKE HOTEL ၌ ကျင်းပမည်ဖြစ်ပါသည်။

၂။ မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲအစည်းအဝေးများကို လစဉ်ဒုတိယပတ်(စနေနေ့)တိုင်း မွန်းလွဲ ၁ နာရီမှာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတွင် ပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက်ဆွေးနွေးအကြံပြုကြပါရန် လေးစားစွာဖြင့် ကော်မတီမှဖိတ်ကြားအပ်ပါသည်။

၃။ မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲတွင် အလှူငွေများထည့်ဝင်နိုင်ရန်နှင့် လိပ်စာစာအုပ်အသစ်ခမ်းနားစွာပြုလုပ်မည်ဖြစ်ပါ၍ လိပ်စာအပြောင်းအလဲရှိလျှင် အောက်ဖော်ပြပါကော်မတီဝင်များနှင့် ဆက်သွယ်ကြရန် လေးစားစွာဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဦးကိုကိုကြီး (၇၃)	ဖုန်း-၀၉-၅၀၁၀၃၈၆	ဒေါ်ကြည်ငွေ (၇၈)	ဖုန်း-၀၉-၆၄၆၈၃၅၃	ဦးအောင်ဝင်း (၈၄)	ဖုန်း-၀၉-၂၂၂၈၆၆၈
ဦးကိုကို (၇၃)	ဖုန်း-၀၉-၅၁၀၆၁၀၆	ဦးဝင်းမောင် (၇၉)	ဖုန်း-၀၉-၅၀၀၇၁၅၂	ဦးဇော်ထွန်းသင်း (၉၃)	ဖုန်း-၀၉-၅၁၂၈၅၉၃
ဦးကံညွန့် (၇၄)	ဖုန်း-၀၉-၅၃၄၁၈၀၆	ဦးဝင်းနိုင် (၈၀)	ဖုန်း-၀၉-၅၀၁၄၉၉၂	ဦးမြတ်ခိုင်ဆွေ (၉၅)	ဖုန်း-၀၉-၈၁၆၁၈၇၈၉
ဦးတိုးမောင် (၇၄)	ဖုန်း-၀၉-၇၃၁၉၁၁၀၀	ဦးကျော်ဆန်း (၈၁)	ဖုန်း-၀၉-၅၀၀၃၈၁၆	ဦးမျိုးဇာနည်ဝင်း (၂၀၀၀)	ဖုန်း-၀၉-၂၅၄၁၄၈၃၀၉
ဦးခင်လတ် (၇၅)	ဖုန်း-၀၉-၈၇၀၂၀၂၈	ဒေါ်သန်းသန်းဝင်း (၈၂)	ဖုန်း-၀၉-၅၁၀၅၂၆၉	ဦးရွှေကျော်လှ (၂၀၀၂)	ဖုန်း-၀၉-၅၁၃၄၃၉၇
ဦးမင်းဇံ (၇၆)	ဖုန်း-၀၉-၅၁၃၆၆၀၉	ဦးမြင့်ဇော် (၈၂)	ဖုန်း-၀၉-၅၁၂၆၇၁၄	ဦးနေလွင်ထွဋ် (၂၀၀၃)	ဖုန်း-၀၉-၄၂၀၂၇၉၀၆၃
ဦးအောင်ကျော်ဇံ (၇၇)	ဖုန်း-၀၉-၅၁၃၈၅၁၃	ဒေါ်ချိုချို (၈၃)	ဖုန်း-၀၉-၅၀၇၇၈၂၃		

ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ၆ လမ်း၊ အမှတ် ၅၉၆ဟု ခေါ်တွင်သောမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့်တိုက်အမှတ် ၅၉၆၊ အခန်းအမှတ် မြေညီထပ်+ထပ်ခိုး(မှန်ခန်း)၊ အကျယ်အဝန်း အလျား×အနံပေ(၁၂½×၅၀)ရှိ ကန်ထရိုက်တာ အကျိုးခံစားခွင့်ရရှိသည့် (Hall Type)တိုက်ခန်းနှင့် တိုက်ခန်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် တိုက်ခန်းနှင့်တွယ်ကပ်ဆက်စပ်လျက်ရှိသည့် အကျိုးခံစားခွင့်အားလုံးတို့ကို အဆောက်အအုံဆောက်လုပ်သူ ကန်ထရိုက်တာထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်နန်းခမ်းဝါ ၁၃/လရန(နိုင်)၀၉၈၇၇၂မှ မိမိသာလျှင်လက်ရှိ တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဟု ပြောဆိုဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေထံသို့ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ပိုင်းအဖြစ် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျန်ငွေများကိုပေးချေပြီး အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရီစလင်း (စဉ်-၉၆၈၅) တရားလွှတ်တော်ရှေ့နေ
အမှတ် ၇၅၆၊ သရဖီလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၉၃၁၁၅

တောင်သူဦးကြီးများအတွက်

စပါးရိတ်သိမ်းခြွေလှေ့စက်များကို အထူးဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။

ဆက်သွယ်ရန်ဖုန်း -၀၉-၅၁၉၃၂၁၀၊၀၉-၅၀၃၂၂၆၅၊ ၀၉-၅၁၄၁၇၄၄

ဦးကျော်လွင်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ပဲခူးမြို့၊ ညောင်အင်းကျေးရွာ၊ ပဲခူး-ရန်ကုန်ကားလမ်း၊ ရွှေအိမ်-စားတော်ဆက်နေ ဒေါ်နီနီအောင် ၁၂/မပန(နိုင်)၀၅၀၃၃၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်နီနီအောင်သည် ဦးကျော်လွင်အပေါ် ပဲခူးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၄/၁၂ ဖြင့် လင်မယားကွာရှင်းပြတ်စဲစေလိုမှုစွဲဆိုထားပြီး၊ ရုံးတော်မှစီရင်ချက်နှင့် ဒီကရီချမှတ်ရခြင်း မရှိသေးပါ။ ယနေ့အချိန်ထိ လင်ခန်းမယားခန်းပြတ်စဲခြင်းမရှိသေးပါ။ ထိုအချိန် ဦးကျော်လွင်မှ ၃၀-၄-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာ ကြော်ငြာအခန်း၌ လင်မယားနှစ်ဦးပိုင်ပစ္စည်းစာရင်းဖော်ပြထားရာ တချို့ရွှေ့ပြောင်းနိုင်သော ပစ္စည်းများမရှိပါ။

လင်မယားနှစ်ဦးပိုင်ပစ္စည်းစာရင်း

၁။ ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာ၊ ပဲခူး-ရန်ကုန်လမ်း၊ ရွှေအိမ်စားတော်ဆက်ဆိုင်နှင့် ဆိုင်တည်ရှိရာခြံဝင်း၊ ခြံဝင်းအတွင်းရှိ အဆောက်အအုံများနှင့် လုပ်ငန်းသုံး၊အိမ်သုံးပစ္စည်းများအားလုံး။

၂။ ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ ဂေါ်သဇင်လမ်း၊ အမှတ်(၃၂)ဟုခေါ်တွင်သော နေအိမ်နှင့် နေအိမ်ရှိရာ ခြံမြေအပါအဝင် အိမ်အသုံးအဆောင်ပစ္စည်းများအားလုံး။

၃။ ပဲခူးမြို့နယ်၊ ဘုရားလယ်အင်းကျေးရွာရှိ ဧရိယာ ၂ဒသမ၂၄ဧက အကျယ်အဝန်းရှိ ခြံမြေကွက်တစ်ကွက်။

၄။ လယ်ဝေးမြို့၊ မြို့မ(၁)လမ်းထိပ်ရှိ ဧရိယာ ၀ဒသမ၅၇ဧကရှိ မြေတစ်ကွက်။

၅။ ယာဉ်အမှတ် ၈ဃ/၉၅၇၁(လိုက်ထရပ်ယာဉ်)တစ်စီး။

အထက်ဖော်ပြပါ ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ယနေ့ကြေညာသည့်ရက်မှစ၍ ဒေါ်နီနီအောင်၏သဘောတူခွင့်ပြုချက်မရဘဲ ရွှေ့ပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်းမပြုလုပ်ရန် ဦးကျော်လွင်နှင့်အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးစိုးမြင့်(ခ)ဦးဖိုးသဲ တရားလွှတ်တော်ရှေ့နေ(စဉ်-၅၁၉၇)
အမှတ်(၁၀၈)၊ (၁၄)လမ်း၊ ညောင်ပိုင်းတောင်ပိုင်း၊ ပဲခူးမြို့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၄၉၄/က)၊ မြေကွက်တည်နေရာအမှတ်(၄၉၄/က)၊ သုတ(၁)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးထွန်းရအမည်ပေါက် နှစ်၆၀ ဂရန်မြေအားအမည်ပေါက်ခင်ပွန်း (ဦးထွန်းရ) ကွယ်လွန်သဖြင့် ဒေါ်လှကျင် ၁၂/ဥကတ(နိုင်) ၀၄၄၆၀၇ ကတစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် ၎င်းကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၂၇၇၆/၂၀၁၃)ဖြင့် လွှဲအပ်ခံရသူဦးမြင့်လွင် ၁၃/မဆတ(နိုင်)၀၀၅၆၄၉ က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါမရုပ်သိမ်းသေး ကြောင်းကျမ်းကျိန်လွှာ၂-၁၁၁၉(၂၀၁၄)တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် C -၁၁၊ မြေကွက်အမှတ် ၅၁၄၊ မြေကွက် တည်နေရာ ၅၁၄၊ ဗိုလ်မှူးမျိုးမြင့်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးဘရန်မိုင် ၁၃/မဆတ(နိုင်)၀၀၄၇၄၂မှ နှစ် ၆၀မြေငှား စာချုပ်(ဂရန်) လျှောက်ထားလာရာ ပါမစ်မူရင်းတွင် ပြောင်းရွှေ့သူများ၏ ရာဇဝင်အကျဉ်းချုပ် မတင်ပြနိုင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ် (၁၀၁၁/က)၊ မြေကွက်တည်နေရာအမှတ် (၁၀၁၁)၊ ပညာလမ်း၊(၄)ရပ်ကွက်၊ ဦးတင်ရွှေ(ခ) အဗ္ဗုနုရာဟမ် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်ရွှေ(ခ)အဗ္ဗုနုရာဟမ်(အမ်အမ်အင်န်-၅၂၂၀၃၃၊ က ၂၀၀၁ခုနှစ်တွင်ကူးယူခဲ့သော အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမှာစာချုပ်ချုပ်ဆိုခြင်းမပြုရဘဲ ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အိမ်ဆောက်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ် ၁၈/ခ၊ မြေကွက်တည်နေရာအမှတ် ၁၈/ခ၊ အနော်မာ(၄)လမ်း၊(၁)ရပ်ကွက်၊သာကေတမြို့နယ် (ဦးအပ္ပဒူအလီ) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအပ္ပဒူအလီ(ခင်ပွန်း)ကွယ်လွန်သဖြင့်ဇနီးဖြစ်သူ ဒေါ်အာဇီရာဘီဘီ TKI -၀၂၃၂၇၃မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးဉာဏ်လင်းအောင် ၁၂/ဒဂမ(နိုင်)၀၀၇၃၂၁၊ ယခင်အမှတ်(၃၆၈)၊ ခေါင်မိုးဟိန်းလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်ခဲ့သူနှင့်

အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါက်တာဦးတင်အောင် ၁၂/ကမရ(နိုင်)၀၄၃၉၇၁၊ အမှတ် ၂/D(၁)၊ မဥ္ဇူလမ်းသွယ်(၂)၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်သည်မှာ-

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ပိုင်ဆိုင်သော Nissan AD Van အမျိုးအစား၊ မော်တော်ယာဉ်အမှတ်-5F/7355 မော်တော်ယာဉ်ကို စပေါ်ငွေ ၃၅၀၀၀၀၀/- (ကျပ်သုံးသိန်းငါးသောင်းတိတိ)၊ ငှားရမ်းခတစ်လလျှင်ငွေ ၃၀၀၀၀၀/-(ကျပ်သုံးသိန်းတိတိ)ဖြင့် လူကြီးမင်း ဦးဉာဏ်လင်းအောင် ၁၂/ဒဂမ(နိုင်)၀၀၇၃၂၁သို့ ၈-၇-၂၀၁၄ရက် တွင်နှစ်ဦးသဘောတူ မော်တော်ကားငှားရမ်းခြင်းကတိစာချုပ်ကို ချုပ်ဆိုလျက် ကျွန်ုပ်တို့၏မိတ်ဆွေမှ ယုံကြည်စိတ်ချစွာဖြင့် ငှားရမ်းခဲ့ကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

ထိုသို့ ယုံကြည်စိတ်ချစွာ ငှားရမ်းခဲ့ပြီးနောက် ငှားရမ်းခကို စာချုပ်ပါအတိုင်း လဆန်း (ငါး)ရက်ဖြစ်သော ၅-၈-၂၀၁၄ရက်တွင် ဦးဉာဏ်လင်းအောင်မှ ကျွန်ုပ်တို့၏ မိတ်ဆွေအား ပေးအပ်ရမည်ဖြစ်သော်လည်း လာရောက်ပေးအပ်ခဲ့ခြင်းမရှိကြောင်းနှင့် ငှားရမ်းခလာရောက်ပေးအပ်ခြင်းမရှိ၍ ကျွန်ုပ်တို့၏မိတ်ဆွေမှ လူကြီးမင်းပေးခဲ့သော လက်ကိုင်ဖုန်းသို့ အကြိမ်ကြိမ်ဆက်သွယ်သော်လည်း တယ်လီဖုန်းမှာလက်ခံပြောကြားမည့်သူမရှိဘဲ ဆက်သွယ်၍မရခဲ့ကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

လူကြီးမင်းပေးထားသော တယ်လီဖုန်းနံပါတ်အား အကြိမ်ကြိမ်ဆက်သွယ်ခေါ်ယူ၍ မရသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ လူကြီးမင်းပေးခဲ့သော အထက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်သွားရောက် စုံစမ်းခဲ့ကြောင်းနှင့် ထိုသို့စုံစမ်းသည့်အခါကျမှ လူကြီးမင်းသည် အဆိုပါလိပ်စာတွင် ယခင်ကသာနေထိုင်ခဲ့ပြီး ယခုလက်ရှိ၌ နေထိုင်ခြင်းလုံးဝမရှိသည်ကို စုံစမ်းသိရှိခဲ့ရကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

လူကြီးမင်း၏လုပ်ကိုင်ဆောင်ရွက်မှုများအပေါ် ကျွန်ုပ်တို့၏မိတ်ဆွေအနေဖြင့် သံသယဖြစ်ဖွယ်အခြေအနေကြောင်းအရာများကို ကိုယ်တိုင်တွေ့ကြုံလာရသဖြင့် လူကြီးမင်းအား ယုံကြည်စိတ်ချစွာဖြင့် ငှားရမ်းခဲ့သော ကျွန်ုပ်တို့၏မိတ်ဆွေပိုင် Nissan AD Van 5F/7355 မော်တော်ယာဉ်ကို ဤကြော်ငြာပါသည့်ရက်မှစ၍ တစ်လတိတိအတွင်း ကျွန်ုပ်မိတ်ဆွေထံ မော်တော်ယာဉ်အားငှားရမ်းစဉ်ကအတိုင်း လူကြီးမင်းကိုယ်တိုင် လက်ရောက်ပြန်လည်အပ်နှံပေးပါရန် တောင်းဆိုအပ်ပါသည်။ တောင်းဆိုချက်အား လိုက်နာခြင်းမရှိပါက လူကြီးမင်းသည် ကျွန်ုပ်တို့မိတ်ဆွေ၏ ယုံကြည်မှုကို အလွဲသုံးစားပြုကာ ဖောက်ဖျက်သည်ဟု ကျွန်ုပ်တို့၏မိတ်ဆွေမှ မှတ်ယူပြီးတည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ရန်ကိုပါ ကျွန်ုပ်တို့အား လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမေအောင်(စဉ်-၇၇၄၉) တရားလွှတ်တော်ရှေ့နေ
ဒေါ်ကြည်သာဆွေ(စဉ်-၃၄၄၁၇) **ဒေါ်ဝတ်ရည်သန့်(စဉ်-၂၉၉၉၀)**
အထက်တန်းရှေ့နေများ
အခန်းအမှတ် ၁၀၄(E)၊ ပထမထပ်၊ တိုက် ၁၀/၁၂၊
(၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် (၇၂၉)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက် (၄၆)၊ မြေကွက်အမှတ် ၁၄၇၃၊ မြေအလျား×အနံ (၄၃×၆၀)ပေ၊ ဧရိယာ ၂၅၈၀ စတုရန်းပေရှိ နှစ် ၆၀မြေငှားဂရန် မြေအမျိုးအစားကို မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမောင်မောင်လှိုင် ၁၂/တမန(နိုင်)၀၄၂၃၃၇ ဟု အမည်မှတ်သားတည်ရှိပါသည်။

ယင်းမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ် သက်၍ အကျိုးသက်ဆိုင်မှုရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်သီရိဝင်း (စဉ်-၁၀၁၁၀)	**ဦးအုန်းသန်း (စဉ်-၈၂၃၉)**
LL.B, D.B.L, D.I.L	**B.A (Geog), H.G.P, R.L,D.B.L**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**

အမှတ် (၃၁၀/ခ)၊ ဗလ္လိက (၁၂)လမ်း၊ ၁၀ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၇၃၀၈၅၄၉၈၊ ၀၉-၇၃၀၀၀၂၃၈၊ ၀၉-၄၅၀၀၁၉၇၄၅

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ မြေကွက်အမှတ် (၁၆၃)၊ မြေကွက်တည်နေရာ ၁၆၃၊ (၆)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်သန်းစိန်၊ ဦးမြင့်ရွှေ၊ ဦးသိန်းဟန် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ပထမဒေါ်သန်းစိန် (ပထမခင်ပွန်း)၊ ဦးခင်ညို၊ (ဒုတိယခင်ပွန်း)၊ ဦးသောင်းတို့အသီးသီး ကွယ်လွန်သဖြင့် ဦးခင်မြင့် ၁၂/ဥကတ(နိုင်)၀၈၃၈၇၁၊ ဒေါ်ခင်အေးနွယ် ၁၂/ဥကတ(နိုင်)၀၈၃၆၁၉ တို့ကလည်းကောင်း၊ အမည်ပေါက် ဦးမြင့်ရွှေ(ဇနီး)၊ ဒေါ်ခင်မြတို့ကွယ်လွန်သဖြင့် ဦးမြဝင်း ၁၄/ပသန(နိုင်)၀၀၆၆၈၀၊ ဒေါ်တူးမာ ၁၄/မမန(နိုင်)၂၈၁၄၅၇၊ ဦးမြဇင် ၁၂/ဥကတ(နိုင်)၀၈၆၈၇၆၊ ဒေါ်ခင်ဆွေသက် ၁၂/ဥကတ(နိုင်)၀၈၁၅၅၁၊ ဦးမြင့်ထွေး ၁၂/ဥကတ(နိုင်)၁၄၄၇၅၉တို့ကလည်းကောင်း၊ သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဦးသိန်းဟန် AB-၀၇၃၃၆၁နှင့်ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၁၈၁/ခ၊ မြေကွက်တည်နေရာအမှတ် ၁၈၁/ခ၊ မင်းရဲကျော်စွာ ၅ လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးမြင့်သိန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်း (ဦးမြင့်သိန်း) ကွယ်လွန်သဖြင့် ဒေါ်သန်းကြည် ၁၂/ဥကတ(နိုင်)၀၁၈၂၄၈က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ မြေကွက်အမှတ် (၈၉၄/က)၊ မြေကွက် တည်နေရာအမှတ် (၈၉၄/က)၊ ရတနာပုံ(၅)လမ်း၊၉/ရပ်ကွက်၊ သာကေတမြို့နယ်၊ (၁။ ဒေါ်အေးလှိုင်၊ ၂။ ဦးကျော်တင့်) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးကျော်တင့် (ခင်ပွန်း)၊ ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်ဇနီးဖြစ်သူဒေါ်အေးလှိုင်၁၂/သကတ(နိုင်)၀၂၃၂၂၅ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၈၈၅၁/၂၀၁၄) ရသူ ဒေါ်မြင့်မြင့်မူ ၁၂/သကတ(နိုင်)၀၁၄၂၉၄မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စီးပွားရေးနှင့် လူမှုရေးကြော်ငြာ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၃၇၉၉၁ Zongshen 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းဇော ၁၄/ကပန(နိုင်)၀၇၃၂၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ဟသ်ာတ)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၃၅

ဒေါ်နန်းမြ **နှင့်** ဦးဝေလျံ(ခ)ဝီလျံလမ့်နီး
တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အင်္ဂပူလမ်း၊ အမှတ် ၁၀နေ ဦးဝေလျံ(ခ)ဝီလျံလမ့်နီး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နန်းမြက ကတိအတိုင်းတရားဝင် အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှိနေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် စက်တင်ဘာ ၁၉ရက် (၁၃၇၆ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၁၄ ခုနှစ် ဩဂုတ် ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နှင်းသီတာ)
ခရိုင်တရားသူကြီး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၃၆

ဦးစိုင်းညာ **နှင့်** ဦးဝေလျံ(ခ)ဝီလျံလမ့်နီး
တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အင်္ဂပူလမ်း၊ အမှတ် ၁၀နေ ဦးဝေလျံ(ခ)ဝီလျံလမ့်နီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နန်းမြက ကတိအတိုင်း တရားဝင်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှိနေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် စက်တင်ဘာ ၁၉ရက်(၁၃၇၆ခုနှစ် တော်သလင်းလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဩဂုတ် ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နှင်းသီတာ)
ခရိုင်တရားသူကြီး

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ ၃၇၃)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၉၁

ကွယ်လွန်သူ ဦးမြင့်ဆွေ၏မြန်မာ့စီးပွားရေးဘဏ်(၁)၊ မန္တလေးမြို့၌ စုဆောင်း ငွေများအပေါ်တွင် အမွေဆက်ခံခွင့်ရလိုကြောင်း လျှောက်ထားမှု။
ဒေါ်တင်တင် လျှောက်ထားသူ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၂ လမ်း၊ ၃၁×၃၂ လမ်းကြား၊ အမှတ် ၄၀၁နေ ဒေါ်တင်တင်က ကွယ်လွန်သူ ဦးမြင့်ဆွေ၏ဇနီးဖြစ်သည်ဟူ၍ ဖော်ပြပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးမြင့်ဆွေမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်အနက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာကိုရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးမြင့်ဆွေမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၄ခုနှစ် စက်တင်ဘာ ၁၉ရက် (၁၃၇၆ ခုနှစ် တော်သလင်း လပြည့်ကျော် ၁၁ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်တင်တင်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဩဂုတ် ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မြင့်မြင့်)
တွဲဖက်ခရိုင်တရားသူကြီး(၄)
မန္တလေးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၄၈၊ မြေကွက်အမှတ်၆၈၂၊ မြေကွက်တည်နေရာအမှတ် ၆၈၂၊ (၁၄၈)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ဒေါ်သန်းသန်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်သန်းသန်း ၉/ကပတ(နိုင်)၀၃၀၇၅၄ကိုယ်တိုင်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်(၇၄၈) မြေကွက်တည်နေရာအမှတ်(၇၄၈)၊ စစ်ကိုင်း၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးကံမြင့်၊ ဦးဖိုးခွေး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ခင်ပွန်း (ဦးဖိုးခွေး)ကွယ်လွန်သဖြင့် ၎င်းအစုကို ဒေါ်တင်ညွန့်(CA-၀၄၈၀၅၂) ကတစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့တင်ပြ၍ ၎င်း၏ကိုယ်စားကိုယ်စားလှယ်လွှဲစာအမှတ် (၁၇၃၃၇/၂၀၁၄)ဖြင့် G.P ရသူ ဦးလှတိုး ၁၂/ဥကတ(နိုင်)၀၇၉၆၇၈က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ(၃၀၁၆/၂၀၁၄)ကို တင်ပြ၍လည်းကောင်း၊ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးကံမြင့်၏ကိုယ်စားကိုယ်စားလှယ်လွှဲစာအမှတ်(၁၈၇၄၄/၂၀၁၄) ဖြင့် G.P ရသူ ဒေါ်လှလှ ၁၂/ဥကတ(နိုင်) ၀၈၆၁၃၃ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ၎င်းပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ(၃၀၁၅/၂၀၁၄) တင်ပြ၍လည်းကောင်း ပူးတွဲပြီးအမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အနောက်၊ မြေကွက်အမှတ် ၄၄၄/ခ၊ မြေကွက်တည်နေရာအမှတ် ၄၄၄/ခ၊ ရွှေပြည်သာလမ်း၊ ၆ အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ [ဦးမွတ်တရား(ခ)ဦးခင်မောင်] အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမွတ်တရား(ခ)ဦးခင်မောင် (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ခင်တင့်(ခ)ဗာသမား (ISN-087345)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၂၀/၂၀၁၄)ရသူ ဦးဇော်နိုင် (S/OKA-133095)မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဂရန်မူရင်းအားပယ်ဖျက်ပြီးကြောင်း အသိပေးကြေညာခြင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၆၅၇/ခ)၊ မြေကွက်တည်နေရာအမှတ် (၆၅၇/ခ)၊ ၂၂ လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်စိန်တင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်ကို ဒေါ်စိန်တင် ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်ပါ၍ မူလထုတ်ပေးထားသည့် ဒေါ်စိန်တင် အမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ် ဂရန်မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၃၄ $\frac{၁}{၂}$)၊ မြေကွက်တည်နေရာအမှတ်(၃၄ $\frac{၁}{၂}$)၊ အာသာဝတီလမ်း၊ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဖခင် ဦးစိန္တ၊ မိခင် ဒေါ်မြရီ(ခ)ဒေါ်ပါရမီ ကွယ်လွန်သဖြင့် ဦးစိန်ထွန်း ၁၂/ဥကမ(နိုင်)၀၄၇၂၈၅ က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးကျေးဇူးတင်ရှိခြင်း

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်စိန်(သခွပ်ပင်)

အသက် (၉၄)နှစ်

၂၃-၈-၂၀၁၄ ရက်တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားခဲ့သော မိခင်ကြီး ဒေါ်ခင်စိန်၊ နာမကျန်းဖြစ်စဉ်နှင့် ကွယ်လွန်သွားပြီးချိန်တွင် နာရေးကိစ္စအဝဝအား ငွေအား၊ လူအားဖြင့်သော်လည်းကောင်း၊ သတင်းစာ၊ E-mail Telephone များဖြင့် ဝမ်းနည်းကြောင်း အားပေးနှစ်သိမ့်ကူညီခဲ့ကြသော T.Z.T.M Group of Company မှ မန်နေဂျင်းဒါရိုက်တာ ဦးသက်လင်း-ဇနီး ဒေါ်သီသီတင် မိသားစုအားလည်းကောင်း၊ T.Z.T.M Group of Company ရန်ကုန်နှင့် နေပြည်တော်မှ မန်နေဂျာများနှင့် ဝန်ထမ်းမိသားစုများအားလည်းကောင်း၊ မင်္ဂလာသီရိဟိုတယ်(နေပြည်တော်)မှ မန်နေဂျာများနှင့် ဝန်ထမ်းမိသားစုများအားလည်းကောင်း၊ နေပြည်တော် ဟိုတယ်လုပ်ငန်းရှင်များအသင်းကြီးအားလည်းကောင်း၊ နိုင်ငံရပ်ခြားမှ ဆွေမျိုးများနှင့် မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ လိုလေသေးမရှိ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသော အရင်းနှီးဆုံးမိတ်ဆွေသူငယ်ချင်းများ၊ ဆွေမျိုးများအားလည်းကောင်း ရပ်ကွက်နေ မိဘပြည်သူများ၊ လိုက်ပါပို့ဆောင်ပေးကြပါသော မိဘဆွေမျိုးညီအစ်ကိုမောင်နှမများနှင့် မိတ်ဆွေများအားလည်းကောင်း၊ သင်္ကန်းပရိက္ခရာများပေးပို့ကြပါသော မိတ်ဆွေများ၊ လွမ်းသူ့ပန်းခြင်းပေးပို့ပေးပါသော အသင်းအဖွဲ့ကုမ္ပဏီများအားလည်းကောင်း ကျေးဇူးအထူးပင်တင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ် (၆၂၇/က)၊ မြေကွက်တည်နေရာအမှတ် (၆၂၇/က)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးတင်မောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးတင်မောင် ကွယ်လွန်သဖြင့် ဒေါ်မြနွယ် ၁၂/ဥကတ(နိုင်)၁၃၁၉၄၂ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၃၂၀၊ မြေကွက်တည်နေရာအမှတ်-၃၂၀၊ မင်းခေါင်(၁)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်အမာ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား တောင်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် (၃၄/၁၄)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်(၄၀/၁၄)၏ အမိန့်နှင့် ၂၃-၇-၂၀၁၄ ရက်စွဲပါ ဘီလစ်ခန့်စာတို့ကို တင်ပြပြီး အမည်ပေါက် ဒေါ်အမာ(ကွယ်လွန်)၏ သားသမီးများဖြစ်ကြသော တရားပြိုင်နှင့် တရားရုံးတို့ကိုယ်စား ဘီလစ်ဒေါ်နန့်ဆန်းသိန်း ၁၂/မရက(နိုင်)၀၄၇၆၁၆ မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ် (၄၄၁/က)၊ မြေကွက်တည်နေရာအမှတ်(၄၄၁/က)၊ ၁၄လမ်း၊ (၁၀)ရပ်ကွက်၊ ဒေါ်မြသိန်း၊ ဒေါ်တင်တင်အုန်း အမည်ပေါက် နှစ် ၆၀ဂရန်မြေကွက်ကို အမည်ပေါက် ဒေါ်မြသိန်းနှင့် ဒေါ်တင်တင်အုန်းတို့အား တရားပြိုင်ထား၍(တရားလို) ဒေါ်နုနုအေးမှ စွဲဆိုသော တောင်ဥက္ကလာမြို့နယ် တရားမရုံး၊ တရားမကြီးမှုအမှတ် (၆၈/၁၄)၏ စီရင်ချက်၊ ဇာရီမှုအမှတ် (၄၅/၁၄)၏ အမိန့်နှင့် တောင်ဥက္ကလာပမြို့နယ် တရားရုံး၏ ၂၃-၇-၂၀၁၄ ရက်စွဲပါ ဘီလစ်ခန့်စာတို့ကို တင်ပြပြီး တရားရုံးဘီလစ် နန့်ဆန်းသိန်း ၁၂/မရက(နိုင်) ၀၄၇၆၁၆ က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တစ်လပြည့်လွမ်းဆွတ်ခြင်း

ဦးသိန်းဟန် (အင်္ဂလိပ်စာဆရာ)

အသက် (၇၅)နှစ်

၃၀-၈-၂၀၁၄ရက်တွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားသော အဖေ့ကို ရည်စူး၍ နေ့စဉ်ပြုသမျှ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ကောင်းမှုများကို အမျှပေးဝေပါတယ်။

ရောက်ရာဘုံဘဝမှ အဖေသာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်သားနှင့် ချစ်သမီး-ဦးထွန်းထွန်းဦး-ဒေါ်နှင်းနှင်းအေး
ဂျူပီတာ (အိမ်၊ ခြံ၊ မြေ)
ချစ်မြေး-မောင်ဟိန်းဇာဏီ၊ မောင်ထွန်းဇော်ဟိန်း၊ မောင်အောင်မျိုးမင်းဦး

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာ

ဦးချန်ဒရာဒေးပရာကပ်ရှ်(ခ)C.D. Prakash (ခ)ဦးမောင်မောင်

ဥက္ကဋ္ဌ (ရွှေစူပါလိုက်ကုမ္ပဏီ)

အသက် (၆၆)နှစ်

ရန်ကုန်မြို့နေ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ ကိုမောင်မောင်ဦး၊ ဒေါက်တာထွန်းထွန်းဝင်း၊ ကိုဇော်ဝင်းနှင့် ကိုညဏ်ဝင်းတို့၏ဖခင် ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးချန်ဒရာဒေးပရာကပ်ရှ်(ခ)C.D. Prakash(ခ)ဦးမောင်မောင်သည် ၁၇-၈-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၅၂နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

စက်ရုံမှူးနှင့် ဝန်ထမ်းမိသားစု
အမှတ် (၆)၊ ရေတာရှည်၊ သကြားစက်ရုံ

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်မင်း (သရက်ချောင်းမြို့)
အသက်(၇၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့၊ ရှင်တောင်ပုံဘုရားဂေါပက အဖွဲ့နာယက၊ စစ်ကဲကြီး ဦးရွှေဥန်း၏မြစ်၊ ဦးရွှေဂျိုး၏မြေး၊ ဦးလူရင်-ဒေါ်စိုးလှိုင်တို့၏သား၊ မအေးအေးစိုး၊ ကိုညီညီဂျော်၊ မအုန်းအုန်းစိုးတို့၏ကျေးဇူးရှင်မွေးဖခင်ကြီး ကွယ်လွန်ကြောင်းသိရပါသဖြင့် ရှင်တောင်ပုံဘုရား၊ ဝေယျာဝစ္စအတူ ဆောင်ရွက်ခဲ့ကြသည့် နေ့ရက်များကို အမှတ်ရလျက် နှမြောတသ ဝမ်းနည်းရပါသည်။

ဒေါက်တာ ဦးဖေညာဏ်
(နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ်)

ဦးအောင်ဝင်း B.E (Mechanical) 1977-78
ကျောင်းအုပ်ကြီး (ချောက် GTI ၊ မြစ်ကြီးနား THS ၊ အောင်ဆန်း THS ၊ အထက-၂၊ THS ၊ မအူပင် GTI ၊ အင်းစိန် GTI ၊ သန်လျင်နည်းပညာတက္ကသိုလ်)
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဆင်မလိုက် စည်ပင်အရာရှိအိမ်ရာဝင်း၊ တိုက်အမှတ်(ဂ)၊ အခန်း(၁)နေ (ဦးအေးမောင်-ဒေါ်လှတင်)တို့၏စတုတ္ထသား၊ (ဦးဉာဏ်-ဒေါ်ကြည်)တို့၏သားသမက်၊ ဒေါ်သန်းသန်းဌေး(ဌာနခွဲမှူး၊ ယာ/အုံ၊ YCDC)၏ခင်ပွန်း၊ မောင်မင်းမင်းအောင်-မကေခိုင်၊ မအိအိအောင်၊ မောင်အောင်မိုးမြင့်သန်း-မနန္ဒာအောင်၊ မောင်ဟိန်းထွဋ်ဇော်တို့၏ဖခင်၊ မောင်ဘုန်းမြတ်မိုးမြင့်၏အဘိုးသည်၂၈-၈-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက် ၈း၁၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၄ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်လေးစု(ပဲခူး) အသက်(၆၁)နှစ်

ပဲခူးမြို့၊ အုန်းပင်တန်း၊ အမှတ် ၁၁၄၊ သနပ်ပင်လမ်းနေ (ဦးကိုကိုကြီး)-ဒေါ်ခင်ညွန့်တို့၏ဒုတိယသမီး၊ (ဦးမောင်မောင်-ဒေါ်တုတ်)တို့၏ချွေးမ၊ လမ်းမတော်မြို့နယ်၊ တိုက် ၃၇၊ အခန်း ၁၈၊ ဗဟိုစည်အိမ်ရာနေ ဦးထွန်းအောင်ကျော်(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ကညန)၏ဇနီး၊ ကိုဇော်မင်းဦး(Golden Myanmar Air Line)-မသီရိ၊ ကိုသီဟ-မခင်ပြည့်ဝင်းတို့၏မိခင်၊ ကိုဇော်ဝင်း-ဒေါ်မြင့်မြင့်ဌေး(အထက-၆၊ ငြိမ်း)တို့၏ညီမ၊ ဦးမောင်မောင်-ဒေါ်ခင်ထွေးမူ(အထက-၆၊ ပဲခူး)၊ ဦးကိုကိုနိုင်-ဒေါ်မာမာမြင့်(အမရာစတိုးနှင့် အမရာဂိုးလ်ဟိုတယ်)၊ ဦးကိုကိုပိုင်-ဒေါ်ခက်ခက်ခိုင်(ဇော်ညီနောင် အိမ်ဆောက်ပစ္စည်းဆိုင်)၊ ဦးကျော်လင်း-ဒေါ်မိမိကြီး (နန်းထိုက်တော်ဝင် ပိုးထည်၊ ချည်ထည်)၊ ဒေါ်မိမိငယ် (မန်နေဂျာ၊ ရွှေအက်ဖ်အမ်)၊ ဦးကျော်ကျော်-ဒေါ်မေသင်္ကြန်(သင်္ဂီကျော်ပိုးထည်)တို့၏အစ်မ၊ (ဦးဘမြင့်-ဒေါ်ချိုချို)၊ (ဦးသန်းမောင်)-ဒေါ်ခင်မြင့်ဦးတို့၏ညီမ၊ (ဦးကျော်ဇောဝင်း)၊ ဦးတင့်လွင်-ဒေါ်ဌေးဌေးတို့၏အစ်မ၊ မခင်ကြည်ပြာဇော်(ရိုးမဘဏ်၊ အလုံဘဏ်ခွဲ)၊ ကိုဇေယျာအောင်၊ မပုံ့ပုံ့၊ ကိုအောင်ပြည့်-ဒေါ်သန္တာချို၊ ကိုသာပြည့်၊ မသီရိဝေ(ဗိုလ်ကြက်ဖ)၊ ကိုဟိန်းထက်အောင်၊ မစန္ဒီကျော်(2nd MB MDY)၊ မောင်သုထက်ကျော်တို့၏အန်တီကြီးကြီး၊ မောင်ကောင်းခန့်ကျော်၊ မဖြူသန့်စင်၊ မောင်သားသုတ၊ မမေဇော်တို့၏ဘွားဘွားကြီးသည် ၂၉-၈-၂၀၁၄ရက် (သောကြာနေ့) နံနက် ၇း၂၃နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါက်တာမျိုးသော်လွင် (ရဘိုး/ပုသိမ်)
လက်ထောက်ဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး
အသက်(၄၆)နှစ်

